www.burmeseclassic.com

BURMESE CLASSIC

အောင်နိုမိတ်

# ငွေဖြစ်သွားတဲ့လူရှိ

အသစ်စက်စက်လုံးချင်း

www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ဖြစ်သွားသည့်လူနီ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၆၈၇၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၂၈၀၅၀၈
ထုတ်ဝေသူ
ဦးကျော်ဆန်း(ရဲအောင်စာပေ)
အမှတ်(၂)၊ချွန်း-၁လမ်း
မင်္ဂလာတောင်ညွန့်၊ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဦးကျင်ရင်(၀၅၄၁၇)
ရွှေခြေသည့်ပုံနှိပ်တိုက်
၂၂၅၊အခန်း(၂)၊၃၁လမ်း
၁၁ရပ်ကွက်၊ပန်းဘဲတန်း၊ရန်ကုန်။
ပထမအကြိမ်
၂၀၀၈ခုနှစ်၊ဇူလိုင်လ၊
အုပ်ရေ ၅၀၀
တန်ဖိုး ၅၀၀ကျပ်။



## အခန်း ( ၁ )

ကျွန်တော့်အတွက် ဒီခရီးသည် ပထမဦးဆုံး ဝေးလံခေါင်သီလွန်းလှသော နေရာတစ်ခုသို့ အဦးဆုံးရောက်ဖူးဖြစ်ခဲ့သောခရီးတစ်ခုဟုဆိုချင်သည်။ အဘယ်ကြောင့်ဆိုသော် ယခုကျွန်တော်ရောက်ရှိနေသောနေရာသည် မြန်မာ၊ တရုတ်၊ အိန္ဒိယနိုင်ငံသုံးခု၏ နယ်စပ်တစ်နေရာ

www.burmeseclassic.com



ဖြစ်နေခြင်းကြောင့်ပါပေတည်း။ ဤဒေသမှာ မြန်မာနိုင်ငံတွင် အမြင့်ဆုံး ဖြစ်သည့် ခါကာဘိုရာဇီ တောင်ကြောနှင့် ဆက်စပ်နေသလို အိန္ဒိယဟိမဝန္တာ တောင်တန်းများနှင့်လည်း ဆက်စပ်နေပြန်သည်။ ထို့ပြင်လည်း တိဘက်ကုန်းပြေမြင့်မှ အဇီရာတောင်တန်းကြီးများဖြင့်လည်း အနီးဆုံးနေရာတစ်ခု ဖြစ်နေလေ၏။

ရာသီဥတုကြမ်းတမ်းသည်။ အပူအအေးအပြောင်းလဲမြန်လွန်း၏။ အေးလျှင် ရေခဲအောင်အေး၍ ပူလျှင်လည်း ကျောက်တောင်ကြီးများမှ မျက်ရည်များဖြိုင်ဖြိုင်ကျကာ သွေးပွက်ပွက်အန်အောင် ပူလွန်းလှသည်။ ထိုအခါ ကျောက်တောင်ကြီးများမှကျသော မျက်ရည်များသည် ဒီဒေသရှိလူတို့အတွက် ကျောက်စက်ရေများ ဖြစ်သွားသကဲ့သို့ ကျောက်တောင်ကြီးများမှ အန်ကျလာသော သွေးတို့သည် သူတို့အတွက် လွန်စွာမှလိုလားကြသော





ကျောက်သွေးများပါပေတည်း။

ကျွန်တော်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင်ပင် ရေခဲများ ဖုံးလွှမ်းနေသော ကျောက်တောင်ဖြူဖြူကြီးများသည် ရေခဲများပျော်ကျလာကာ အနီးအငွေ့များ တလျှပ်လျှပ်ထလာကြပေပြီ။ အပြင်ဘက်တွင်ရပ်ကာ ကျောက်တောင်ကြီးများဆီသို့ ငေးကြည့်ရင်း ကျွန်တော်ဦးထော်ရာကို လှမ်းပြောဖြစ်သည်။

"နောက်တစ်ရက်၊ နှစ်ရက်ဆို ကျွန်တော်တို့ တောင်တွေဘက်သွားလို့ ရမယ်ထင်တယ်နော်"

ဦးထော်ရာက မီးဖိုအတွင်းသို့ ဖဲထီးသံလုံးတစ်ချောင်းကို ညှပ်ဖြင့်ဆွဲယူရင်းမှ ကျွန်တော့်ကို ခပ်ပြုံးပြုံးလှည့်ကြည့်သည်။

"ဟင်း ဟင်း မထင်နဲ့ဦးကွ နောက်တစ်ရက်နှစ်ရက်ဆို အဲဒီတောင်ကြီးတွေကို မင်းပြန်ကြည့်ကြည့်ပါဦး"

ပြောပြီး ဦးထော်ရာက ရဲရဲတောက်နေပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဖဲထီးသံလုံးကို ပေပေါ်တွင် တင်ကာ တဒုံးဒုံးထုနေသည်။ လေးမြှားထိပ်တွင်တပ်ရန် အတက်အဆူး ဖော်ပြနေခြင်း ပါပေ။ ကျွန်တော် သူ့ကို တစ်ချက်ကြည့်ရင်း ပြန်မေးရ၏။

''ဘာဖြစ်လို့လဲ ဦးလေး .. ကြည့်ရတာ နောက်တစ်ရက်နှစ်ရက်ဆို ရာသီဥတု သာယာလာတော့ မယ့်ပုံ မဟုတ်လား''

''ဟင်း ဟင်း .. မင်းက ဒီဒေသကို အခုမှစရောက် ဖူးတဲ့လူဆိုတော့ တို့ဒေသရဲ့ရာသီဥတု အပြောင်းအလဲ မြန်တာကို ဘယ်မြင်ဖူးပါ့မလဲကွ။ နောက်တစ်ရက်ဆိုပဲ ကြည့်ပါဦး''

ဦးထော်ရာက သူ့မြှားစူးကို ဆက်ထုနေသည်။ ဘေးတွင်လည်း အဟက်အထစ်ဖော်ပြီးသား မြှားစူး နှစ်ဆယ်ခန့်လည်းရှိနေလေ၏။ ကျွန်တော်နေရာမှရွှေ့ကာ ဦးထော်ရာဘေးသို့ သွားထိုင်လိုက်သည်။

''ပြီးပြီကွ .. ဒါနောက်ဆုံးတစ်ချောင်းပဲ။ မနက်ဖြန်





ဒါတွေကို ဆေးပြန်တင်ရဦးမယ်''

တကယ်တော့ ဒီဒေသလေး၌ ဦးထော်ရာမှာ မုဆိုးအလုပ်တွင်သာမက သံဆေး၊ သံထုသော ပန်းပဲအလုပ်တွင်ပါ နံမည်ရသော လူတစ်ယောက်ပါပေ။ ဓါးဆေး၊ လှံဆေး၊ မြှားတံဆေးရာ၌ ဒီရွာကလေးတွင် ဦးထော်ရာအား မှီသူမရှိ ဟုဆိုကြ၏။ သံအမျိုးအစားတူ အရွယ်တူ ဓါးနှစ်လက်ပင်။ တစ်လက်ကို ဦးထော်ရာအား ဆေးခိုင်းပြီး ကျန်တစ်လက် နှင့်ပြိုင်ခုတ်ကြည့်လျှင် ဦးထော်ရာ ဆေးတင်ပေးလိုက်သောဓါးမှာ ကျန်ဓါးကို တစ်ချက်တည်းနဲ့ထက်ပိုင်းပြတ်အောင် ခုတ်နိုင်သည်ဟု ပြောကြသည်။ ထို့ပြင်လည်း ဦးထော်ရာဆေးသားတင် ပေးလိုက်သော မြှားတံများသည် ကျောက်သားကိုပင် ခွဲဝင်သည်။ ဆေးကောင်းသည်။ သုံ့မာသည်ဟု နာမည်ကြီးလှသည်။ သို့အတွက်လည်း ဦးထော်ရာမှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နှင့်လက်မပျက်။ တစ်ရွာလုံးရှိ လူများမှာ ဦးထော်ရာထံ လာရောက်၍ ဓါး၊ လှံ၊ မြားတံများကို လာလာပြီး ဆေးသားတင်ခိုင်း တတ်ကြသည်။ အမှန်အား ဖြင့်လည်း သူတို့ဒေသရှိ လူများအဖို့ ဆေးမြစ် ရှာထွက် ထွက်၊ အမဲပစ်ပဲသွားသွား၊ ကျောက်သွားပဲရှာရှာ ဓါးလှံမြားတံများမှာ မပါမဖြစ်သော လက်နက်များပါပေ

ရာသီဥတု အစိုးမရသော၊ လူသူအရောက် အပေါက်နည်းသော ဒီဒေသရှိ ကျောက်တောင်ကြီးများ ကျောက်လွင်ပြင်နှင့် သစ်ရိုင်းတောများ၊ ရှုံ့ညွံ့အိုင်များ ရေပူရေအေးချောင်းများ၌ အပူပိုင်း၊ အအေးပိုင်းနေ တောရိုင်း တိရစ္ဆာန်များမှာ ရာသီအလှည့်အပြောင်းနှင့် အတူ လှည့်လည်ကျက်စားသွားလာနေကြလေသည်။ ကတိုး တာကင်ခေါ် သားမင်း၊ တောင်ဆိတ်၊ ရှူးပျံများကဲ့သို့ ရှားပါးတိရစ္ဆာန်များသာမက ကမ္ဘာပေါ်တွင် ပျောက်ကွယ်လု





နီးပါးမျှ တာစုနေသည့် ကြံ့ဆင်ကြီးများနှင့် တောရိုင်း တိရစ္ဆာန်ကြီးများမှာ ဒီဒေသတွင် ကျက်စားသွားလာ နေကြ၏။ ထိုအထဲ၌ တစ်ခါတစ်ရံ ဟိမဝန္တာတောင်တန်းများ ဘက်ဆီမှ နယ်ကျွံလာတတ်သော ခြသေ့ဖြူခေါ် ရေခဲခြသေ့ကြီးများကိုပင် တွေ့ရမြင်ရတတ်သည်။ သို့အတွက် နေ့ညမဟူ တောနက်တောင်နက်များထဲ၌ သွားလာနေရသူများအဖို့ သားရိုင်းတိရစ္ဆာန်ကြီးများ၏ အန္တရာယ်မှ ကာကွယ်နိုင်ရန် ဓါး၊ လှံ၊ လေးမြားလက်နက် များကို မပါမဖြစ် ဆောင်သွားကြရ၏။ ထိုအခါ အဓိကမှာ မိမိတို့၌ပါသော မြားတံလက်နက်များ ဆေးသားမာရန် ညီမျှအရေးကြီးကြောင်း လူတိုင်းမဟူ သိရှိနေကြသည်။ တောနက်၊ တောင်နက်များထဲသို့ သွားလာနေကြရသူများ အဖို့ မြားတံ၊ မြားစူးများ သည် သူတို့၏အဓိကလက်နက် 'အသက်' ပင်မဟုတ်ပါလော။ ဦးထော်ရာက အချွန်အထိပ် ဖော်ပြီးသော မြားတံများကို တစ်ချောင်းချင်း ကြည့်ကာ

www.burmeseclassic.com



သိမ်းယူနေရင်းမှ

"ဘယ်လိုလဲကွ မင်းအတော် တောထဲကို ခရီးထွက်ချင်နေပြီလား" ဟု မေးလာသည်။ ကျွန်တော် သူ့ကို ငေးကြည့်နေရင်းမှ

"ထွက်ချင်တာပေါ့ ဦးထော်ရာရယ်။ ကျွန်တော် ခင်ဗျားနဲ့အတူ ဒီကိုလိုက်လာခဲ့တာ အဓိကဒါတွေကို လေ့လာချင်လို့ပဲဟာ" ဟု ပြန်ပြောဖြစ်၏။ ကျောင်းပြီးကတည်းက မယ်မယ်ရရ ဘယ်အလုပ်အကိုင်မှမလုပ်ဘဲ ဝါသနာပါရာ သေနတ်တစ်လက်ဖြင့် တောပစ်သော အလုပ်ကိုသာလျှင် စွဲစွဲမြဲမြဲလုပ်ကိုင်ခဲ့သော ကျွန်တော် အငယ်ဆုံးသားဖြစ်သည့်အပြင် မိဘများကိုယ်တိုင်က တောင့်တင်းခိုင်မာလှသော စီးပွားရေးလုပ်ငန်းများ ရှိနေခြင်းကြောင့် စိတ်တိုင်းကျ နေနိုင်၊ သွားလာနိုင်သော ကျွန်တော် ... အခုလည်း ဝါသနာတူ သူငယ်ချင်း တစ်ယောက်နှင့်ပတ်သက်ပြီး ဒီဦးထော်ရာဆိုသော





ဆိုးကြီးနှင့် သိကျွမ်းခင်မင်ခဲ့ရလေ၏။ ထိုမှ ဦးထော်ရာ၏ ဖိတ်ခေါ်မှုနှင့်ပင် သူနေထိုင်ရာ ဒီဒေသအထိ ကျွန်တော် လိုက်လာခဲ့ခြင်းပါပေ။ တကယ်ဆို ကျွန်တော်တို့ နေထိုင်ရာ မြို့ပြနှင့် ဒီဒေသခရီးက ဝေးလံကြမ်းတမ်းလွန်းလှသည်။ သမ်းခရီးတွင်ပင် တစ်ပတ်နည်းပါးမျှ ကြာခဲ့လေ၏။ ကျွန်တော် အတွေးလွန်နေစဉ်ပင် ဦးထော်ရာက အချွန်အဆူးဖော်ပြီးသွားသော မြားတံများကို သိမ်းဆည်းကာ တဲအတွင်းသို့ဝင်သွားရင်း

"သွားတော့သွားရမှာပေါ့ကွာ.. ဒါပေမယ့် ဒီရက်ပိုင်းအတွင်းမှတော့ ဖြစ်မယ်မထင်သေးဘူးကွ။ အေး ထွက်ရပြီဆိုရင်လည်း ဟဲဟဲ တို့ဒေသက မင်းတို့မြေပြန့်တောတွေထဲ လည်ရသလိုမဟုတ်ဘူးနော်။ အဲဒီအခါမှ စိတ်ပျက်တယ်သာ မငြီးလေနဲ့မောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဦးထော်ရာကို ဘာမှပြန်မပြောတော့ဘဲ ပြုံးရုံမျှပြုံးပြ လိုက်လေတော့သည်။ တကယ်ဆို ''ခွန်ဂျာ'' ဆိုသော ကျွန်တော်သည်လည်း ကျွန်တော်တို့ မြစ်ကြီးနား နယ်တစ်လျှောက်တွင် နာမည်တစ်လုံးနှင့်ရှိနေသော မုဆိုးကျော်တစ်ယောက်ပင် မဟုတ်ပါလော။

* * * *





''ငါတို့ဆီမှာတော့ မင်းသေနတ်ကြီးမျိုး မြင်တောင်မမြင်ဖူးကြဘူး။ မနေ့ကတောင် သောဇ တဲထဲ ဝင်လာပြီး မင်းသေနတ်ကြီးကိုတွေ့တော့ ဘာကြီးလဲတဲ့။ ဒီကောင့်မျက်နှာ တော်တော်လည်း အံ့သြနေပုံရတယ် ဟားဟား''

ဦးထော်ရာက ရှူးပျံသားရေတစ်ချပ်ကို လှီးဖြတ်နေရင်း လှမ်းပြောသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဒီဒေသတွင် လေးကိုင်းနှင့် ဒူးလေးလက်နက် အသုံးပြုသူများသာရှိ၏။ အလွန်ခေါင်းပါးသော အရပ်ဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဆိုတာ ကို သူတို့တော်တော်တန်တန်မမြင်ဘူးကြ ပြီးတော့ သူတို့ဓလေ့ရိုးရာ အဆိပ်ရှူးမြားများလောက်လည်း မည်သည့်လက်နက်ကိုမှ အထင်ကြီးဟန် မရှိကြ ဦးထော်ရာပြောပြသဖြင့် သိခဲ့ရသော သူတို့အဆိပ်ရှူး မြားများကလည်း ကျည်တစ်ထောင့်ထက်ပင် ကြောက်စရာ ကောင်းလှသည်။ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်၊ တစ်တောင်ကျော်၊ တစ်ကွင်းဖြတ်၊ တစ်ညအိပ်၊ တစ်နှစ်သေ၊ တစ်ဆွေပြုန်းဟူသော သူတို့ဓလေ့အသုံးပြု သော အဆိပ် (၇) မျိုးရှိသည်ဆို၏။ တစ်ဆွေ့ခုန်မြားဆိပ် မှာ သားကောင်ကို ထိသည်နှင့် တစ်ချက်သာထခုန်နိုင်ပြီး ချက်ချင်းသေသည်။ နှစ်ဆွေ့ခုန်မှာ နှစ်ချက်မျှသာ ခုန်နိုင်ပေ ထိုနည်းနှယ် တစ်တောင်ကျော်၊ တစ်ကွင်းဖြတ်၊ တစ်ညအိပ်၊ အဆိပ်မြားမှာလည်း သားကောင်ကိုထိပြီး သည်နှင့် တစ်တောင်ကျော်ရုံမျှ၊ တစ်ကွင်းဖြတ်၊ တစ်ညအိပ်ရုံမျှ၊ အချိန်တွင်ပင် လဲကျကာ သေဆုံးကြ





သည်။ ဒီအဆိပ်သုံးမျိုးမှာ အသားကိုယူမည့် သားစားတိရစ္ဆာန်များအတွက် အများဆုံးအသုံးပြုကြသည်။ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်အဆိပ်များမှာမူ ပြင်းထန်လွန်းလှ သဖြင့် ဦးချို၊ အရေခွံ၊ အစွယ်၊ အရိုးကိုသာယူမည့် တိရစ္ဆာန်များကို ပစ်ခတ်ရန်တွင်သာ အသုံးပြုကြသည်။ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်အဆိပ်များက သွေးပေါက်ရုံမျှနှင့်ပင် သွေးကြောများအတိုင်း သွေးရော၊ အသားပါ အဆိပ်သင့် ပျံ့နှံ့သွားကြသည်ဖြစ်၍ သားကောင်၏ အသားကိုစား၍ မဖြစ်တော့။ တစ်တောင်ကျော်၊ တစ်ကွင်းဖြတ်၊ တစ်ညအိပ်အဆိပ်ဖြင့် ပစ်ခတ်၍ရသော သားကောင်၏ အသားမှာမူ မည်သူစားစား အန္တရာယ်မရှိ။ အဆိပ်၏ အာဏာမှာ ပြင်းထန်လွန်းခြင်းမရှိ၍ အသားကိုစား၍ရ၏။ ဤအခါ ကျန်အဆိပ်နှစ်မျိုးဖြစ်သော တစ်နှစ်သေ၊ တစ်ဆွေပြုန်းအဆိပ်များကိုမူ မဆိုးတို့အတွက် အကျိုးမရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် အကြောင်းမရှိဘဲနှင့် အသုံးမပြုကြ
အဘယ်ကြောင့်ဆိုသော် သားကောင်ကို အဆိပ်လူးမြားနှ
ပစ်ရာတွင် တစ်နှစ်နေမှ တစ်ပိန်ပိန်၊ တစ်လိန်လိန်နှ
သေမည့်သားကောင်ကို ဘယ်မှဆိုးမှစောင့်ပြီ
အချိန်ကုန်ခံကာ တောအနှံ့ တောင်အနှံ့လျှောက်၍မရှာနိုင
ထို့အတူပင် တစ်ဆွေ့ပြုန်းအဆိပ်နှင့် ပစ်ခတ်လိုက်ပြ
သေသွားသည့် သားကောင်ကို နောက်သားကောင်တွေ
ဝိုင်းစားသမျှ အကုန်တောက်လျှောက်သေဆုံးကုန်
စေသောအဆိပ်မှာလည်း မုဆိုးတို့အတွက် ဘယ်လိုမှ
အကျိုးမရှိနိုင်။ ထို့အတွက် ဒီဒေသရှိ မုဆိုးတိုင်းလိုလိုမှာ
သားကောင်အကြီးအသေး၊ မိမိတို့အလိုရှိရာကိုလိုက်၍
တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်၊ တစ်တောင်ကျော်
တစ်ကွင်းဖြတ်၊ တစ်ညအိပ် အဆိပ်ငါးမျိုးကိုသာလျှင်
အသုံးတည့်သလို အသုံးပြုကြသည်ဟု ဆို၏။





သူ့ဝေလေ့နှင့်သူ့ပေါ့လေဟူသောအတွေးနှင့် ကျွန်တော်
ဖြူးမိသည်။ ကျွန်တော်တို့အတွက်ကတော့ ဒါတွေမလို။
ကျွန်တော့်တွင်ရှိသော အမေရိကန်လုပ် တောပစ်ရိုင်ဖယ်
သေနတ်တစ်လက်တည်းနှင့်ပင် ချေယ်လို သတ္တဝါမျိုးက
ပြီး ချက်ကောင်းကိုထိအောင်ပစ်ခတ်နိုင်လျှင် အကြီးဆုံး
င် သတ္တဝါကောင်အထိ ဘုန်းဘုန်းလဲကျရအောင်
စ်ခတ်နိုင်သည်။ ကျည် (၇) ချက်ထိုးအံမျိုးအစား
ဖြစ်၍လည်း ဘယ်လိုသားကောင်မျိုးမဆို စိတ်ချရ
ာက်သည် အထိ အပိုင်အနိုင်ပစ်ခတ်နိုင်စွမ်းရှိ၏။ ပြီး
ခတ်နိုင်မှု ထိရောက်မှု အကွာအဝေးကလည်း လေးမြား
လေးထက် အပုံကြီးသာ နေသည်မှာ ပြောစရာပင်မလို။
ဲပြောပြော ကျွန်တော်သည်လည်း ကျွန်တော့်သေနတ်
ပေါ် ကျွန်တော့်ကျွမ်းကျင်မှုနှင့် စိတ်ချယုံကြည်သလို
တို့သည်လည်း သူတို့လက်နက်၊ သူတို့ကျွမ်းကျင်မှုနှင့်မှ
ချ ယုံကြည်ကြမည်သာပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေတွေးပြီး ပြုံးနေတာလဲကွ"

ဦးထော်ရာအသံကြားမှ ကျွန်တော့်အတွေးကို ရုပ်သိမ်းလိုက်ပြီး

"ဩော် .. ဘာရယ်မဟုတ်ပါဘူး။ ဦးလေးပြောတဲ့ ဒီရွာကလူတွေ သေနတ်ကိုမမြင်ဘူးကြတဲ့အကြောင်း တွေးမိလို့ပါ"

"အေးပေါ့ကွယ် .. ငါတောင် မင်းတို့မြေပြန့်ဘက် ရောက်မှ မြင်ဖူးခဲ့တာပဲ။ ဒါပေမယ့် မင်းတို့သေနတ်တွေ အသံမြည်လွန်းတဲ့အချက်ကို ငါမကြိုက်ဘူး"

"ဟင်း ဟင်း သေနတ်ကတော့ အသံမြည်တာပေ ဦးလေးရယ်"

"အေး ငါက အဲ့ဒီအသံမြည်တာကြီးကို မကြိုက်တာ ကွ"

"ဘာဖြစ်လို့လဲ ဦးလေးရ"





"ဘာဖြစ်ရမှာလဲကွ မင်းတို့ဟာက သားကောင် တစ်ကောင်ပစ်ပြီးရင် နောက်ထပ်တစ်ကောင် ထပ်ပစ်ဖို့မလွယ်တော့ဘူး။ သေနတ်သံကြီးကြောင့် ကျန်တဲ့အကောင်တွေ အကုန်လုံးလန့်ပြေးကြကုန်ပြီ လေကွာ"

သူပြောတာလည်း ဟုတ်နေသဖြင့် ကျွန်တော်အသာငြိမ် ပြီး ပြုံးနေလိုက်ရသည်။ ဦးထော်ရာက မရပ်သေး။ လက်ထဲမှ ဓါးဖြင့် ရှူးပျံသားရေချပ်ကို သားရေနန်းကြိုးများ အဖြစ် လှီးဖြတ်ဆန့်ငင်နေရင်းမှ ဆက်ပြောပြန်၏။

"ငါတို့ လေးကိုင်း ဒူးလေးလက်နက်တွေကတော့ တစ်နေ့တည်းနဲ့တင် ကိုယ်လိုချင်တဲ့သားကောင် ဘယ်နှစ် ကောင်ပစ်ပစ်ရနိုင်တယ်ကွ။ ပြီးတော့ တို့မြားစူးတွေက ဘယ်နေရာထိထိ သွေးပေါက်ရုံနှင့်ကိစ္စပြတ်တယ်။ ဩော် ဒါနဲ့ပြောရဦးမယ်။ အခုမှသတိရလို့ မနေ့က သောမလေး



www.burmeseclassic.com

www.burmeseclassic.com



ရင်းပြောသွားတယ်။ ချောင်းဆုံဘက်မှ ဆောင်းနှောင်းကျွား တစ်ကောင်သောင်းကျန်း နေတယ်ဆိုပဲကွ။ တစ်နေ့ကတင် (၁၀) နှစ်သားကလေးတစ်ယောက်ကို ဆွဲသွားတယ်တဲ့။ ကလေးကိုယ်တစ်ပိုင်းကို စမ်းချောင်းဘေးက သွားကောက် ခဲ့ရတယ်တဲ့။ အခု ကျန်ခဲ့တဲ့ ကလေးကိုယ်တစ်ပိုင်းနဲ့ နတ်ဆရာပင့်ပြီး နတ်တိုက်သတ်ဖြတ်ဖို့ ရိုးရာအစိမ်းတိုက် ခေါ်ထားတယ်တဲ့။ အဲဒါ ချောင်းဆုံဘက် ငါတို့သွားကြည့် မလားလို့''

ကျွန်တော် ဦးထော်ရာစကားကြောင့် ခေါင်းထောင်ထ သွားရသည်။ မိမိတို့မုဆိုးအလုပ်၌ စည်းတစ်ခုရှိသည်။ တောမုဆိုးကျွားအား မုဆိုးအချင်းချင်း အသက်အန္တရာယ် မပြုသရွေ့မသတ်ဖြတ်ပါဟူသော ကျင့်ဝတ်သိက္ခာစည်း တစ်ခု ထားရှိခြင်းပါပေ။ ယခုလို လူကိုအန္တရာယ်ပြုလာသည့် ကျွားသောင်းကျန်းများကိုမူ နှိမ်နင်းခွင့်၊ ပစ်ခွင့်ရှိသည်။





အခုရာသီက ကျွားများ မိတ်လိုက်သည့်ရာသီ၊ တောလည် လှွန်၊ နယ်ကျွံလာရင်းစည်းဖောက်လာသည့် ကျွားတစ် ကောင်ပဲဖြစ်မည်ထင်သည်။

''ဒီသတင်းမှန်ရင်တော့ ကျွန်တော်လည်း သွားကြည့် ချင်တယ်။ဒီအတိုင်း ထိုင်နေရတာ ပျင်းနေတာနဲ့အတော်ပဲ''

ကျွန်တော့်စကားကြောင့် ဦးထော်ရာက ပြုံးသည်။ သူ့အကြည့်က မင်းသွားချင်နေတာ ငါသိပါတယ်ကွာ ဆိုသော အကြည့်မျိုး။

* * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ကျောက်တောင်ထိပ်ဖျားများတွင် ဤနေ့မြူတို့ ပါးလျားနေသည်။ မေးတင်နေသော နေဝန်းကိုခန့်မှန်း၍ မြင်ရ၏။ နေဝန်းသည် ယဲ့ယဲ့မျှသာ လင်းနေသည်။ တငြိမ့်ငြိမ့်စီးဆင်းနေသော ချောင်းရိုးအတိုင်း ကျွန်တော်နှင့် ဦးထော်ရာတို့ လျှောက်လာခဲ့ကြသည်။



"ငါ့အထင်တော့ ဒီကျားဟာ မိတ်နောက်လိုက်ရင်း ဟိမဝန္တာဘက်က တောလည်လွန် နယ်ကျွံလာတာပဲ ဖြစ်မယ် ထင်တယ်ကွ"

လက်တစ်ဘက်က ဒူးလေးကြီးတစ်လက်ကို ကိုင်စွဲထားပြီး ဝံရေအိတ်ကြီးကို လွယ်ပိုးထားသော ဦးထော်ရာက လမ်းလျှောက်ရင်း စကားဆိုလာသည်။ ကျွန်တော့်မျက်စိထဲတွင် သူ့ပုံစံက မုဆိုးကြီးသောနတ္ထိုရဲ ပုံစံပေါက်နေ၏။ ကျွန်တော်ကတော့ ထုံးစံအတိုင်း တောစီးဖိနပ်၊ တောစောင်းဦးထုပ်၊ ကျောပိုးအိတ်တစ်လုံးနှင့် လက်စွဲတော် နိုင်ဖယ် ပြောင်းရှည်သေနတ်ကို ပခုံးတွင် လက်တစ်ဖက်နှင့် မေးတင်ထမ်းလာခဲ့သည်။

ကျွန်တော်တို့ ကျားစားသွားသော ကလေးအလောင်းနှင့် ရွာသားများကို ကြည့်ရှုမေးမြန်းစနည်းနာပြီး ရွာသားများ၏ ပြောပြချက်အရ ကျားခြေရာကို ခံမိရေးရန်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဖျားအထက်သို့ တက်လာခဲ့ခြင်းဖြစ်သည်။ နှစ်ယောက်သား စမ်းချောင်းအတိုင်း ဆန်လျှောက်၍ ကျားခြေရာရှာကြ၏။ ရေသောက်ဆင်း နိုင်သည့် လမ်းဘေးရွှံ့ပျော့ပျော့နေရာများကို အထူးသတိထားကာ ရှာဖွေကြည့်ကြသည်။ ကျားတို့မည်သည် ညနေနေညိုညိုအချိန်မှ ခိုအောင်းနေရာ ကျောက်ခေါင်းမြောင်ကြားများမှထွက်၍ တစ်ညလုံး သားကောင်လိုက်ဖမ်းစားလေ့ရှိကာ ယခုလိုနေ့ခင်းနေ့လည်အချိန်များ၌မူ ခိုအောင်းနေသော ကျောက်ခေါင်းမြောင်ကြားများတွင် သိုးနေအောင် အိပ်နေတတ်ကြ၏။ သို့အတွက် ယခုလိုအချိန်မျိုး၌ ခြေရာလက်ရာကို စိတ်ချလက်ချ အန္တရာယ်ကင်းစွာ ရှာနိုင်သည်။ စမ်းကွေ့တစ်ခုအလွန် ရေစပ်ရွှံ့ပျော့နေရာတစ်နေရာအရောက်တွင်ပင် ကျားခြေရာတစ်ခုကိုစပြီး တွေ့လိုက်ကြရသည်။ ခြေရာကို မြင်ရရုံမျှနှင့်ပင်





ဤခြေရာပိုင်ရှင်ကျားမှာ အနည်းဆုံး (၈) တောင်၊ (၉) တောင်ရှိမည့် ကျားကြီးတစ်ကောင်ဖြစ်မှန်း မှဆိုးအတွေ့အကြုံအရ ကျွန်တော်သိလိုက်ရသည်။ ဦးထော်ရာကလည်း မခေ။ ယခုလို စမ်းပေါက်မြေပျော့တွင်မှမဟုတ်။ ရွက်ကြွေတောများထဲ၌လည်း ကျားခြေရာကိုရှာနိုင်သော သမ္မာရင့်မုဆိုးကြီးတစ်ယောက်ပါပေ။ ကျွန်တော်တို့ တွေ့ထားသော ကျားခြေရာကို ငုံ့ကြည့်ရင်း ဦးထော်ရာက

"ကျားကတော့ ဒီနားတစ်ဝိုက်က ချောင်ကောင်းကောင်းတစ်ခုမှာ ရှိနေတာသေချာပြီကွ ခွန်ဂျာ"

သူ စမ်းပေါက်ဘေးရှိ ရွက်ကြွေတောများပေါ်တွင် တင်ကျန်နေခဲ့သော ရွှံ့စ၊ ရွှံ့နများကိုကြည့်ရင်း ပြောလိုက်ခြင်း ဖြစ်ကြောင်းလည်း ကျွန်တော်လည်း သဘောပေါက်လိုက်သည်။ ကျွန်တော်နေရာမှထပြီး သက်ရွက်ကြွေများပေါ် တင်ကျန်ခဲ့သည့် ရွှံ့စရွှံ့နများနှင့် သစ်ရွက်ခြောက်များကြေမကြေနင်းရာ၊ ဂန်ရာများကျန်



www.burmeseclassic.com

www.burmeseclassic.com



မကျန် သွားရောက်၍ အကဲခတ်ကြည့်လိုက်၏။ အမှန်ပင် ကျားသည် တစ်နေ့ညကမှ ဒီနေရာတွင် ရေသောက်ဆင်းသွားကြောင်း သေချာလှပေသည်။ ကျွန်တော် ဦးထော်ရာကို တစ်ချက်လှမ်းပြီး လှည့်ကြည့်လိုက်၏။ မကြာမီ ကျွန်တော်တို့နှစ်ယောက်သား ခြေသံကို လုံလုံနင်း၍ ကျားခြေရာကိုခံကာ ရှာဖွေကြည့်လိုက်ကြသည်။ မကြာလိုက် ခြေရာက ခြုံနွယ်များဖြင့် ပိတ်လုလုနီးပါး ဖြစ်နေသည့် ကျောက်ခေါင်းတစ်ခု ရှေ့နားအရောက်တွင် ပျောက်သွားတော့သည်။

"ဒီအကောင် .. ဒီကျောက်ခေါင်းထဲမှာ ရှိနေတာ သေချာပြီကွ ခွန်ဂျာ"

ဦးထော်ရာက လေသံတိုးတိုးနှင့်ပြောပြီး ပတ်ဝန်းကျင်ကို အကဲခတ် လှည့်ပတ်ကြည့်၏။ ကံအားလျော်စွာပင် ကျောက်ခေါင်းနှင့်ခပ်နီးနီးနေရာတစ်ခု၌ စည်းနဲ့ပင်ကြီးတစ်ပင် ရှိနေလေသည်။





"ကဲ ခွန်ဂျာ အခုချိန်မှာတော့ ဒင်းဒီကျောက်ခေါင်းထဲမှာ အိပ်နေရော့မယ်။ နေညိုရင်တော့ ဒီကောင်ထွက်ပြီး ရေသောက်ဆင်းမှာအသေအချာပဲ။ ငါတို့ ဟိုစည်းနဲ့ပင်ကြီးပေါ်တက်ပြီး စောင့်ပစ်ကြမယ်"

ဦးထော်ရာ ပြောသည်မှာ သင့်တော်သဖြင့် ကျွန်တော်သဘောတူကာ စည်းနဲ့ပင်ကြီးဆီ နှစ်ယောက်သားကပ်သွားကြသည်။ ချက်ချင်းပင် ဦးထော်ရာက စီးထားသော ဝံသားရေသားဖြင့် ချုပ်ထားသည့် လွှာဖိနပ်ကို ချွတ်ကာ အပင်ပေါ်တက်သွား၏။ ကျွန်တော့်မှာ စီးထားသော တောစီးဖိနပ်ကြောင့် အပင်ပေါ်တက်ရန် အခက်တွေ့နေရသည်။ မထူးတော့။ ဖိနပ်ကိုချွတ်၊ ကြိုးချင်းပူးချည်ကာ ပခုံးတစ်ဘက်ဆီ လည်ပင်းတွင်ချိတ်၍ အပင်ပေါ်တက် ရတော့၏။ အပင်ပေါ်ရောက်လာသော ကျွန်တော့်ကို ဦးထော်ရာက



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြည့်နေ၏။ လက်ကမ်းပေးသဖြင့် သေနတ်ကို အရင်လှမ်း ပေးလိုက်ရသည်။

"ဒီနေရာက ကျားတစ်ခုန်မလွတ်လောက်သေးဘူးကွ။ အထက်က ခွဆုံအရောက် တက်မှဖြစ်လိမ့်မယ်"

ဦးထော်ရာပြောသည်မှာ မှန်၏။ ယခုချိန် ကျွန်တော်တို့ တွေ့ထားသော ကျားအနေအထားနှင့်ဆို (၁၅) ပေ၊ ပေ (၂၀) ခန့်ကို အသာလေး ခုန်နိုင်မည့်အခြေအနေတွင် ရှိနေသည်။ ကျားပစ်မည့် မုဆိုးတစ်ယောက်အတွက် အရာရာကို သတိပေါ့၍မဖြစ်။ သတိတစ်ချက်ပေါ့လိုက်သည်နှင့် ပေးဆပ်လိုက်ရမည်မှာ မိမိ၏အသက်ပင်ဖြစ်ပေလိမ့်မည်။ ကျွန်တော်တို့ နှစ်ယောက်သား ဦးထော်ရာပြောသည့် အထက်ခွဆုံအရောက် တက်ခဲ့ကြသည်။ အပင်ကြီးမှာ ကြီးမားလွန်းသဖြင့် ခွဆုံ၌ လူနှစ်ယောက် ချောင်ချောင်ချိချိ ထိုင်နိုင်သော အနေအထားတွင်ရှိ၏။





နှစ်ယောက်သား ပါလာခဲ့ကြသည့် ကောက်ညှင်းခေါက်ပျဉ်စိုနှင့် အသားခြောက်ဖုတ်များကို နေမညိုခင် စားသောက်ထားလိုက်ကြရ၏။ စားသောက်ပြီးကြမှ စည်းနှံပင်ခွကြီးတွင် လက်နက်များကို အသင့်ပြင်ဆင်ကာ စိမ်ပြေနပြေထိုင်စောင့်နေကြသည်။ နေညိုသည်နှင့် ကျွန်တော်တို့ ဆင်ထားသကဲ့သို့ပင် ကျောက်ခေါင်းဝမှ ပထမဦးဆုံး ကျားဟိန်းသံတစ်ချက်ကို ကြားလိုက်ရပြီး ခဏအကြာတွင် ကျားတစ်ကောင် ပြေးထွက်လာတော့၏။ ကျွန်တော်နှင့် ဦးထော်ရာတို့ အသက်ကိုပင် ပြင်းပြင်းမရှုရဲဘဲ ကျားကြီးကို ငုံ့ကြည့်နေမိကြသည်။ အညိုနှင့် အနက်အနုရောင် ဖောက်ထားသော ကျောအစင်းကြီးများ နှင့် နီလာစင်းဟု ခေါ်သော ရောမကျားကြီးတစ်ကောင်ပါပေ။ ကျားကြီးက ကျောက်ခေါင်းရှေ့ တစ်နေရာတွင်ရပ်၍ ခေတ္တမျှ တောဝန်းကျင်ကို အကဲခတ်သလို ကြည့်ရှုသော တစ်လှမ်းချင်းဆင်းလာလေသည်။ ကျွန်တော် ဦးထော်ရာကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်ပြီး အသင့်မောင်းတင်ကျည်ထိုးထားသော သေနတ်ကို ပခုံးတွင်ထောက်ကာ အကျအန ချိန်ရွယ်လိုက်၏။

ထိုစဉ် ဦးထော်ရာမှာလည်း ကျွန်တော့်နည်းနှယ် လေးညှို့တင်ပြီးသား ဒူးလေးကြီးဖြင့် ကျားကြီးထံအသင့် ချိန်ရွယ်ပြီးဖြစ်နေသည်။ တဖြည်းဖြည်းနှင့် ကျားကြီးက ကျွန်တော့်အတွက် ပစ်ခတ်ရန် အကောင်းဆုံးအကွာအဝေးသို့ တရွေ့ရွေ့ရောက်ရှိလာ၏။ ကျွန်တော် ဦးထော်ရာထံ တစ်ချက်လှမ်းကြည့် လိုက်သည်။ ဦးထော်ရာထံမှ ကျွန်တော့်ကို အရင်ဦးစားပေးပစ်ရန် ခွင့်ပြုသည့် အမူအရာမျိုးနှင့် ဦးခေါင်းကိုတစ်ချက်ဆတ်ပြလိုက်သည်။ ကျွန်တော်ချိန်ကွင်းကို ကျားကြီး၏လက်ပြင်နောက်ခပ်ကျကျ နှလုံးသား နေရာဆီသို့ အကျအနချိန်ရွယ်လိုက်သည်။ ဒီပစ်ကွင်း၊ ဒီအကွာအဝေးက လုံးဝလွဲမှားသွားစရာ မရှိနိုင်တော့။ ပထမဦးဆုံး အသက်ကို တစ်ချက်အောင့်





လိုက်ကာ သေနတ်ခလုတ်မောင်းပေါ် တွင် ခပ်ဖွဖွတင်ထားသော လက်ညှိုးကို ခပ်ဖြည်းဖြည်းချင်း တင်းညှစ်လိုက်၏။ နောက် ခလုတ်မောင်းကို အပြီးသတ် ဆွဲညှစ်ရန် ဟန်ပြင် လိုက်စဉ်မှာပင်

"ဝေါ..."

သိမ့်ခနဲလှုပ်ခါသွားသော အရှိန်တစ်ခုနှင့်အတူ

"ဒိုင်း"

"ဝေါင်း"

လက်ညှိုးက သေနတ်မောင်းခလုတ်ကို ဆွဲညှစ်မိသွားပြီး ရမ်းခါသွားသော သေနတ်ပြောင်းဝမှ ကျည်ဆံထွက်သွားကာ ပစ်ကွင်းက လွဲချော်သွားတော့ သည်။ ရုတ်တရက် အပင်ကြီးတစ်ခုလုံး လှုပ်ခါသွားခြင်းကြောင့် ကျွန်တော် နဲ့ ဦးထော်ရာတို့နှစ်ယောက်သား အပင်ပေါ်မှ ပြုတ်မကျ အောင် ဆွဲမိဆွဲရာ ဖမ်းဆွဲထားလိုက်ကြ ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပင်အောက်က ကျားကြီးကလည်း လျင်လိုက်သည့်ဖြစ်ခြင်း။ ချက်ချင်းအနားက ပျောက်ကွယ်သွားတော့၏။ နှစ်ယောက်သား ထိတ်လန့်တကြားဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြောင်ပြီး ခေတ္တမျှကြည့်နေမိကြသည်။ ခဏကြာမှ ဦးထော်ရာထံမှ တုန်တုန်ရီရီအသံတစ်ခု ထွက်လာ၏။

"ဘာ .. ဘာဖြစ်တာလဲကွ ခွန်ဂျာ"

"ကျွန် .. ကျွန်တော်လည်းမသိဘူး လေတိုက်တာလည်း မဖြစ်နိုင်ဘူး"

ထိုခဏတွင်ပင် တစ်ဘက်တောင်ကြောဘက်ဆီမှ တောကြက်များ လန့်ဖျတ်၍ ကတော်တိုက်သံများကို ကြားလိုက်ရလေ၏။ ကျားကြီးက ခဏချင်းတွင်ပင် တစ်ဘက်တောင်ကြောကို ဖြတ်ကျော်သွားလေပြီး ကျွန်တော်နှင့်ဦးထော်ရာတို့ တုန်တုန်ရင်ရင်ဖြင့်





အပင်ကြီးပေါ်မှ ဆင်းခဲ့ကြသည်။ အတော့်ကို ထူးဆန်းလွန်းသည့် အဖြစ်အပျက်။ လေတိုက်ခြင်းမဟုတ်ပါဘဲနှင့် အပင်ကြီးတစ်ခုလုံး သိမ့်ခနဲလှုပ်ခါသွားပုံမှာ ကျောချမ်းချင်စရာ။ အောက်ရောက်သည်နှင့် ဦးထော်ရာမျက်နှာက အိခြေမရအောင် ပျက်နေလေ၏။ မှုဆိုးတို့အသိနှင့် တောမှောက် တောမှားသောအန္တရာယ်ကို ထိတ်လန့်နေခြင်းပင်။

"ငါ .. ငါတို့ တစ်ခုခုများ အမှားအယွင်းရှိခဲ့လို့လား"

"ကျွန်တော်လည်း မတွေးတတ်တော့ဘူး" ခုထက်ထိတော့ ကျွန်တော်တို့ ဘာအမှားအယွင်းမှ မရှိခဲ့ကြတာ သေချာနေသည်။ ကျွန်တော် စည်းနှံ့ပင်ကြီးကို တစ်ချက်ပြန်ကြည့်လိုက်မိ၏။ ထိုစဉ် ဦးထော်ရာက

"လာ .. လာ ခွန်ဂျာ ငါတို့ ဒီနေရာက အမြန်ဆုံးသွားကြမှဖြစ်မယ်။ ကြည့်မနေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



အကြောက်ကြီးမဟုတ်တောင် အနည်းငယ် ထိတ်လန့်သွားသောစိတ်နှင့် ဦးထော်ရာ ခေါ်ဆောင်ရာ နောက်သို့ ကျွန်တော်လိုက်ပါခဲ့ရလေတော့သည်။

* * * *



"တောက် .. မနေ့ကညနေက အဖြစ်အပျက်က တော်တော့်ကို ထူးဆန်းတယ်ကွ။ တောမှားတောမှောက်တဲ့ ပုံစံမျိုးလည်းမဟုတ်ဘူး"

ဦးထော်ရာက သူ့ဝံသားရေအိတ်ကြီးကို ဖာထေးနေရာမှ လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော် သေနတ်ပြောင်းကိုဖြုတ်ကာ တိုက်ချွတ်နေရင်းမှ တစ်ချက်လှမ်းကြည့်ဖြစ်သည်။

"ကျွန်တော်လည်း အဲဒီအဖြစ်ကို သိပ်ပြီးအစာမကြေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ လက်တစ်ကမ်းရောက်နေတဲ့သားကောင်ကို အလွတ်ပေးလိုက်ရတာထက် ခင်ဗျားတို့နယ်က ရွာသားတွေရှေ့မှာ မျက်နှာဘယ်လိုထားရမှန်းတောင် မသိတော့ဘူး။ ကျွန်တော် အဲဒီကျားကို မရမက လိုက်ပစ်မယ်ဗျာ''

ကျွန်တော့်စကားကြောင့် ဦးထော်ရာတစ်ချက်ပြုံးသည်။

''အခုချိန်မှ မင်းလိုက်ပစ်လည်း မမီတော့ဘူး။ ဒီနေ့မနက်ကတင် ချောင်းဆုံက မုဆိုးတွေပြန်လာကြတယ်။ မဏိပူရတောင်ကြောဘက် ဆင်းပြေးသွားတယ်တဲ့။ ဒီကောင်တွေ ခြေရာနဲ့ချေးသာတွေ့ပြီး လက်လျှော့ပြီး ပြန်လာခဲ့ကြရတယ်တဲ့''

''တောက်''

ကျွန်တော် ခံပြင်းစိတ်နှင့် တက်တစ်ချက်ကို ခေါက်လိုက်မိသည်။





''ဟဲ ဟဲ ဒါပေမယ့် မပူပါနဲ့ကွာ။ မနက်ဖြန်ဆို ဘို့ကျောက်ငိုတောင်ဘက် ခရီးထွက်လို့ရပြီကွ။ ဟိုမှာ ကြည့်ပါလား''

ကျွန်တော် ယောင်ရမ်းပြီး ဦးထော်ရာ ညွှန်ပြရာသို့ ကြည့်လိုက်မိသည်။ မနေ့ကတင် ရေခဲများဖြင့် ဖွေးဖွေးလှုပ် နေသော ကျောက်တောင်ကြီးများကို ကျောက်သားအတိုင်း တဲလျှပ်တွေ တရှိန်ရှိန်၊ တရိပ်ရိပ်ပြေးနေကြသည်ကို အံ့သြဖွယ်မြင်တွေ့လိုက်ရတော့၏။

''ဒီလိုပဲကွ.. ငါတို့ဒေသရာသီဥတုက မင်းတောင်ထွင့်ရဲ့ အဖျားတွေကို ကြည့်လိုက်။ မြူနှိုးတွေဝေ့နေတယ် မဟုတ်လား။ အဲဒါနောက်ရက်တွေမှာ နေသာတော့မယ့် နိမိတ်တွေက ဒီဒေသမှာ နေတစ်ရက်နှစ်ရက်သာပြီးတာနဲ့ ရာသီဥတုက ချက်ချင်းပြောင်းလဲသွားကြတော့တာပဲ။ ဒီလိုအခြေအနေမျိုးကငါတို့အတွက် အမဲပစ်တဲ့အလုပ်အပြင် ကျောက်သွေး၊ ကျောက်မြုပ်တွေပါ ရှာလို့ရတဲ့အချိန်ပဲ။

www.burmeseclassic.com



အခု ငါတို့သွားမယ့်နေရာက ဒီကနေ အသွားအပြန် သုံးလေးရက်ခရီးလောက်ရှိတယ်။ ရာသီဥတုကလည်း သုံးလေးရက်တစ်ခါလောက် ပြောင်းလဲနေတဲ့နေရာကွ။ တစ်နေ့ ရေခဲတော။ တစ်နေ့မီးလျှံတော ဆိုပါတော့ကွာ၊ အေးတဲ့အချိန် သားကောင်မစ်ပြီးတော့ ပူတဲ့အချိန် ကျောက်သွေး ရှာကြတာပေါ့။ ကဲ ဒီနေ့ကတည်းက ခရီးထွက်ဖို့ ပစ္စည်းတွေ ပြင်သင့်တာပြင် ထားကြရအောင်"

ကျွန်တော် ဦးထော်ရာစကားကြောင့် ဝမ်းသာသွားသည်။ ဒီနေ့မနက် ဦးထော်ရာတစ်ယောက် သူ့ဝံသားအေိတ်ကြီးနှင့် ပစ္စည်းပစ္စရာများကို ပြင်ဆင်နေခြင်းကိုလည်း အခုမှ သဘောပေါက်သွားမိ၏။ ဒီဒေသက တောတောင် ကန္တာရများ ထူထပ်သည်။ ရေခဲချောင်းနှင့် ရေခဲအိုင်များစွာ လည်း ဖြတ်ကျော်သွားလာရ၏။ တောတိရစ္ဆာန်အန္တရာယ် များနှင့် ငှက်ဖျားစသော ရောဂါဘယများကလည်း အချိန်မရွေး ဖြစ်နိုင်သေးသည်။ သို့အတွက် ခရီးတစ်ခုထွက်



လျှင် လက်နက်ကိရိယာ၊ ရိက္ခာဆေးဝါးအစုံအလင် ပါမှဖြစ်သည်။ ခရီးထွက်ပြီဟောဆိုသည်နှင့် ရာသီဥတု အခြေအနေရ ဘယ်အချိန်ပြန်၍ ဘယ်လောက်အထိ တောထဲတွင် နေထိုင်ရမည်ကို ပြော၍မရ။ ထို့ထက် ခရီးထွက်ရာတွင် အဓိကအရေးကြီးဆုံးပစ္စည်းမှာ မီးနှင့်ဆားပဲဖြစ်သည်။ တောထဲထွက်မည့် မုဆိုးများအတွက် ဒီနှစ်ခုက မပါမဖြစ် အဓိက အရေးကြီး သောအရာများပင်။ ဒီနှစ်ခုနှင့်ပတ်သက်၍ ဦးထော်ရာပြောဖူးသည်။

"တို့ဆီက မုဆိုးတွေအတွက် ရိက္ခာက ခေါပြင်နည်းနည်းလောက် ပါရင်ဖြစ်တယ်။ အဲ ဆားမပါလို့ကတော့ မဖြစ်ဘူးကွ။ ဆားပါရင် ဘယ်လို အစားစာမျိုးမဆို စားလို့ဖြစ်တယ်။ ပြီးတော့ တောထဲမှာ ဆားက ဆေးအဖြစ် လည်း အသုံးဝင်သေးတယ်။ ဒီတော့ တို့အတွက် အရေးကြီးဆုံး အစားအသောက်ဟာ ဆားပဲကွ။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဒီထက်အရေးကြီးတာက မီးကွ။ တောထဲမှာ အစားအသောက်အတွက်ရော၊ နေဖို့ထိုင်ဖို့ အန္တရာယ်ကင်း နွေးထွေးလုံခြုံဖို့ဟာ မီးမရှိလို့ကို မဖြစ်ဘူး။ တောထဲမှာ စခန်းချပြီဟော့ဆိုတာနဲ့ မီးက ပထမဦးဆုံး လိုလာတာပဲ။ မီးရောင်ကို တောကောင် ကြီး သားရဲတွေလည်း ကြောက်တယ်ကွ။ ပြီးတော့ ဒီဒေသမှာရှိတဲ့ ကျောက်ဂူတွေ တိုင်းမှာ အန္တရာယ်ရှိတဲ့အကောင်တွေ အမြဲခိုအောင်းနေကြ တာ။ သားရဲမိသားစုတွေ၊ ရေခဲမြွေ၊ ရေခဲပင့်ကူလို အင်မတန်အဆိပ်ပြင်းတဲ့သတ္တဝါတွေကို ဖယ်ရှားရှင်းလင်းဖို့ မီးမှမဟုတ်ရင် ဘာမှမရဘူး။ ထင်ရှူးသားမီးမြိုက်တဲ့ညှော်နံ့ ကို ဘယ်လိုတိရစ္ဆာန်မျိုးမှ မခံနိုင်ကြဘူးကွ''

ကျွန်တော် ဦးထော်ရာပြောခဲ့ဖူးသောစကားကို အမှတ်ရလိုက်ပြီး မြို့မှ သယ်ယူလာခဲ့သော မီးခြစ်များကို သတိရသွားသည်။ ကျွန်တော့်တွင် ယိုးဒယားဂတ်စ်မီးခြစ်





တစ်ဒါဇင်ကျော်ကျော် ပါလာ၏။ ကျွန်တော် မီးခြစ်များကို ထုတ်ပြီး ဦးထော်ရာကို ပြလိုက်တော့ သူကစိတ်ဝင်စားဟန် မပြဘဲ

''မင်း မီးခြစ်တွေက ဒီဒေသမှာအသုံးဝင်မှာ မဟုတ် ပါဘူးကွ။ မင်းတို့ဟာတွေက နှင်းတော၊ ရေခဲထဲရောက်ရင် ခြစ်လို့မှမရတော့ဘဲ။ ပြီးတော့ ပူတဲ့အချိန် ကျတော့လည်း ဒီလိုမီးခြစ်မျိုးတွေမပြောနဲ့ သစ်သားမီးခြစ် လိုဟာ မျိုးတောင် မီးထတောက်တတ်တာ'' ဟုပြောသဖြင့်

''ဒါဖြင့် မီးအတွက် ဘာယူသွားကြမလဲ'' ဟု ကျွန်တော် နားမလည်စွာ မေးလိုက်ရသည်။ ဒီတော့ ဦးထော်ရာက

''ဥတုသုံးပါးစလုံး ဘယ်လိုအခြေအနေမျိုးမဆို သုံးလို့ဖြစ်တဲ့ တို့ရိုးရာ မီးခတ်ကျောက်နဲ့ မီးကူးဝါဂွမ်းတွေပဲ ဆောင်သွားရတာပေါ့ကွာ'' ဟု ခပ်အေးအေးပင်ဖြေ၏။ ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ အကုန်လုံး ငါစီစဉ်ပြီးပါပြီကွာ။ မင်းပစ္စည်းတွေသာ မင်းအဆင်သင့် ပြင်ထားပါ" ဟု ဆက်ပြောသည်။ ထို့အတွက် သူပြောသည့်အတိုင်း ကိုယ့်ပစ္စည်းများကိုသာ ကိုယ်ခရီးထွက်လျှင် အဆင်သင့်ဖြစ်စေရန် ကျွန်တော် ပြင်ဆင်ထားလိုက်ရတော့၏။ ခရီးထွက်ရတော့မည်ဆိုသဖြင့် ကျွန်တော့်မှာ မနေ့ညနေက ထူးထူးဆန်းဆန်းကိစ္စနှင့် နီလာစင်းကျားကြီးကိုပင် မေ့သွားလေတော့သည်။

* * * *





## အခန်း (၃)

တစ်လလျှင် ရက်အနည်းငယ်မျှသာ ရှားရှားပါးပါးမြင်တွေ့ရသော သူရကာန်စက်ဖန်ဝါသည့် သစ်တောများအပေါ် အနွေးနှင့်အလင်းဓါတ်များ ဖြန့်ကျက်ထား၏။ တောင်မြင့်များများဘက်ဆီမှ ရေခဲများအရည်ပျော် ကျဆင်းသံများ ကြားနေရသည်။ ဒီနေ့သည် ကျွန်တော်တို့ခရီးထွက်လာပြီး

www.burmeseclassic.com



(၃) ရက်မြောက်နေ့ဖြစ်သည်။ တောကိုဖြတ်ခဲ့ကြသည်။ တောင်ကိုကျော်ခဲ့ကြ၏။ မိုးချုပ်လျှင် သစ်ပင်ပေါ် သို့မဟုတ် ကျောက်ဂူတစ်ခုခုတွင် ဝင်အိပ်ခဲ့ကြသည်။ နေထွက်သည်နှင့် ခရီးဆက်ထွက်ခဲ့ကြသည်။ သို့တိုင် တောကမဆုံးသေး။ တောင်ကမဆုံးသေး။ နောက်ထပ် တောနှင့်တောင်များကို ဖြတ်ကျော်ရပေဦးမည်။ ဦးထော်ရာပြောသလို သူတို့ဒေသသည် တောမဆုံး၊ တောင်မဆုံး အရပ်ဆိုသည်ကို ကျွန်တော်လက်တွေ့မြင်သိလာရသည်။

ဒီနေ့လည်း နေညိုသွားပြီဖြစ်၍ စခန်းချရမည့်နေရာကို ဦးစွာရှာရပြန်သည်။ မိုးမချုပ်မီ တစ်ညတာ ညအိပ်စခန်းချရဖို့ နေရာတစ်ခုကို တွေ့ထားမှဖြစ်မည်။ မိုးချုပ်သွားလျှင် မလွယ်။ တောနက်လာသည်နှင့်အမျှ သားကောင်များနှင့် သားရဲကြီးများက ဝန်းကျင်တွင် ချက်ချင်းရောက်ရှိလာကြသည်။





မကြာပါချေ။ တောင်ခါးပန်းရှိကျောတစ်ခုတွင် နေကွယ်လေကွယ် မတိမ်မနက်၊ မကျဉ်းမကျယ်လှိုဏ်ခေါင်းတစ်ခု ကို တွေ့လိုက်ကြရသည်။ ဦးထော်ရာက ဒီနေရာတွင် စခန်းချရပ်နားရန် ဆုံးဖြတ်လိုက်လေ၏။ သူက လုပ်နေကြအတိုင်းပင် အနီးဝန်းကျင်မှ ထင်ရှူးသားအစိုများကို သွားရောက် ခုတ်ထစ်ဖြတ်တောက်ယူလာကာ ဂူဝတွင် မီးမွှေးရှိ့သည်။ ထင်းရှူးစိမ်းညှော်နံ့က ပြင်းထန်လှ၏။ ဂူထဲသို့ အလုံးလိုက်လိုမ့်ဝင်သွားကြသော မီးခိုးလုံးအနံ့များက ဂူထဲရှိအန္တရာယ်ပြုတတ်သော သတ္တဝါများမပြောနှင့်။ နှာခေါင်းအကျင့် မရသေးသော ကျွန်တော်ပင် တစ်ချက်ချက် ခေါင်းနောက်တောက်တောက် ဖြစ်သွားသည်။ ဦးထော်ရာက ထင်းရှူးသားတစ်ချောင်းကို မီးထိုးရင်းမှ

"ဒီလိုမလုပ်လို့ မရဘူးကွ။ ဂူထဲမှာ သားရဲကောင်တွေ မရှိဘူးဆိုပြီး စိတ်ချလို့မရသေးဘူး။ အဆိပ်ပြင်းတဲ့ ရေခဲမြွေနဲ့ ရေခဲပင့်ကူကျားတွေ ရှိနေတတ်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေက အသံနားထောင်ရုံ၊ အနံ့အသက်ခံကြည့်ရုံနဲ့ ရမှမရနိုင်ဘဲ။ ဒီကောင်တွေကြောက်တာ ဒီထင်းရှူးစိမ်းညှော်နံ့ပဲ။ ဒီကောင်တွေရှိနေရင်လည်း ဂူထဲကိုတောတိရစ္ဆာန်ကောင်ကြီးတွေတောင် မဝင်ရဲကြဘူးကွ။ ဂူထဲရောက်လာသမျှ ဘယ်လိုသတ္တဝါမျိုးမဆိုအလွတ်ပေးတာ မဟုတ်ဘူး။ အဆိပ်ကလည်း အင်မတန်ပြင်းထန်ပြီး ကြောက်စရာကောင်းတာ ကလား"

"ထိတာနဲ့ တန်းသေတာပဲလား"

"ဘယ်ကလာ အဲဒီထက်ပိုကြောက်စရာ ကောင်းတာပေါ့ကွ။ အကိုက်ခံစကတော့ တစ်ကိုယ်လုံးပူထူပြီးအဆိပ်က ငယ်ထိပ်ကနေ ပေါက်ထွက်သွားတယ်။ အဆိပ်က ဟုတ်ခနဲငယ်ထိပ်က ပေါက်ထွက်သွားတဲ့အချိန်အကိုက်ခံရသူမှာ ရုတ်တရက်တော့ သက်သာသွားသလိုထင်ရတယ်ကွ။ အကိုက်ခံရတဲ့ ဒဏ်ရာကတောင် မနာကျင်တော့ဘဲ ပျောက်ကင်းသွားသလိုမျိုး။





အဲဒီနေ့တစ်နေ့လုံးတော့ အစားမပျက်၊ အနေမပျက်ဘာတိလူကောင်းလိုပေါ့ကွာ။ ဒါပေမယ့် နောက်တစ်နေ့အကိုက်ခံရတဲ့အချိန်ကျရင်တော့ လုံးဝကိုမနေနိုင်အောင်အကိုက်ခံရတဲ့ဒဏ်ရာက နာကျင်လာတော့တာပဲ။ အဆိပ်ကလည်း တစ်ကိုယ်လုံးပျံ့လာရော။ အဲ တစ်နာရီ၊ နှစ်နာရီလောက် အလူးအလဲ နာကျင်ကိုက်ခဲပြီးကျပြန်တော့ ဝေဒနာက တဖြည်းဖြည်းချင်းလျော့ပြီးပျောက်ကင်းသွားပြန်တယ်။ အေး နောက်တစ်နေ့လည်းကျပြန်ရော အဆိပ်ပြန်တက်ပြီး ပထမနေ့ကထက်ဆိုးတဲ့ဝေဒနာနဲ့ အိပ်နေထိုင်နေလို့ကို မရတော့ဘဲ အော်ဟစ်ညည်းနေပေါက်နေတော့ တာပဲ"

"အတော်ကြောက်စရာကောင်းတာပဲ"

"နေဦး မပြီးသေးဘူးကွ။ ဒါ့ . အကင်းပဲရှိသေးတာ။ တစ်နေ့ထက်တစ်နေ့ အဆိပ်ကပြင်းထန်လာပြီး သိုး

www.burmeseclassic.com



လေးရက်လောက် အလူးအလဲခံစားပြီးတော့ အကိုက်အခဲတွေ နည်းနည်းလျော့သွားပြီး တစ်ကိုယ်လုံး ဖော်ယောင်လာတယ်။ ဆံပင်တွေလည်း ကျွတ်ကုန်တယ်။ နောက်တော့ တစ်ပတ်တောင်မကြာပါဘူးကွာ။ တစ်ကိုယ်လုံးအက်ကွဲလာပြီး အရိအရွဲတွေ ထွက်လာတယ်။ အကိုက်ခံရတဲ့ ဒဏ်ရာအနားက အသားတွေမုပ်ဆွေးပွဲကျလာပြီး ခြေဆစ်လက်ဆစ်တွေ ပြုတ်ကြွေကျ။ နောက်တော့ ကိစ္စချောတော့တာပဲ''

ကျွန်တော် ဦးထော်ရာစကားများကို နားထောင်ပြီး လန့်သွားသည်။ ကျွန်တော်တို့ မြေပြန့်ဘက်တွင် ကြားဖူးသော အကိုက်ခံရလျှင် ခြေဆစ်လက်ဆစ်များ ကြွေကျကုန်သည်ဟူသည့် မြွေပြဒါးထက်ပင် ရေခဲမြွေနှင့် ရေခဲပင့်ကူကျားတို့အဆိပ်က ကြောက်စရာကောင်းလွန်းနေသည်။ ဂူထဲကို မှိုင်းတိုက်ပြီး ရေခဲမြွေနှင့် ရေခဲပင့်ကူကျား





တို့ အန္တရာယ်မှ စိတ်ချရပြီဟု ဦးထော်ရာမှဆိုကာ ဂူထဲသို့ဝင်သည့်တိုင် ကျွန်တော့်ခြေထောက်တွေ တွန့်ဆုတ်နေတော့သည်။ ဦးထော်ရာက ကျွန်တော့်ပုံစံကို ကြည့်ကာ သဘောကျစွာရယ်၍

“ဟား.. ဟား မြေပြန့်မှဆိုး ရေခဲမြွေနဲ့ ရေခဲပင့်ကူကျားကို ကြောက်သွားပြီနဲ့တူတယ်'' ဟုဆိုသည်။

“ကြောက်တာပေါ့ဗျာ.. ဝံလို ကျားလို ရင်ဆိုင်ယှဉ်ပစ်လို့ရတဲ့ အကောင်တွေဆို ဘာပြောမလဲ။ အခုဟာမျိုးက မကြောက်လို့ရမလားဗျာ'' ဟု ကျွန်တော်က ပြန်ပြောတော့ ဦးထော်ရာက သဘောကျစွာထပ်၍ရယ်သည်။

ဂူထဲသို့ သယ်လာသော ဝန်စည်စလှယ်များ ရွှေ့ကြရ၏။ ပစ္စည်းများကို ချပြီး ဦးထော်ရာက ပြန်ထွက်သွားပြန်သည်။ ဘယ်သွားမလဲမေးတော့ ထင်းရှာဟုသာ ပြော၍ထွက်ခွာသွား၏။ သို့ရှိသော် များမကြာမီ ဦးထော်ရာပြန် ရောက်လာသည်။ ထင်းခွေး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းခြောက်များ တစ်ပွေ့တစ်ပိုက်ပါလာသည်။

"ဂူဝမှာ တစ်ညလုံးမီးဖိုထားမှဖြစ်မယ်ကွ။ နို့မို့ဆို တို့အိပ်ပျော်နေတုန်း လှိုဏ်ခေါင်းဂူပေါက် လိုက်ရှာတတ်တဲ့ ဝံအုပ်တွေဝင်လာပြီး ကိုက်သတ်သွား လိမ့်မယ်။ ပြီးမှ ထင်းတုံးနဲ့ ထင်းချောင်းကြီးတွေ ထပ်ရှာပြီး မီးပုံုံထား ရဦးမှာ"

ပါးစပ်ကပြောရင်း ဦးထော်ရာက သယ်လာသည့် ထင်းခြောက်ကိုင်းများကို မီးကျီးမသေသေးသည့် မီးဖိုတွင်ထပ်၍ ဖြည့်နေသည်။ ကျန်ရှိနေသေးသော ထင်းရှူးသားတစ်စက အငွေ့တစ်လူလူထွက်လာကာ ဟုတ်ခနဲထတောက်၏။

ခဏချင်းပင် မီးအရှိန်ရလာပြီး ဂူဝတွင် မီးဖိုတစ်ခု ဖြစ်သွားသည်။

"မင်း ညစာအတွက် ခေါပုဉ်ပြုတ်ထားလိုက်တော့။ ငါ ကျန်ခဲ့တဲ့ ထင်းတုံးနဲ့ ထင်းချောင်းတွေ သွားဆွဲလိုက်





ဦးမယ်"

ဦးထော်ရာ ကျွန်တော့်ကိုမှာပြီး ဂူအပြင်ဘက်သို့ ပြန်ထွက်သွားပြန်၏။ ကျွန်တော် ပါလာခဲ့သည့် ဟန်းကော ချိုင့်ကိုထုတ်ယူကာ ညစာအတွက် ခေါပုဉ်နှင့် အသားခြောက်များကိုထည့်၍ ရေပြုတ်ထား လိုက်သည်။ ယခုအချိန်ထိ ခရီးဆက်နေရသည့်ဖြစ်၍ သားကောင်ပစ်ရန် အချိန်မရသေး။ ဤနေရာမျိုး၌ ပါလာသည့်အသားခြောက် များကို ဖုတ်ကင်၍လည်း မစားသောက်ရ။ အသားခြောက်မီးကင်၍ ညှော်နံ့ရလျှင် ယခုလိုညဘက် အချိန်မျိုး၌ အညီအဟောက် အလွန်အင်မတန်ကြိုက်သော တောကင်းကြီးများနှင့် ကင်းမြီးကောက်ကြီးများ ရောက်ရှိလာတတ်ကြသည်။ တောတောင် အတွေ့အကြုံ အတော်အတန်ရင့်ကျက်နေပြီဖြစ်၍ ဒီလောက်ကိုတော့ဖြင့် ကျွန်တော် နားလည်နေသည်။ ခေါပုဉ်နှင့် အသားပြုတ်အိုး

www.burmeseclassic.com



မကျက်မီပင် ဦးထော်ရာတစ်ယောက် ထင်းတုံးကြီးနှစ်တုံးကို ထမ်းကာပြန်ရောက်လာ၏။ လက်တစ်ဘက်ကလည်း ထင်းချောင်းကြီးတစ်ချောင်းကို မနိုင့်မနင်းဆွဲ လာသေးသည်။ ကျွန်တော် ဂူဝမှထွက်ကြိုကာ ထင်းချောင်းကြီးကို ကူဆွဲပေးလိုက်ရတော့၏။ ထမ်းလာသော ထင်းတုံးကြီးနှစ်တုံးကို မီးဖိုဘေးတွင်ချရင်း ဦးထော်ရာက

"ဒီနေရာဟာ တို့အတွက် အမြဲတမ်းစခန်းချလို့ကောင်းတဲ့နေရာပဲကွ။ ဒီနားအောက်ဖက်မှာ ရေရှိဖို့စမ်းချောင်း တစ်ခုလည်းရှိတယ်။ မှင်းအကောင်တွေပစ်ချင်လည်း အတော်ပဲကွ။ နောက်ပြီး ကျောက်တောင်ကြောတွေနဲ့လည်း နီးတယ်။ ငါတော့ ဒီနေရာကို သဘောကျသွားပြီ"

ဦးထော်ရာ သဘောကျသွားသည်ဆိုသည်နှင့် ကျွန်တော်တို့အတွက် ဒီကျောက်ဂူစခန်းသည် အမြဲတမ်း





စခန်းချနေကြသည့် အမှီစခန်းတစ်ခုဖြစ်ရန် ကိန်းသေသွားပြီဖြစ်သည်။ ဦးထော်ရာ၏ အတွေးထဲ၌လည်း ဤနေရာတွင် တစ်လကျော်ကျော်မျှ နေထိုင်ကာ မြေရက်ရင့်သောရက်များတွင် ကျောက်တောင်ကြီးများဆီမှ ကျောက်စက်ရေ၊ ကျောက်သွေး၊ ကျောက်မြုပ်၊ ကျောက်ဖယောင်းများ စုဆောင်းရှာဖွေရမည်ဟု တွေးနေလေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ရက်တွင် ဂူထဲတွင်ပင်နေထိုင်ကာ ပါလာသည့်ပစ္စည်းများကို နေရာချခြင်း၊ လက်နက်ကိရိယာများ ပြင်ဆင်ခြင်းများကို လုပ်ကိုင်နေခဲ့ကြ၏။ ဦးထော်ရာအဖို့ ကျောက်သွေး၊ ကျောက်မြုပ်များ ရှာဖွေရာတွင် အဓိက လိုအပ်သော သားရေနှယ်၊ သားရေကြိုးများကို စစ်ဆေး ပြင်ဆင်နေရသည်။ သူ့သားရေနှယ်၊ သားရေကြိုးအားလုံး မှာ ရှူးပျံရေဖြင့် ပြုလုပ်ထားသော ကြိုးများပင်ဖြစ်၏။ ရှူးပျံရေမှာ သားရေနှယ်၊ သားရေကြိုး လှီးဖြတ်ရာတွင်





အကောင်းဆုံးပထမတန်းစား သားရေပင်ဖြစ်သည်။ ပျော့ပျောင်းနူးညံ့ကာ ကိုင်ဆွဲ၍ကောင်းသလို အလေးအမာ ခံနိုင်စွမ်းလည်းရှိသည်။ သယ်ဆောင်ရာ၌လည်း ခွေခေါက်ရလွယ်ကူ၍ ဝန်ပေါ့သည်။ သို့အတွက်လည်း ကျောက်သွေး၊ ကျောက်မြုပ်ရှာဖွေရာတွင် အဓိကလိုအပ် သော သားရေနှယ်၊ သားရေကြိုးများအတွက် ဦးထော်ရာ ရှူးပျံရေကို ခြစ်ခြစ်ကုတ်ကုတ်ကပ် ထားရသည်။ ဒါတောင် တစ်လောက အပေါ်တန်းတွင် မှတ်မှတ်ရရ သိမ်းဆည်း ထားခဲ့သော ရှူးပျံသားရေများထဲမှ အကောင်းဆုံး၊ အကြီးဆုံးသားရေချပ်ကြီး တစ်ချပ် ပျောက်ချင်းမလှ ပျောက်ခဲ့ရသည်။ ဦးထော်ရာမှာ ယခုအသက် (၄၀) ကျော်သည့်တိုင် မိန်းမမရှိသေး။ အခုနေသောအိမ်မှာလည်း ယခင် သူ၏အမေ အဘွားကြီး အဝေယာမဆုံးခင် ကတည်းက ရှိခဲ့သောအိမ်။ တစ်နည်းအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိဘလက်ထက်ကတည်းက ရှိခဲ့သောအိမ်ပင်။ ဒီလိုဆိုတော့ အိမ်ထောင်မရှိသော၊ မိန်းမမရှိသော ဦးထော်ရာအတွက် အခြားလူတွေလို အိမ်ထောင်ပစ္စည်းများ ထိန်းသိမ်းမည့် လူမရှိ။ မုဆိုးတစ်ယောက်၏ အိမ်တွင်ကား တန်ဖိုးရှိသော တောထွက်ပစ္စည်းမျိုးစုံရှိ၏။ သားရေမျိုးစုံ၊ ဦးချိုမျိုးစုံ တောဆေး၊ တောင်ဆေး၊ ဂမုန်းနွယ်ဝင် ဆေးမြစ် ဆေးဥများအပြင် မကျစ်ဥ၊ ခမ်းတောက်မြစ်၊ ကျောက်သွေး ကတိုးဆီကဲ့သို့သော တန်ဖိုးကြီးရှားပါးပစ္စည်းများလည်း ရှိသေးသည်။ ပြီးတော့ ဦးထော်ရာက လူတစ်မျိုး အခြားမုဆိုး များနှင့်မတူသော လူတစ်ယောက်ပါပေ အဘယ်ကြောင့်ဆိုသော် ဦးထော်ရာမှာ အခြားလူများ ကဲ့သို့ မုဆိုးအလုပ်၊ ဆေးမြစ်ရှာသောအလုပ် ကျောက်သွေး၊ ကျောက်မြုပ်ရှာ သောအလုပ်များကို တစ်ခုချင်းသပ်သပ်စီမလုပ်။ ကြုံရာသင့် သလို (၃) မျိုးစလုံး





အကုန်လုပ်သောလူတစ်ယောက်ဖြစ်သောကြောင့်ပင်။ အများအားဖြင့် ဤဒေသရှိလူများမှာ မုဆိုးအလုပ်ဆိုလျှင် မုဆိုးအလုပ်ကိုသာ စွဲစွဲမြဲမြဲလုပ်ကိုင် လေ့ရှိကြသည်။ အလုပ်တစ်ခု၏ အခြေခံအတိုင်းအတာ၊ အတွေ့အကြုံ၊ ပစ္စည်းကိရိယာများနှင့် သွားရောက်စွန့်စားရှာဖွေကြရသည့် အခြေအနေများကလည်းမတူ။ ဥပမာ မုဆိုးတစ်ယောက် အတွက်ဆိုလျှင် အဆိပ်စူး၊ ဒူးလေး၊ လေးမြားလက်နက် များကို အခြေခံ၍ ဦးချိုသားရေရနိုင်မည့် တိရစ္ဆာန်များ ကျင်လည်ကျက်စားရာ တောတောင်များအထာ။ တောကောင်သဘာဝများကို နှောကျေကျွမ်းကျင်နေပြီး ကိုယ်အလိုရှိသည့် သားကောင်ရရန်အတွက် တောအနံ့၊ တောင်အနံ့ တစ်စိုက်မတ်မတ် လိုက်လံဖမ်းဆီးပစ်ခတ် ရသည်။ ဆေးမြစ်ရှာသမားတစ်ယောက် အတွက်ဆိုလျှင် ကား ဆေးမြစ်၊ ဆေးဥတူးမည့် ကိရိယာတန်ဆာပလာများ နှင့်တကွ အနက်ဆုံးတော၊ အမြင့်ဆုံးတောင်များအထိ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကျော်တက်ရောက်ကာ ကိုယ်အလိုရှိသော ဆေးမြစ် ဆေးဥများကို အချိန်များစွာပေး၍ စွန့်စားရှာဖွေရ၏။ တော ကျောက်သွေး၊ ကျောက်မြုပ်ရှာသူ များမှာလည်း ဆိုင်ရာကြိုးဆိုင်း၊ ကြိုးခွေ အစရှိသော တောင်တက်ပစ္စည်း များနှင့် အပူရှိန်ပြင်းသည့် ကျောက်တောင်၊ ကျောက်လွင်ပြင် များကြားတွင် ရက်ရှည်လများ၊ ကျောက်သွေး ကျောက်မြုပ်ကျင်းများကို ရှာဖွေကာ စုဆောင်းကြရသည်။ ထိုအလုပ် သုံးမျိုးစလုံးကို တစ်ပြိုင်နက်တည်းလုပ်နိုင်ရန် မဖြစ်နိုင်၊ မလွယ်ကူ။ အတွေ့အကြုံ၊ ကျွမ်းကျင်ပိုင်နိုင်ခြင်း များမရှိဘဲ လုပ်၍မရ။ အလုပ်တိုင်းတွင် စွန့်စားမှုများအပြင် သက်ဆိုင်သည့်အန္တရာယ်များက ပြည့်နေသည်။ ယခု ဦးထော်ရာ မှာ ထိုအလုပ်သုံးမျိုးစလုံးကို သင့်သလို ကြုံသလို လုပ်ကိုင်နိုင်သော အာဂမုဆိုးကြီးတစ်ယောက် ပါပေ။ ထို့အတွက်လည်း သူ၏အတွေ့အကြုံ၊ ကျွမ်းကျင်ပိုင်နိုင်ခြင်းများကို လူတိုင်းကလက်ဖျား





ခါခဲ့ကြရ၏။ မုဆိုးအလုပ်တွင်လည်း ဝံလို၊ ကျားလိုသားကောင်ကြီးများကိုပင် ဦးထော်ရာမမှု။ အနက်ဆုံးတော၊ အမြင့်ဆုံးတောင်ထွဋ်များအပေါ်အထိ တက်ရောက်ကာဆေးမြစ်ရှာသည့်အလုပ်တွင်လည်း ဦးထော်ရာမှာ သူများမရောက်ဖူးသည့် တောင်ထွဋ်များ၊ တောနက်ကြီးများအထိ ရောက်ဖူးခဲ့သူ။ ထို့အပြင် ကျောက်သွေး၊ ကျောက်မြုပ်ရှာရာ ကျောက်တောင်၊ ကျောက်သား လွင်ပြင်များဘက်ကျပြန်တော့လည်း သူ့ခြေရာများဖြင့် ထပ်နေပြန်၏။ ထိုကြောင့်ထဲ ဦးထော်ရာ၏အမှုအကျင့်တစ်ခုက တစ်နယ်လုံးရှိလူများ ပြီးအံ့သြလက်ဖျားခါ ကြရပြန်သည်။ ထိုအချက်တစ်ချက် ကပင်လျှင် ဦးထော်ရာမှာ တစ်နယ်လုံးရှိ မုဆိုးများနှင့် တူသော အာဂမုဆိုးကြီးဘွဲ့ပေးထားကြခြင်း လည်း ဖြစ်ပေသည်။ သူတို့ဒေသတွင် မုဆိုးများ၊ အမဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



သားကောင်ပစ်ချိန်၊ ပရဆေး၊ ကျောက်သွေး ကျောက်မြုပ်များရှာကြသည့်အချိန် ပွင့်လင်းရာသီသို့ ရောက်လာလျှင် လော်ပန်ကုန်ဝယ်များမှာ ငွေ၊ ဖန်လက်ကောက်၊ ပယင်းပုတီး၊ စောင်၊ ဂွမ်းလိပ်၊ အဝတ်အထည်၊ အပ်၊ ချည်၊ ဆား၊ မှန်၊ ဓါး၊ လုံ၊ မောင်း အစရှိသော ပစ္စည်းများကို လားကြီးများနှင့်တင်ကာ ရောက်လာတတ်ကြသကဲ့သို့ အာဇီရာနယ်ဘက်မှ တိဗက်ကုန်ဝယ်များသည်လည်း အလျှိုလျှို ရောက်လာတတ်ကြသည်။ သူတို့တွင်ပါလာကြသော ပစ္စည်းများနှင့် ဒေသခံလူများထံမှ တောထွက်ပစ္စည်းများကို ပစ္စည်းချင်းဖလှယ်ဝယ်ယူကြ၏။ အချို့ဆိုလျှင် ပစ္စည်းများကို ကြိုပေးထားနှင့်ကြကာ နွေနှောင်းကာလ မိုးဦးကျမှ တောထွက်ပစ္စည်းများကို လာရောက်သိမ်းယူလေ့ရှိကြသည်။ ဦးထော်ရာမှုကား သူ၌ရှိသော တောထွက်





ပစ္စည်းများကို လောပန်ကုန်ဝယ်များနှင့် တိဗက်ကုန်ဝယ်များ ထံ ဘယ်သောအခါမှမရောင်း။ သူက ကုန်ဝယ်တို့၏ ပစ္စည်းကြိုပေး၊ ဈေးနှိမ်ဝယ်ယူသောစနစ်ကို သိရှိနေပေရာ နှစ်စဉ် သူ၌ရှိသောပစ္စည်းများကို မြန်မာပြည်ဖက်နှင့် အိန္ဒိယဖက်များသို့ ကိုယ်တိုင်အပင်ပန်းခံကာ သွားရောက်၍ ရောင်းချတတ်သည်။ သို့ဖြစ်ရာ အဖိုးတန် ကတိုးဆီ၊ ကြံ့သွေး၊ ကျောက်သွေး၊ သစ်မွှေး၊ ဂမုန်းညှာ၊ နွယ်ချို၊ ဓနွကူးများမှာ ကုန်ဝယ်များပေးသောဈေးထက် သက်ဝက်မက ဈေးနှုန်းမှန်ရသကဲ့သို့ ဒေသန္တရဗဟုသုတ များကိုလည်း ဦးထော်ရာရရှိခဲ့လေ၏။ ထို့ပြင်လည်း မြေပြန့်ဘက်က မြို့သားအသိမိတ်ဆွေများနှင့်လည်း သိကျွမ်းခင်မင်ခဲ့ရကာ ယခုတစ်ခေါက် မြန်မာပြည် မြစ်ကြီးနားမြို့အထိအရောက် ခွန်ဂျာဆိုသော မြို့သား သူ့ဌေးမှုဆိုးလေးတစ်ယောက်ပါ မိမိနှင့်အတူ ပါလာခဲ့ခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထော်ရာ မိမိအကြောင်းများကို ပြန်တွေးရင်း ပစ္စည်းများကို ပြင်ဆင်နေရာမှ ခွန်ကျာ့ဆီတစ်ချက်လှမ်းကြည့် လိုက်သည်။ ဒီကောင်လေးလည်း သူ့ပစ္စည်းပစ္စရာများကို ပြင်ဆင်တိုက်ချွတ်နေ၏။ ဦးထော်ရာအကြည့်ကိုရုတ်ကာ ကိုယ့်အလုပ်ကိုယ်ဆက်လက်လုပ်နေစဉ်ပင်

“ဟာ.. ဦးလေး အသားခြောက်တွေ မရှိတော့ဘူးဗျ”

“ဟေ”

ခွန်ကျာ့စကားကြောင့် ဦးထော်ရာခေါင်းထောင်ထ သွားရသည်။

“ဘယ်လိုဖြစ်တာလဲကွာ။ အထားများမှားလို့လား သေသေချာချာ ကြည့်ပါဦး။ အများကြီးကျန်ဦးမယ့်ဟာ”

ဦးထော်ရာပြောပြီး ခွန်ကျာ့နံဘေးသို့ထလာ၏။

“ကျွန်တော် ကျောပိုးအိတ်ထဲမှာ သေသေချာချာကို ထုပ်ပိုးခဲ့တာပဲ။ မနေ့ညနေကတင် အများကြီးကျန်သေး တဲ့ဟာ။ အခုဟာ အသားခြောက်ထည့် ထားတဲ့





ကျွတ်ကျွတ်အိတ်အခွံပဲကျန်တော့တယ်။ ဒီမှာကြည့်ပါလား”

ကျွန်တော် ဦးထော်ရာကို အသားခြောက်တွေ ထည့်ယူလာခဲ့သည့် ကျွတ်ကျွတ်အိတ်အမည်းကြီးကို မြှောက်သွန်၍ ပြရင်း ပြောလိုက်သည်။ အထဲမှ လက်ညှိုးလောက် အသားခြောက်တစ်တုံးပင် ထွက်ကျလာ၏။ ဦးထော်ရာက ထွက်ကျလာသော အသားခြောက်တုံးလေးကိုကြည့်ရင်း ဝေခွဲမရဟန်ဖြစ်နေလေ သည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း မနေ့ညနေက အများကြီးကျန်နေ သေးသော အသားခြောက်များကို မြင်ယောင်ကာ စဉ်းစား၍မရအောင် ဖြစ်နေရ လေ၏။

“မင်း မနေ့ညက ဒီအထုပ်ကို ဘယ်နားမှာသိမ်းထား လဲ”

“ဒီကျောပိုးအိတ်ထဲမှာ။ ဘယ်မှာမှမထုတ်ပဲ အခုမှ မနက်စာအတွက် သတိရပြီး ထုတ်ကြည့်လိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖြေစကားကြောင့် ဦးထော်ရာမျက်နှာလည်း မစဉ်းစားတတ် သလို ခေတ္တငေးငိုင်သွားသည်။ ပြီးမှ

"အေးဟ.. ဒီလိုဆို တောကြောင်တွေ ဘာတွေဆွဲသွားတာလည်း မဖြစ်နိုင်ဘူး"

"ဘယ်ကလာ .. ဦးလေးကလည်း အကောင်တစ်ကောင် ဆွဲသွားဦး။ အထုပ်လိုက်ပါသွားရမှာပေါ့။ အခုဥစ္စာ ပြီးတော့ ကျောပိုးအိတ်ထဲမှာ ဇစ်ကိုလည်း သေသေချာချာပိတ်ထားတာပဲ"

နှစ်ယောက်သား အသားခြောက်များ ထူးထူးဆန်းဆန်း ပျောက်သွားရသည့် ကိစ္စကို ဘယ်လိုမှ မတွေးတတ်အောင် ဖြစ်နေရတော့သည်။ ပြီးမှ ဦးထော်ရာက လူကြီးပီပီ

"ကဲ.. ထားလိုက်ပါတော့ကွာ။ ဒီနေ့ နေနည်းနည်း သာတာပဲ။ အပြင်ထွက်ပြီး သားကောင်တစ်ကောင်ပစ်တာပေါ့ကွာ" ဟုဆိုကာ ပြဿနာကို အဆုံးသတ်လိုက်သည်။





သို့တိုင် ထူးထူးဆန်းဆန်းအသားခြောက်များ ပျောက်သွားရသည့်ကိစ္စကို ကျွန်တော်စိတ်ထဲတွင် ဘဝင်မကျဘဲ ရှိနေရလေတော့၏။

*မုဆိုးတို့အတွက် တောရှိနေလျှင်* ရိက္ခာအသားကမရှား။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်ကဲ့သို့သော အသားကြီးများစားမလား။ ဒါမှမဟုတ်။ တောကြက်၊ တောဘဲနှင့်ငှက်ကဲ့သို့သော သားကောင်ငယ်အသားကို စားမလား။ နောက်ဆုံး အသားဟင်းလျာများမစားချင်၍ သစ်သီး၊ သစ်ဥ၊ သစ်မြစ်၊ သစ်ရွက်များ စားချင်သလား။ တောအနံ့တောင်အနံ့ မုဆိုးတို့အတွက် ထာဝရသီးကင်းများက အပြွတ်လိုက်၊ အနိုင်လိုက် မှည့်ဝင်းနေကြသည်။ အသားခြောက်များ ပျောက်သွားသောကိစ္စအတွက် နောက်ထပ် အသားခြောက်များရရှိရန် ကျွန်တော်နှင့် ဦးထော်ရာတို့ တစ်ယောက်တစ်လှည့်စီ အပြင်ထွက်၍ သားကောင်များပစ်ခတ်ခဲ့ရသည်။ ပထမညနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တည်းနှင့်ပင် ကျွန်တော်တို့စခန်းချရာဂူနှင့် မနီးမဝေးရှိ စမ်းချောင်းမှ ရေသောက်ဆင်းလာသော ဆတ်ဖားကြီးတစ်ကောင်ကို ကျွန်တော်ပစ်ခတ်ရရှိလိုက်၏။ ဦးထော်ရာကလည်း ချေငယ်တစ်ကောင်ရရှိလာသည်ဖြစ်ရာ ကျွန်တော်တို့အတွက် ရိက္ခာအသားက အောတိုက်သွားသည်။ အသားအချို့ကို အခြောက်လှမ်းကြပ်တင်ထားလိုက်သကဲ့သို့ အချို့ကို မီးကင်ကာ သိမ်းဆည်းထားလိုက်ကြသည်။ ကျွန်တော်တို့ရိက္ခာများထဲတွင် ဆန်ဟူ၍ကားမပါ။ ကောက်ညှင်းပေါင်းကို သစ်သားဆုံတွင် ထည့်ထောင်းကာ အပြားအချပ်များလုပ်၍ နေလှမ်းထားသော ရိုးရာခေါပုဉ်များသာ အများဆုံးပါလာကြသည်။ ခေါပုဉ်မှာ ကြာကြာခံသည့် အပြင် ချက်စားရန်မလို။ မီးကင်လိုက်ရုံ ဝါးကျည်တောက်အတွင်း ထည့်ပြုတ်ရုံဖြင့် စား၍ရသည်။ သို့အတွက် ဒီဒေသရှိ မုဆိုးများမှာ ဆန်အစားခေါပုဉ်ကိုသာလျှင် ထမင်းအဖြစ်





ရိက္ခာဆောင်သွားလေ့ရှိကြ၏။

နွေရက်အနည်းငယ်ရင့်လာပြီဖြစ်၍ တောအတွင်းရှိ တောပန်း၊ သစ်သီး သစ်ဖုများ ပွင့်လန်းသီးပွင့်လာကြသလို တောကောင်များသည်လည်း လှိုင်လှိုင်ထွက်ကာ မြူးတူးပျော်ပါးလာကြပြီဖြစ်လေသည်။ ထို့အပြင်လည်း အနောက်ဖက် ကျောက်တောင်များဘက်ဆီမှလည်း အပူရှိန်ပြင်းလာသည်ဖြစ်၍ ညစဉ်ပင် အော်ဟစ်ညည်းတွားသံများကို ကြားလာ ရပေပြီ။ ထိုမှ မကြာမီပင် ကျောက်ဆောင်ကျောက်တောင်ကြီးများမှ ငိုယိုဟစ်ကြွေးကာ သွေး၊ ချွေး၊ မျက်ရည်တို့ကို အန်ထုတ်ကြပေတော့သည်။ ထိုအခါ ကျောက်ဆောင် ကျောက်တောင်ကြီးများမှ အန်ထုတ်လိုက်သော သွေး၊ ချွေး၊ မျက်ရည်တို့မှာ သူတို့အလိုရှိသော ကျောက်သွေး၊ ကျောက်မြုပ်၊ ကျောက်စက်ရေ ကျောက်ဖယောင်းများပင် ဖြစ်ပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒီတစ်ရက်နှစ်ရက်အတွင်း ငါတော့ ကျောက်တောင်တွေဘက် ခဏဆင်းကြည့်ဦးမယ်''

နှစ်ယောက်သား နေ့လည်စာခေါက်ဆွဲနှင့် ချေသားမီးကင်ကို စားနေကြရင်းမှ ဦးထော်ရာက ပြောလာသည်။ ကျောက်သွေးရှာသောအလုပ်ကို လေ့လာမြင်ဖူးချင်သော ကျွန်တော်ကလည်း

''ဒီလိုဆို ကျွန်တော်လည်း ဦးလေးနဲ့အတူ လိုက်ကြည့်ချင်တယ်။ မနက်ဖြန်သွားကြမလား'' ဟုဆိုတော့ ဦးထော်ရာကပြုံး၍

''အခုဟာ အခြေအနေသွားကြည့်ရုံတင် သွားကြည့်မှာကွ။ မင်းပင်ပန်းမှာပေါ့'' ဟုဆို၏။

''ရပါတယ်။ ကျွန်တော်လိုက်နိုင်ပါတယ်။ ရောက်တုန်းရောက်ခိုက် ဗဟုသုတရတာပေါ့'' လို့ ကျွန်တော်က ထပ်ပြောမှ ''ဒါဆိုလည်း လိုက်ခဲ့ပေါ့ ကွာ''





ဟု ဦးထော်ရာက ပြောကာ ကျောက်သွေးရှာမှုဆိုးများအကြောင်းများနှင့် အစဉ်လာထုံးစံများကို ကျွန်တော့်အား ဗဟုသုတအဖြစ် ပြောပြနေသည်။

''ကျောက်သွေးမုဆိုးတစ်ယောက် ဦးထားပြီးဖြစ်တဲ့ ကျောက်ဂူ ကျောက်လှိုဏ်တွေကို နောက်ထပ် ဘယ်မုဆိုးမှ ခြေဦးမလှည့်ကြဘူး။ မုဆိုးသိက္ခာ အကျမခံဘူးပေါ့ကွာ။ ဒီအတွက် ကျောက်သွေးရနိုင်မယ့် လှိုဏ်ခေါင်းကျောက်ဂူတွေကို သူများမဦးခင် အရင်ဆုံးရှာထားနိုင်လေ ကိုယ့်အတွက် အကျိုးရှိလေဆိုပါတော့''

နှစ်ယောက်သား စကားပြောနေကြရင်း အချိန်အတော်ကြာသွားကြသည်။ ပြီးမှ စားသောက်ပြီးစီး သွားကြသည်ကို သိမ်းဆည်းကြတော့ ...

''ဟင်''

ကျောက်ဂူနံရံတွင် ပြုလုပ်ထားသော သစ်သားစင်ထက်မှ ကြပ်တင်ပြီးသား အသားကင်ပေါင်သားနှစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ခြင်းကို ကျွန်တော်သတိထားမိသွား၏။ ခုနက နေ့လည်စာမစားမီလေးကတင် တင်ထားခြင်းဖြစ်သော ကြောင့် ကျွန်တော် အံ့အားသင့်လျက် ပါးစပ်ဟသွားရလေ တော့သည်။

"ဘာဖြစ်တာလဲကွ"

ဦးထော်ရာက ကျွန်တော့်ပုံစံကိုကြည့်၍ လှမ်းမေးသည်။

"ဒီစင်ပေါ်မှာ ခုနလေးတင် တင်ထားတဲ့ ကြပ်တင်ပြီး သား အသားကင်ပေါင်နှစ်ချောင်း မရှိတော့ဘူးဗျ"

"ဟေ"

ဦးထော်ရာလည်း အံ့ဩဟန်ဖြင့် ကျွန်တော့်အနီးသို့ ချက်ချင်း ရောက်လာ သည်။ သူလည်း အစောပိုင်းကတင် ကျွန်တော့်အသားကင်ပေါင်နှစ်ချောင်းကို စင်ပေါ်တင်လိုက် သည်ကို မြင်လိုက်ရခြင်းကြောင့်ပဲဖြစ်၏။ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် မတိုင်ပင်ဘဲ ကြည့်လိုက် မိကြသည်။



"အေးဟ .. ခုနလေးကတင် မင်းတင်လိုက်တာ ငါလည်းအမြင်သား။ ဘယ်လိုဖြစ်တာတုံး"

ကျွန်တော်လည်း ပြန်ပြောစရာစကားမရှိတော့။ ခဏကြာမှ ဦးထော်ရာက မျက်မှောင်ကြီးကိုကုတ်ကာ စဉ်းစား၍

"ဒီဂူထဲမှာ အကောင်တစ်ကောင်တော့ ရှိနေပြီကွ။ ဒါပေမယ့် ငါတို့လူတွေ ရှိနေလျက်နဲ့ အသားကင်ကို ရဲရဲတင်းတင်းဆွဲသွားလောက်တဲ့"

ဦးထော်ရာစကားက တစ်ပိုင်းတစ်စနဲ့ ရပ်သွားသည်။ ခဏအတွင်း အသားကင်ပေါင်ကြီးနှစ်ပေါင်စလုံးကို ဆွဲသွားနိုင်သော သတ္တဝါကို ဦးထော်ရာလို ဝါရင့်မုဆိုးကြီးပင် ခန့်မှန်းတတ်အောင် ဖြစ်နေခြင်းကြောင့်ပါပေ။ တော တိရစ္ဆာန်ကောင်များဆိုလျှင်လည်း ညဘက်လိုအခါမျိုးသာ အစားအသောက်များကို ခိုးယူဆွဲတတ်ကြသည်ဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



အခုဟာ နေ့ခင်းဘက်ကြီးလူရှိနေစဉ် ဖြစ်သည့်အတွက် ဘယ်လိုမှမစဉ်းစားတတ်အောင်ကို ဖြစ်နေရ၏။ နှစ်ယောက်သား မတိုင်ပင်ရပါဘဲ ဂူထဲ၊ ချောင်ကြိုချောင်ကြားအနှံ့ ရှာဖွေကြည့် လိုက်မိကြသည်။ သတ္တဝါခိုအောင်းနိုင်မည့် ဂူနံရံပေါက် အလျှိုများပင်မချန် ထင်းချောင်းများဖြင့်ထိုးကြည့်ကာရှာဖွေကြသော်လည်း မသင်္ကာစရာဟူ၍ဘာမှမတွေ့။ နောက်ဆုံး လက်လျှော့ကာ နှစ်ယောက်သားအတွေးကိုယ်စီဖြင့် ထိုင်ကာ ခေတ္တငြိမ်သက်နေကြသည်။ အတန်ကြာမှ ဦးထော်ရာ တစ်ယောက် သောဗတို့ပြောခဲ့သော မဟုတ်မဟတ်အကြောင်းတစ်ခုကို သွား၍တွေးမိကာ

"မဖြစ်နိုင်ပါဘူးလေ" ဟု တစ်ကိုယ်တည်း စိတ်ထဲမှခေါင်းခါလိုက်မိလေ၏။ သို့တိုင် သောဗ ပြောခဲ့ဖူးသောစကားများကိုမူ ဦးထော်ရာနားထဲတွင် ပျောက်မသွားဘဲကြားယောင်နေလေဆဲ





"အဟုတ်ပြောတာဗျ.. ခင်ဗျားမယုံချင်နေ။ ကြုံခဲ့တဲ့လူတွေကတော့ လက်တွေ့ပဲ။ အစတုန်းကတော့ ကျုပ်လည်း ခင်ဗျားလိုပဲ ဒါတွေအယုံအကြည် ရှိတဲ့လူမျိုးမှမဟုတ်တာ။ ပြီးခဲ့တဲ့အခေါက်ကတော့ ကျုပ်ကိုယ်တိုင်လက်တွေ့ကြုံ လာရလို့ မယုံလို့မရတော့တာ။ လောကမှာ ဒါမျိုးတွေလည်း အမှန်တကယ်ရှိနေ တာ အံ့သြစရာကောင်းလှတယ်ဗျာ ဒါပေမယ့် တစ်ခုရှိတာ တောထဲတောင်ထဲမှာ ဝံဆွဲကျားဆွဲပြီး သေခဲ့ရတဲ့လူတွေ နည်းမှမနည်းဘဲ။ တစ်ခါမှ ဒါမျိုးမရှိခဲ့ပါဘူးဗျာ။ အခုမှ အဲဒီကောင်က တောင်ပေါ်မှာ တစ်ယောက်တည်းနေတဲ့ မုဆိုးတစ်ယောက်ဆိုပဲဗျ။ မုဆိုးဆိုမှတော့ သိတဲ့အတိုင်း သားစိမ်းငါးစိမ်းမပါဘဲ ထမင်းမှမမြိန်တတ်တာ။ ဒါပေမယ့် အဲဒီကောင်က သူတကာထက်ကို အသားစား ကြူးတဲ့ကောင်ဆိုပဲ။ ဒါသလည်း အင်မတန်ကြီးတဲ့ကောင်လို့ဆိုတယ်။ ပြီးတော့ ကျုပ်တို့၊ ခင်ဗျားတို့သာ ဒီကောင့်ကို မသိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က ဒီနယ်တကြော တောအနှံ့၊ တောင်အနှံ့ ပြုံပြုံစင်လျှောက်သွားနေတဲ့ တစ်ကိုယ်တော်မုဆိုး တစ်ယောက်ဆိုပဲဗျ။ ဒီကောင် ဝံယက်ပြီး မသေခင်တုန်းကဆို ဒီဒေသ တောတောင်တွေဆိုတာ သူ့ခြေရာတွေချည်းပဲလို့ ဆိုတာကို။ အခုလည်း ဒီကောင်တစ္ဆေမကောင်းဆိုးဝါးဘဝ ရောက်နေတာတောင် လူ့ဘဝတုန်းကအတိုင်း တောအနှံ့ တောင်အနှံ့ လျှောက်သွားနေမှာပေါ့။ ပြီးတော့ မကောင်းဆိုးဝါး တစ္ဆေဘဝနဲ့ တောကောင်တွေကိုပစ်လို့ မရနိုင်တော့ သူများပစ်ပြီးသား အသားကင်၊ အသားခြောက်တွေကို အတင်းလုယက်ယူငင်ပြီး စားသောက်မှာ ပေါ့။ ဒီကောင်က လူ့ဘဝထဲက သားစိမ်း ငါးစိမ်းဆို သရဲသဘက်စီးနေတဲ့ ကောင်ပဲ။ အခုလို မကောင်းဆိုးဝါး နာနာဘာဝသရဲတစ္ဆေ ဘဝရောက်တော့ ပိုဆိုးတော့တာပေါ့။ တောထဲမှာ အဲဒီတစ္ဆေနဲ့ သွားတိုးလို့များကတော့ သွားပြီသာမှတ်ပေတော့။



သမျှတောကောင်သား၊ အသားခြောက်တွေဆိုတာ ဘယ်လောက်ပစ်ပစ် မလောက်နိုင်တော့ဘူး။ ရသမျှ ဒီကောင်က လာလာပြီး စားစားသွားတော့ကိုးဗျ။ ပြီးတော့ ဒီကောင်က သူ့အစာရတဲ့မုဆိုးတစ်ယောက်နဲ့ တွေ့သွားရင် တော်တော်နဲ့ မခွာတော့ဘူးဗျ။ မယုံကြည်လို့ သွားပြီးစိန်ခေါ်ကြည့်ပါလား။ အကောင်အထည်ပါပြလာ ပြီး လူကိုအမျိုးမျိုး အနှောက်အယှက် ပေးတော့တာပဲ။ ကျုပ်တောင် အဲဒီလိုသွားစမ်းမိလို့ ဒုက္ခရောက်ခဲ့ရတာ ပေါ့ဗျာ။ အမလေး အခုတောင် ပြန်ပြောရင်း ကြက်သီးတွေတောင်ထလာပြီ''

ဦးထော်ရာ သောဗပြောခဲ့သောစကားများကို ပြန်လည်ကြားယောင်ရင်း မျက်နှာကြီးမသိမသာ တစ်ချက် ပျက်သွားရလေတော့သည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဒီကိစ္စကို သူနှင့်အတူပါလာခဲ့သည့် ခွန်ဂျာအား



www.burmeseclassic.com

www.burmeseclassic.com



သွားအသိပေး၍ မဖြစ်ဟုတော့ တွေးလိုက်မိ၏။ ပြီးမှ သူ့မျက်နှာကိုတစ်ချက်ပြင်လိုက်ကာ သူ့နည်းနှယ် စဉ်းစားနေဟန်ရှိသော မြေပြန့် ညီ့သည်မှဆိုးလေး ခွန်ကျာအား

"ကိုင်း .. ထားလိုက်ပါတော့ကွာ။ ကျန်တဲ့အသား တွေကိုသာ သေသေချာချာ သိမ်းဆည်းထားတော့ နောက်တော့ တရားခံကို တွေ့လာရမှာပေါ့ကွာ" ဟု ပြောလိုက်ရလေတော့သည်။

* * * *





## အခန်း (၄)

နံနက်စောစောကပင်လျှင် စခန်းဂူရှိရာမှ ထွက်ခွာလာကြ၍ ကျောက်သွေးရနိုင်သော ကျောက်ဆောင်၊ ကျောက်တောင်များဘက်ဆီသို့ ကျွန်တော်နှင့်ဦးထော်ရာတို့ ထွက်လာခဲ့ကြသည်။ နေလုံးကြီး တဖြည်းဖြည်း မြင့်တက်လာသည်နှင့်အမျှ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ကြီးများနှင့် ကျောက်တောင်ကုန်း ကျောက်ဖျာလွင်ပြင်ကြောများတွင် အခိုးငွေ့တံလျှပ် များ တရိပ်ရိပ်ပြေး မဲနေကြလေ၏။ ကျောက်တောင်ကြီး များ၏ခြေရင်းရှိ သစ်တောများတွင်လည်း နေရောင်ခြည် ကြောင့် တံလျှပ်အငွေ့တို့ လွင့်တက်နေကြသည်။

ကျွန်တော်နှင့်ဦးထော်ရာတို့ ကျောက်တောင်ကြော တစ်ခုကိုပတ်ကာ ကျောက်သွေးရနိုင်မယ့် လိုဏ်ခေါင်း ကျောက်ဂူများကို လှည့်ပတ်ကာ ရှာဖွေနေကြလေ၏။ ကျောက်တောင်ကြီးများ၏ ထိပ်ဖျားများက မြင့်မားမတ် စောက်ကာ မိုးထိုးနေကြသည်။ တစ်နေရာအရောက်တွင်မူ မြင့်မားဝေးသီလွန်းသော ကျောက်ခါးပန်းတစ်နေရာ၌ တက်လိုက်၊ ဆင်းလိုက် လုပ်ကာ ပျော်မြူးနေသော ငှက်တစ်အုပ်ကို တွေ့မြင်လိုက်ကြရ၏။ ထိုအချင်း အရာကို ကြည့်ပြီး ဦးထော်ရာ မျက်နှာက ဝင်းပသွားသည်။

"ဒါ နေပူရှိန်နဲ့ ပူပြင်းအက်ကွဲနေတဲ့ ကျောက်ကွဲ





ကြောင်းတွေထဲက ကျောက်သွေးစီးကြောင်းတွေကို ငှက်တွေ ထိုးဆင်းလုသောက်နေကြတာကွ။ အဲဒီအပေါ်ထိ တက်လို့မလွယ်ပေမယ့် ဒီကျောက်တောင်ကြီးရဲ့ ကျောက်လိုဏ် ကျောက်ဂူတွေထဲမှာ ကျောက်သွေး၊ ကျောက်စက်ရေတွေ မုချရှိနေပြီ"

ဦးထော်ရာကဝမ်းသာအားရပြောပြီး ကျောက်တောင် ကြီး ခြေရင်းဆီသို့ အပြေးသွားရောက်တော့သည်။ ကျွန်တော် လည်း သူ့နောက်မှ လိုက်ပါသွားရလေတော့၏။ တစ်နေရာတွင် ကျောက်တောင်ကြီးနံရံရှိ လူနှစ်ရပ်ကျော် ကျော်ခန့် အမြင့်၌ ကျောက်လိုဏ်ကျောက်ခေါင်းတစ်ခုကို တွေ့လိုက်ကြရသည်။ ချက်ချင်းပင် ဦးထော်ရာက သူ့ဝံရေအိတ်ကြီးနံဘေးတွင် ချိတ်ဆွဲယူလာသော သားရေနှမ်းငင်ကြိုးများကို ဖြုတ်ယူကာ ကျွမ်းကျင်စွာ အသုံးပြု၍ ကျောက်လိုဏ်ခေါင်းဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်သွား၏ ပြီးမှ ကျောက်ခေါင်းအဝတွင် သားရေနှမ်းငင်ကြိုးကို တွဲလောင်းချပေးပြီး ကျွန်တော့်ကို စွဲတက်စေသည်။ သူတို့လို အကျင့်မရှိသေးသဖြင့် ခဏခဏလည်ကျကာ တံတောင်ဆစ်များ ပွန်းပဲ့ပြီးမှ အပေါ်သို့ကျွန်တော်ရောက်သွား၏။ အပေါ်ရောက်သည်နှင့် ဦးထော်ရာက

"ဒါကြောင့်မို့ မင်းကိုပြောတာပေါ့။ လိုက်လာရင် ပင်ပန်းမယ်ဆိုတာ" ဟု ဆီးကာပြောသည်။ ကျွန်တော် အနည်းငယ်မျှ ပွန်းပဲ့သွားသော တံတောင်ဆစ်မှ ဒဏ်ရာများကို သူမမြင်အောင် အင်္ကျီလက်ကိုဆွဲချရင်း

"ရပါတယ်ဗျာ။ ဒီလောက်နဲ့ မပင်ပန်းသေးပါဘူး။ အကျင့်မရှိလို့သာရယ်" ဟု ဟန်လုပ်ကာပြုံးပြီး ပြောလိုက်ရ၏။ ဦးထော်ရာက ကျွန်တော့်ကိုပြုံးကြည့်ကာ ဘာမှမပြောတော့ဘဲ ကျောက်ခေါင်းထဲသို့ လှည့်ဝင်သွား၏။





ကျွန်တော် သူ့နောက်မှလိုက်ဝင်ပြီး ခြေလှမ်းငါးလှမ်းစာမျှ အရောက်တွင်ပင် တစ်ကိုယ်လုံးအေးစိမ့်သွားလေသည်။ အတွင်းမှ သိပ်သည်းသောအမှောင်ထုက ဆီးကြိုနေလေ၏။ ရှေ့မှလျှောက်ဝင်သွားနေသော ဦးထော်ရာက များဖယောင်းတိုင်ကြီးတစ်တိုင်ကို မီးခတ်ကျောက်နှင့် အတန်ကြာအောင် ထွန်းညှိနေသည်။ ပြီးမှ ကျောက်ခေါင်းထဲသို့ တဖြည်းဖြည်းချင်း တိုးဝင်ခဲ့ကြ၏။ ညှီစို့စို့အောက်သက်သက် လင်းနို့ချေးနံ့များကြောင့် ကျွန်တော့်နှာခေါင်း ရှုံ့လိုက်မိသည်။ ဂူဝတွင် တွဲလဲအိပ်နေကြသော လင်းဆွဲကြီးများက မီးရောင်ကြောင့် လန့်ဖျန့်ပျံပြေး သွားကြ၏။

"ဖလစ်.. ဖလပ်"

"အာ"

"ပျံပြေးသွားကြသော လင်းဆွဲကြီးများကြောင့် ဖယောင်းတိုင်မီးပင် ငြိမ်းလုမတတ်ဖြစ်သွား၍



www.burmeseclassic.com

www.burmeseclassic.com



ဦးထော်ရာလက်တစ် ဖက်ဖြင့် မီးညွန့်ကို အမြန်ကွယ်ထားလိုက်ရသည်။ အတွင်းသို့ရောက်လာသည်နှင့်အမှု ဂူထဲ၌ အေးသတဲ့ အေးစိမ့်လာကြောင်း ခံစားသိရှိလာရ၏။

"ရဲရဲသာဝင်ကွ .. ဒီလောက်အေးတဲ့ဂူထဲမှာ ဘယ်လိုသတ္တဝါမှမနေနိုင်ဘူး"

ဦးထော်ရာက ကျွန်တော့်ကိုလည်း ပြောရင်း ဂူအတွင်းပိုင်းဆီသို့ တိုးဝင်နေသည်။ သဘာဝကား အံ့သြစရာပင်။ ကျောက်ဆောင်ကြီးအပေါ် အပြင်ဘက်၌ အပူရှိန်ပြင်းထန်ကာ အခိုးအငွေ့ တန်လျှပ်များ တရှိန်ရှိန် ဟတ်နေသော်လည်း အတွင်းလှိုဏ်ခေါင်းများအတွင်း၌မူ ရေခဲတမျှအေးစက် စိမ့်ယိုနေပေ၏။ လှိုဏ်ဂူခေါင်းကြီး၏ အမိုးအရံများ၌ ရေခိုးရေငွေ့များပြန်၍ ရေခဲကျီးပေါင်းများပင် တက်နေကြလေသည်။ ကျောက်တောင်တို့၏ သဘာဝကား ဤနှယ်။ အပေါ်မှ အပူရှိန်ပြင်းလေ အတွင်း၌ အေးလေသာတည်း။ တစ်နေရာအရောက်တွင်မူ





ဂူအမိုးပေါ်မှ ကျောက်စက်ရေ တစ်စက်က ကျွန်တော့်လည်ဂုတ်သားပေါ်တည့်တည့်သို့ ကျဦခနဲကျလာခြင်းကြောင့် ရုတ်တရက်လန့်ဖျတ်သွားရလေသည်။ ကျလာသော ရေစက်က အေးလွန်းသဖြင့် အသားထဲသို့ပင် ဖောက်ဝင်သွားသကဲ့သို့ ရှိန်းခနဲခံစားလိုက် ရလေ၏။ ရှေ့မှဦးထော်ရာကမူ လက်ထဲမှ ပျားဖယောင်းအလင်းရောင်ဖြင့် ကြမ်းပြင် တစ်နေရာကို သေချာစွာကြည့်ရှုနေသည်။ ပြီးမှ ခြေတစ်လှမ်းစာမျှ ပြန်ဆုတ် လာပြီး အစောပိုင်းကနေရာကို သေချာစွာထပ်မံ၍ကြည့်လိုက်ပြီး

"ကျောက်သွေးတွေ့ပြီကွ .. မှန်း ဖယောင်းတိုင်ခဏကိုင်ထားစမ်း"

ကျွန်တော် သူ့လက်ထဲမှ ဖယောင်းတိုင်ကိုလှမ်းယူကာ ကျောက်သွေးတွေ့ပြီ ဆိုသဖြင့် စိတ်ဝင်တစားဖြင့် သူကြည့်နေသောနေရာဆီ စိတ်အားထက်သန်စွာ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ မညီညာသော ကျောက်ကြမ်းပြင်ထက်၌ နီရဲရဲ ညိုပျစ်ပျစ်အရာများကို ပထမဦးစွာ ကျွန်တော် မြင်လိုက်ရလေ၏။

"အဲဒါ ကျောက်သွေးတွေလား ဦးလေး"

ဦးထော်ရာက ကျွန်တော်မေးသည်ကို မဖြေသေးဘဲ သူ့ဝံသားရေအိတ်ကြီး ထဲမှ တစ်စုံတစ်ခုကိုထုတ်ယူကာ မြင်တွေ့နေရသော နီနီရဲရဲအရာများပေါ်တွင် ထောင်၍တင် လိုက်၏။ တစ်ထွာတစ်မိုက်ခန့်ရှိ ဝါးကျည်တောက်ငယ် တစ်ခုပါပေ။ ပြီးမှ ဦးထော်ရာက

"ဒါ ကျောက်စက်ရေ ကျောက်သွေးတွေပေါ့ကွ။ ခဲတောင်မခဲသေးဘူး။ နဂိုအတိုင်းပဲရှိသေးတယ်။ အခုမှကျကာစပဲ ရှိသေးတယ်။ ကြည့်ပါလား မင်းဖိနပ် အောက်ကြမ်းပြင်မှာပါ ချောကျိကျိဖြစ်မနေဘူးလား"





ဟုတ်သည်။ သူပြောမှ ကျွန်တော်တို့ရပ်နေသော ကျောက်သားကြမ်းပြင် တစ်ခုလုံးမှ ရေသွေ့များတက်နေ သကဲ့သို့ ချောကျိကျိဖြစ်နေကြောင်း အခုမှသတိထား လိုက်မိ၏။ ဦးထော်ရာက ကျွန်တော့်ကိုပြောပြီး သူချထား သော ဝါးကျည်တောက်ငယ်အဝနှင့် ဝန်းကျင်နေရာကို စူးစိုက်စွာစောင့်ကြည့်နေသည်။ မကြာလိုက် ဖယောင်းမီးရောင်အောက်တွဲ့ အလင်းရောင်ကို ဖြတ်သန်း၍ ကျလာသော အနီရောင်အစက်တစ်စက်ကို ပတ္တမြား ကျောက်နီတစ်ပွင့်ပမာ လက်ခနဲ မြင်တွေ့လိုက်ရ၏။ ခန့်မှန်း၍မရနိုင်သော ကျောက်ခေါင်းကြီး၏ အပေါ်ဘက်ဆီမှ ကျလာသော ကျောက်သွေးတစ်စက် ပေတည်း။ ကျောက်သွေးစက်က ဦးထော်ရာခံထားသော ဝါးကျည်တောက်၏ နှုတ်ခမ်းနေရာ တည့်တည့်သို့ ကျလာကာ အနီရောင်များ လျှံတက်သွားသည် ဦးထော်ရာ ဝါးကျည်တောက်ကို အနည်းငယ်မျှ နေရာရွှေ့လိုက်ပြီး

www.burmeseclassic.com



အပေါ်ဘက်ဆီသို့ တစ်ချက်မော့ကြည့်လိုက်၏။ ပျားဖယောင်း၏ အလင်းရောင်မှာ အပေါ်ဘက် ဆီသို့ ထိုးဖောက်မြင်တွေ့နိုင်ရန် အလင်းအားမရှိချေ။ ကျောက်ခေါင်းကြီး၏ အပေါ်မြင့်ကား ခန့်မှန်း၍မတတ်နိုင်။ မီနစ်အနည်းငယ်မျှ ကြာသွား သည့်ထင်၏။ ထိုခဏတွင်ပင် ဝါးကျည်တောက်တည့်တည့်နေရာဆီသို့ နောက်ထပ် ကျောက်သွေးတစ်စက် ထောက်ခနဲ ကျလာတော့သည်။ ထိုအခါမှ ဦးထော်ရာဆီကစပြီး အသံထွက်လာလေ၏။

“စိတ်မှတ်နဲ့ အကြိမ် (၆၀) မှာ တစ်စက်နှုန်းရှိတယ်ကွ။ နောက်ထပ် ရာသီအပူရှိန်ပြင်းလာရင် အကြိမ် (၆၀) မှာ သုံးလေးစက်တော့ ကျမှာပဲ။ ဒီဝါးကျည်တောက်က သုံးဆယ်သားဝင်တယ်ကွ။ ဒီစကေးနှုန်းအတိုင်းသာဆိုရင် တစ်ပတ်အတွင်း ဒီဝါးကျည်တောက်ပြည့်နိုင်တယ်ကွ ဟဲဟဲ”

ဦးထော်ရာအသံက ဝမ်းသာသံရောနှက်နေ၏။





ဝမ်းမသာဘဲနေလေမလား။ ဤဒေသတွင်ပင် ကျောက်သွေး အဝယ်တော်များက ကျောက်သွေးတစ်ပိသာ လျှင် တစ်နှစ်စာဆားနှင့် အထည်လိပ်များကို ရက်ရောစွာဖလှယ်နေ ကြသည်မဟုတ်လား။ အခုမှ ဦးထော်ရာ တစ်ကိုယ်လုံး ထုံကျဉ်အေးစက် လာသည်ကို သတိထားမိသွားဟန်ရှိ၏။

“ကဲ .. အပြင်ပြန်ထွက်ကြစို့ ခွန်ဂျာ .. ကြာရင် တစ်ကိုယ်လုံးသွေးတွေ အေးခဲသွားမလား မသိဘူးဟ”

* * * *



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းတွင်မူ ဦးထော်ရာ၏အသံက ရှင်မြူးနေတော့၏။ ကျွန်တော်ကိုယ်တိုင်ပင် ကျောက်သွေးတန်ဖိုးကို အနည်းငယ်မျှ ကြားဖူးသိဖူး သည်ဖြစ်၍ သူ့အစားကြားကပင် အားကျနေမိသည်။ သို့သော် စခန်းချရာဂူသို့ ပြန်ရောက် ကြသောအခါ၌မူ ကျွန်တော်တို့အတွက် စိတ်အနှောက်အယှက် ဖြစ်စရာကိစ္စတစ်ခုက ဆီးကြို၍နေပြန်ပါတော့သည်။ အခြားမဟုတ်ပေ၊ တစ်နေ့က အတိုင်းပင် ကြပ်ကင်ထားသော





အသားအချို့နှင့် အသားခြောက်များ သိသိသာသာ လျော့နည်းပျောက်ဆုံးနေခြင်းပင်ဖြစ်လေသည်။ ကျွန်တော် ထိုကိစ္စအတွက် တော်တော်လေးဒေါသဖြစ်သွားရလေ၏။ ဦးထော်ရာပုံစံကမူ တစ်ခုခုကို အံ့ဩနေဟန်မျိုးဖြင့် ပြုံးကြောင်ကြောင်ရှိနေလေသည်။

"တောက် တော်တော်တော့ တရားလွန်လာပြီ။ ကျွန်တော်တို့ ဒီတရားခံကို ချောင်းဖမ်းမှဖြစ်တော့မယ် ထင်တယ်"

ကျွန်တော် ပါးစပ်မှကြိမ်းဝါးရင်း ကျန်ရှိနေသေးသော အသားခြောက်နှင့် ကြပ်ကင်အသားအချို့ကို ခေါ်ပျဉ်များ ထည့်ယူလာသည့် ပီနန်းအိတ် အလတ်စားလေးအတွင်း စုပေါင်းရောထည့်ကာ သေချာစွာချည်နှောင် လိုက်လေ၏။ ယခုအချိန်ထိ ဦးထော်ရာကမူ ဘာတစ်ခွန်းမှဝင်မပြော သေးဘဲ ကျွန်တော်ပြုလုပ်သမျှကို ခပ်ငေးငေးကြည့် နေလေသည်။ ခဏကြာမှ သူလည်းခံပြင်းနေဟန်

www.burmeseclassic.com



လေသံဖြင့်

"မဖြစ်တော့ဘူး။ မနက်ဖြန်တော့ မင်းပြောသလို ချောင်းဖမ်းကြမှဖြစ်မယ်။ တောက် ဘယ်သူတွေ ဘာပြောပြော တွေ့ကြရောပေါ့ကွာ ... ဟ... "

"ဒုန်း.. ဂလွမ်း"

ဦးထော်ရာကြိမ်းဝါးသံမဆုံးလိုက်။ ဂူအတွင်းဘက်ဆီမှ ဇလုံသံ၊ ပန်းကန်ပြားများ တဂွမ်းဂွမ်းပြုတ်ကျသံကြောင့် နှစ်ယောက်သား လန့်ဖျန့်သွားကြရလေသည်။ ကျွန်တော် ချက်ချင်းအသံများ ထွက်ပေါ်လာရာ ဆီသို့ ပြေးသွားကာ ကြည့်ရှုမိလိုက်၏။ သို့သော် ဘာသတ္တဝါကောင်ကိုမှ မတွေ့လိုက်ရဘဲ ရုတ်တရက် ထူးထူးဆန်းဆန်း ကြက်သီးများ တဖြန်းဖြန်း ထသွားခြင်းကြောင့် စိတ်ထဲတွင် တစ်မျိုးကြီးခံစားလိုက်ရလေတော့သည်။ ထိုအချိန် ကျွန်တော့်နည်းနှယ် အနီးသို့ရောက်ရှိလာသော ဦးထော်ရာထံမှ 'ဟိုက်' ခနဲထွက်သွားသော





အာမေဋိတ်အသံတစ်ခုကို ကြားလိုက်ရပြန်၏။

"ဘာ.. ဘာဖြစ်တာလဲ ဦးလေး"

ကျွန်တော် ဦးထော်ရာကို အံ့သြစွာလှမ်း၍အမေး ပြူးကြောင်ကြောင် ဖြစ်နေသော ဦးထော်ရာ၏မျက်နှာကို ထူးဆန်းစွာ တွေ့မြင်လိုက်ရပြန်သည်။ သို့သော် ခဏချင်းပင် ဦးထော်ရာက မျက်နှာကို ကြွေ့ဆည်လိုက်ပြီး

"ဘာ.. ဘာမှမဟုတ်ပါဘူးကွာ။ ရုတ်တရက်ဆိုတော့ ငါလည်း လန့်သွားတာပေါ့"

သူ့အသံက သိသိသာသာပင် တုန်ရင်နေကြောင်း ကျွန်တော်သတိထား လိုက်မိ၏။ ဦးထော်ရာ တစ်ခုခုကို မြင်တွေ့လိုက်ရကြောင်း ကျွန်တော့်စိတ်က အလိုလိုသိနေ သည်။ အကြောင်းမရှိဘဲနှင့် ဦးထော်ရာလို ဝါရင့်မုဆိုးကြီး တစ်ယောက် ဤမျှထိတ်လန့်သွားစရာ အကြောင်းမရှိ။ ကျွန်တော် ဦးထော်ရာမျက်နှာကို သေချာစွာကြည့်ရှု၍



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်မိ၏။

"ဦးလေး ကျွန်တော့်ကိုမညာပါနဲ့။ ဦးလေးတစ်ခုခုကို မြင်လိုက်ရတယ် မဟုတ်လား"

"ဘယ်ကလာ ငါက ဘာကိုမြင်ရမှာတုံး"

ဦးထော်ရာက ပျက်သွားသောမျက်နှာကိုထိမ်းရင်း ခပ်တည်တည်ဖြင့် ငြင်းဆန်နေပြန်သည်။ ကျွန်တော့်စိတ်ထဲတွင် တစ်ခုခုကို ပို၍မသင်္ကာ ဖြစ်သွားရတော့၏။ သို့သော် လူကြီးတစ်ယောက်ကို ဆက်၍အခက်မပေးချင်တော့သည်နှင့် နှုတ်ဆိတ်ကာနေလိုက်တော့သည်။ စိတ်ထဲတွင်တော့ ဤအသား ခြောက်များ ပျောက်ပျောက်နေသည့်ကိစ္စသည် သွေးရိုးသားရိုးကိစ္စ တစ်ခုမှ ဟုတ်ပါလေစဟူသော အဓိပ္ပာယ်မရှိသည့် အတွေးမျိုး ပထမဦးဆုံး ဝင်ရောက်လိုက်မိလေ၏။





## အခန်း (၅)

အသားခြောက်များထည့်ထားသည့် ကျောပိုးအိတ်ကို ခေါင်းခုကာအိပ်ရင်း ကျွန်တော်အိပ်မပျော်ဘဲရှိလေသည်။ ...တွင်ဖိုထားသော မီးဖိုမှမီးညွန့် အနည်းငယ်ကြောင့် ...ထဲတွင် အလင်းခပ်မှိန်မှိန် ထွန်းလင်းနေ၏။ ယာယီအဖြစ် ...ါးခြမ်းများဖြင့် မြုလုပ်ထားသော တစ်ဖက်အိပ်စင်ပေါ်က ...တွင်မှ ဦးထော်ရာမှာ ချည်ကြမ်းစောင်ကြီးတစ်ထည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြို့ကွေးလျက် ဟောက်ကာ အိပ်ပျော်နေလေ သည်။ အဝေးဆီမှ ခွေးအအုပ်တစ်အုပ်၏ အော်ညည်းသံ အူသံသဲ့သဲ့ကို ကြားနေရလေ၏။ ကျွန်တော် ဝါးခင်းအိပ်ရာ ပေါ်တွင် တစ်ချက်လူးလွန့်လိုက်ပြီး ညနေကအဖြစ်ကို တွေးကာ ဘာရယ် မဟုတ် အိပ်ရာဘေးတွင် အသင့်ထား ရှိသော သေနတ်ဆီတစ်ချက်လှမ်း၍ စမ်းမိလိုက်သည်။ ဘယ်လိုအရာမျိုးပဲ ဖြစ်ဖြစ် ကျွန်တော့်လက်ထဲတွင် သေနတ်ရှိနေလျှင် ဘာကိုမှမှုစရာမရှိ။ ယခုခရီးတွင် မကြုံစဖူးထူးဆန်းသော အဖြစ်အပျက်နှစ်ခုကို လာပြီးတွေ့ကြုံ နေရသည်။ ပထမ ကျားပစ်စဉ် စည်းနဲ့ပင်ကြီးပေါ်တွင်တစ်ခါ၊ ယခု အသား ခြောက်များပျောက်ပျောက်နေသည့်ကိစ္စနှင့် ညနေကကိစ္စ ဒီအဖြစ်အပျက် နှစ်ခုလုံးမှာ သာမန်ထက် ထူးခြားနေ ကြောင်း ကျွန်တော့်စိတ်က အလိုလိုသိ နေ၏။ သို့သော် ခွန်ဂျာဆိုသော ကျွန်တော်သည် အရင်တုန်းကရော





အခုချိန်ထိပါ လက်တွေ့မကျသော ဘယ်လိုအရာမျိုးကိုမဆို အယုံအကြည်မရှိခဲ့။ အထူးသဖြင့် လူအများစုမှ ယုံကြည်လက်ခံနေကြသော နာနာဘာဝတစ္ဆေသရဲ ဆိုသည်များကို ကျွန်တော်ပို၍အယုံအကြည်မရှိချေ။ တကယ်တမ်းလည်း ယုံကြည်လောက်ဖွယ် ခိုင်ခိုင်မြဲမြဲ မရှိသော ထိုကိစ္စများမှာ အများအားဖြင့် သူပြော၊ ငါပြော ပုံပြင်ဇာတ်လမ်းများအဖြစ် လောက်သာ ရှိနေတတ်ကြ၏။ ကျွန်တော့်အနေဖြင့် အနီးစပ်ဆုံး တွေးကြည့်၍ရသည်မှာ လူတစ်ယောက်တွင် အဓိကအကျဆုံးအရာမှာ 'စိတ်' သာလျှင်ဖြစ်၍ ကြောက်စိတ်ဝင်ရောက်လာကာ စိတ်ပျော့ညံ့လာချိန် မြင်မိမြင်ရာ မြင်၍ ချောက်ချား ထိတ်လန့်ကြခြင်းသာဖြစ်နိုင်ခြေ အများဆုံးရှိသည်။ တစ်ခုတော့ဖြင့်ရှိ၏။ 'ဝိညာဉ်' ဆိုသောအရာ တစ်ခုကိုမူ ကျွန်တော့်အနေဖြင့် လက်ခံနိုင်ဖွယ်ရှိသည်။ ထိုဝိညာဉ်ကိုမူ



www.burmeseclassic.com

www.burmeseclassic.com



လူတို့က တစ္ဆေသရဲမကောင်းဆိုးဝါး၊ နာနာဘာဝများအဖြစ် ပြောဆိုနေကြသည့် လားမဆိုတတ်။ တကယ်တမ်းက ဝိညာဉ်ဟူသည် အစိုင်အခဲဒြပ်မရှိသော အသက်ဓာတ်တစ်မျိုးသာဖြစ်၍ ထိုအရာသည် ခန္ဓာတစ်ခုမှတစ်ခုဆီသို့ ကူးပြောင်းနေသောအရာ တစ်ခုသာဖြစ်လေ၏။ ထို့အပြင် လူတစ်ယောက်၏ ဝိညာဉ်သည် လူသားသဏ္ဍာန်တစ်ခုနှင့်သာ အနီးစပ်ဆုံးတူညီ၍ မီးခိုးသဖွယ် ခပ်ဝါးဝါး ပုံရိပ်တစ်ခုအဖြစ်သာလျှင် လူတို့တွေ့မြင်နိုင်ကြောင်း ကျွန်တော်မှတ်သားဖူးသည်။ လူတစ်ယောက် သေဆုံးသွားသည်နှင့် သူ၏ဝိညာဉ်သည် ခန္ဓာဟောင်းမှစွန့်ထွက်ကာ သူနှင့်သက်ဆိုင်မည့် အခြားဘုံဌာနတစ်ခု သို့တည်း မဟုတ် အခြားခန္ဓာသစ်တစ်ခုကို မှီတွယ်ရန် ခရီးဆက်ရန်ဟုသာ ကျွန်တော်ကြားဖူး၏။ ထိုကြားကာလတွင် ထိုဝိညာဉ်သည် ဝိညာဉ်နယ်ပယ်တွင်သာ ကျင်လည်ရ၍ တစ်ခါတစ်ရံ





အကြောင်းသင့်လွန်းမှသာ လူတို့မြင်တွေ့ခွင့် ရသည်ဟုဆိုသည်။ လက်ခံနိုင်ဖွယ် နိုင်မာသည့်အထောက် အထား သာဓကများလည်းရှိနေ၏။ သို့အတွက်လည်း ကျွန်တော့်အနေဖြင့် 'ဝိညာဉ်' ဆိုသည်ကို မူ ယုံကြည်လက်ခံနိုင်ဖွယ်ရှိနေခြင်းဖြစ်သည်။ ကျွန်တော်တို့ ကချင်ရိုးရာများတွင်လည်း ဝိညာဉ် နှင့်ပတ်သက်သော ဆုတောင်းပွဲများရှိ၏။ ကျွန်တော်တို့ယူဆသော မကောင်းဆိုးဝါးများဟူသည်လည်း ဝိညာဉ်ဆိုး များကိုသာ ဆိုလိုခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကျွန်တော့်အတွက် လင်းကွင်းလောက် ရှိသော မျက်လုံးကြီးများနှင့် ဗျာလိပ်ကဲ့သို့သော လျှာကြီးများကို ပိုင်ဆိုင်သည့် သဘက်ကြီး၊ ဦးခေါင်းမပါသည့်သရဲ၊ အစွယ်ငေါငေါ ဆံပင်ဖားလျား နှင့် တစ္ဆေမအစရှိသော ယုံတမ်းစကား၊ တစ္ဆေသရဲ မကောင်းဆိုးဝါး၊ နာနာဘာဝများဟူသည် နားထောင်ကောင်းရုံမျှ အဓိပ္ပာယ်မဲ့ အခြေမြစ်မရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



အာရာများဟုသော ခံယူထားခဲ့ခြင်းဖြစ်ပေ၏။

‘ချွတ်’

စိတ်ကူးတည့်ရာလျှောက်တွေးရင်း ရုတ်တရက် ဂူဝမှထွက်ပေါ်လာသော အသံတစ်သံကြောင့် ကျွန်တော့် အတွေးများ ပျက်ပျယ်သွားရသည်။ ဘာလဲ ဟုသောစိတ်နှင့် ဂူဝဆီသို့လှမ်းအကြည့်''

''ဟင်''

ဂူဝနေရာမှ ဖြတ်ပြေးသွားသော အရိပ်တစ်ခုကို မီးဖို ခပ်မှိန်မှိန် အလင်းရောင်ဖြင့် ကျွန်တော်မြင်တွေ့လိုက်ရ ပေ၏။ ချက်ချင်းပင် အိပ်ရာထက်မှ လူးလဲထကာ လက်ကလည်း သေနတ်ကို အသင့်ဆွဲယူပြီးသား ဖြစ်သွားသည်။ ပြီးမှ တောကောင်တစ်ကောင်ပဲဖြစ်မှာပါ ဟူသော အတွေးကြောင့် အသာပြန်ငြိမ်နေလိုက်ကာ သေနတ်ကို အိပ်ရာ နံဘေးတွင် ပြန်ချလိုက်မိလေ၏။ သို့သော် ဦးခေါင်းနှင့် ခေါင်းခုကျော့ပုံးအိတ်ပြန်မထိမီမှာပင်





''ချွတ် ချွတ်''

ဒီတစ်ခါတော့ ဖြတ်ပြေးသွားသော အရိပ်သဏ္ဍာန်ကို ထင်ရှားစွာ တွေ့မြင်လိုက်ရသည်။ ခြေလေးချောင်း ထောက်သတ္တဝါတစ်ကောင်၏ ပုံသဏ္ဍာန်မျိုးလုံးဝမဟုတ်။ လူတစ်ယောက်၏သဏ္ဍာန်မျိုးပါပေ။ ကျွန်တော် သေနတ်ကို ဆွဲယူပြီး ဂူဝဆီသို့ အမြန်ပြေးသွားလိုက်လေ တော့၏။ ဆန်းရက်ရင့်နေသော လတစ်ခြမ်း အလင်းရောင်က မှုန်သီနေသော ခပ်လျှလျှနှင်းမြူများ ကြားတွင် ကွက်တိကွက်ကျား အလင်းမှုန်တန်းများအဖြစ် တွေ့မြင်နေရသည်။ ကျွန်တော် သေနတ်ကိုအသင့်ကျည်ထိုး မောင်းတင်လိုက်ရင်း ဂူအပြင်ဖက်ဆီသို့ တဖြည်းဖြည်းချင်း ထွက်ကာ ပတ်ဝန်းကျင်ကို ရှာဖွေကြည့်လိုက်သည်။ အစောပိုင်းက မြင်တွေ့လိုက်ရသော သဏ္ဍာန်၏ အရိပ်အခြေကို လုံးဝ မတွေ့ရတော့။ အပြင်ဘက်တွင်ကား



www.burmeseclassic.com

www.burmeseclassic.com



တောင်မြင့်ဖျားဘက်ဆီမှ လေအေးများတိုက်ခတ်နေခြင်းကြောင့် အအေးဓာတ်များ လွှမ်းခြုံနေလေသည်။ ကျွန်တော့်တွင် ကမန်းကတမ်း အိပ်ရာထက်မှ အပြေးအလွှားထ လာခဲ့ရခြင်းအတွက် ဖိနပ်မပါ။ စိမ့်အေးသောအအေးဓာတ်က ခြေဖဝါးမှတဆင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသလို ခံစားလိုက်ရလေ၏။ ဖိနပ်မပါဘဲနဲ့တော့ အပြင်ထွက်လိုက်ကြည့်၍မဖြစ်။ ချက်ချင်းပင် ဂူအတွင်းပိုင်းသို့ပြန်ဝင်ကာ အိပ်ရာဘေးတွင် ချထားသော တောစီးဖိနပ်ကို ကမန်းကတမ်းစွပ်ရပြန်သည်။ ဦးတော်ရာကတော့ တခွီးခွီးနှင့်ဟောက်ကာ အိပ်ကောင်းနေဆဲ။ ထိုစဉ် လိုရမယ်ရ တောတိုးဓာတ်မီးကိုယူသွားရန် အမှတ်ရလိုက်ပြန်သည်။ တစ်နေ့က ဦးတော်ရာနှင့်အတူ ကျောက်သွားရှာထွက်စဉ် အတွေ့အကြုံမရှိသဖြင့် ကျောက်ခေါင်းကြီးများထဲသို့ ဝင်ရမည်ကိုမသိခဲ့၍





တောတိုးဓာတ်မီးကို ကျွန်တော်ဆောင်မသွားခဲ့မိ။ နေ့ခင်းဘက်ကြီး သွားရောက်ခဲ့ခြင်းကြောင့်လည်း ပါသည်။ အခုမှ တောတိုးဓာတ်မီးကို အမှတ်ရသွားပြီး ဓာတ်မီးထားသည့် ကျောပိုးအိတ်ဆီ အကြည့်ရောက်သွားရ၏။ ထိုအချိန်တွင်ပင် ဇစ်ပွင့်ကာ ပုံစံပျက်နေသော ကျောပိုးအိတ်ကို ကျွန်တော်သတိထားလိုက်မိတော့သည်။

"ဟင်"

သွားပေပြီ။ ကျောပိုးအိတ်ထဲ ထည့်ထားသော အသားခြောက်ထုပ် တစ်ထုပ်လုံး မရှိတော့။ ကျွန်တော် အလွန်အမင်း အံ့သြစိတ်ဖြင့် ခေတ္တမှင်တက်သွားရလေသည်။ ကျွန်တော် အိပ်ရာထက်မှထကာ ဂူဝသို့ ပြေးထွက်ခဲ့စဉ်နှင့် အိပ်ယာဆီသို့ ပြန်လာခဲ့သည့်အချိန်မှာ ခဏလေးဆိုမှခဏလေး။ ဒီအချိန်တိုလေးအတွင်း အသားခိုးသတ္တဝါသည် ကျောပိုးအိတ်ထဲတွင် သေချာထည့်သိမ်းဆည်းထားသော



www.burmeseclassic.com

www.burmeseclassic.com



အသားခြောက်ထုပ်ကို ရအောင်ခိုးယူသွားခဲ့ လေပြီ၊ နောက်တစ်ခု ကျွန်တော် အခုချိန်ထိ ဂူထဲမှအပြင်သို့ မထွက်ရသေး။ ထိုသတ္တဝါသည် အသားခြောက်ထုပ်ကို ဘယ်လိုဝင်ယူပြီး ဘယ်လိုပြန်ထွက်သွား လေသနည်း။ အစောပိုင်းက ဖျတ်ခနဲမြင်ရသော သဏ္ဌာန်သည် ဒီသတ္တဝါလေးလား ကျွန်တော်များများ မစဉ်းစားနေတော့။

"ဦးလေး.. ဦးလေး ထ.. ထပါဦးဗျ"

အိပ်ပျော်နေသော ဦးထော်ရာကို ကမန်းကတမ်းနှိုးလိုက်တော့သည်။ မုဆိုးပီပီ အအိပ်ဆတ်သော ဦးထော်ရာကလည်း အင်ခနဲအသံတစ်ချက်ပြု၍ ချက်ချင်းပင် ငုတ်တုတ်ထထိုင်ကာ နိုးလာသည်။

"ဘာ.. ဘာဖြစ်တာလဲ ခွန်ဂျာ"

"ကျွန်တော့်ကျောပိုးအိတ်ထဲမှာ ထည့်ထားတဲ့ အသားခြောက်ထုပ်မရှိတော့ဘူး ဦးလေး"

"ဟေ"



"ဟုတ်တယ် ဦးလေး.. ကျွန်တော်...."

ကျွန်တော် ဖြစ်ပျက်ပုံအစအဆုံးကို ဦးထော်ရာအား ပြောပြလိုက်သည်။ ဦးထော်ရာမျက်နှာမှာ အလွန်အမင်း အံ့ဩဟန်မျိုးဖြင့် ခပ်ဖွေးဖွေးဖြစ်သွားလေ၏။

"ဒီ.. ဒီအတိုင်းဆို သော.. သောဗတို့ပြောတာ"

ဦးထော်ရာဆီက တုန်တုန်ချိချိအသံမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွား လေသည်။ ကျွန်တော် သူ့မျက်နှာကို အံ့ဩစွာကြည့်ရင်း ပြန်မေးလိုက်မိ၏။

"သောဗတို့ပြောတာ.. ဘယ်ကသောဗလဲ ဦးလေး"

အခုမှ ဦးထော်ရာက သက်ပြင်းတစ်ချက်ကိုချကာ မျက်နှာကိုအိန္ဒြေပြန်ဆည် လိုက်ပြီး

"မင်း.. တစ္ဆေသရဲဆိုတာကို အယုံအကြည်ရှိလား ခွန်ဂျာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထော်ရာက သောဇတို့ပြောခဲ့သောအကြောင်းကို ပြောပြလိုက်လေ၏။ တကယ်တမ်း သူကိုယ်တိုင်ပင် အယုံအကြည်မရှိလှသော်လည်း အခုခွန်ဂျာ ပြောပြသော ကိစ္စက ထူးဆန်းနေသဖြင့် ပြောပြမိလိုက်ခြင်းဖြစ်သည်။

''အဲဒါပဲကွာ .. ငါလည်း ဒါမျိုးတွေ သိပ်ပြီးအယုံအကြည်မရှိပါဘူး။ ဒါပေမယ့် အခုဟာတော့''

ဦးထော်ရာ စကားကိုရှေ့မဆက်။ ကျွန်တော်လည်း ဦးထော်ရာပြောပြသည့် အသားကြိုက်တစ္ဆေကောင် အကြောင်း နားထောင်အပြီး ဝေခွဲရခက်နေ လေသည်။ ခက်သည်က တစ္ဆေသရဲဆိုခြင်းကို ကျွန်တော်အယုံအကြည် မရှိ။ ထို့ထက် ဒြပ်မရှိအကောင်အထည်မရှိသော ဒီလိုဝိညာဉ်ဆိုးမျိုးတွေက အဘယ်ကဲ့သို့ လူတွေ စားသောက်သော အစားအသောက်များကို စားသောက် နေနိုင်ပါသနည်း။ သက်ရှိလူသားများမှာ ဓာတ်လေးပါးဖြင့်





ဖွဲ့စည်းထားသော ခန္ဓာကိုယ်အား အာဟာရဖြည့်တင်းရန်အတွက် အစာအာဟာရကို စားသုံးနေရ၏။ ခန္ဓာကိုယ်တွင်လည်း အစာအိမ်၊ အူသိမ်၊ အူမကဲ့သို့သော အစာလက်ခံရာ အင်္ဂါများရှိနေသည်။ ဒီဝိညာဉ်မကောင်းဆိုးဝါး သတ္တဝါများ အတွက်ကား ဘယ်လိုအာဟာရမျိုးတွေ လိုအပ်ကာ ဘယ်လိုခန္ဓာကိုယ်နှင့် ဘယ်လိုအစာအိမ်၊ အူသိမ်၊ အူမများရှိနေ၍ လူတွေစားသောက်သည့် အစား အသောက်များကို ဒင်းတို့စားနေကြပါသနည်း။ မဖြစ်နိုင်ပါ။ ချိန်ချိန်ချင့်ချင့် စဉ်းစားကြည့်လေ မဖြစ်နိုင်လေလေပင်။ တစ္ဆေသရဲ မကောင်းဆိုးဝါး နာနာဘာဝဟူသည် အကောင်အထည်မရှိ။ ဒြပ်ထုထည်မရှိသော ဝိညာဉ်ဆိုး လောကသားများပင် မဟုတ်ပါလော။ ကျွန်တော် ဦးထော်ရာကို ပြတ်ပြတ်သားသားပြောလိုက်မိလေတော့၏။

''ကျွန်တော်ကတော့ အခု ဦးလေးပြောပြတဲ့ အကြောင်းကို လုံးဝကို အယုံအကြည်မရှိဘူး။

www.burmeseclassic.com



ဦးလေးစဉ်းစား ကြည့်လေ''

ကျွန်တော်က ကျွန်တော့်အယူအဆများကို ဦးထော်ရာအား ပြောပြလိုက် ပြန်သည်။

''အင်း မင်းပြောသလိုဆိုတော့လည်းပဲ အဟုတ်သားဟ''

''အဲဒါကြောင့်မို့ပြောတာပေါ့။ ကျွန်တော်ကတော့ အဲဒါမျိုးတွေ လုံးဝအယုံ အကြည်မရှိဘူး။ ဒါပေမယ့် အခု အသားခြောက်တွေ ပျောက်သွားတဲ့ကိစ္စ ကတော့ အရမ်းကို ထူးဆန်းနေတယ်။ အကြောင်းတစ်ခုခု၊ အဖြေတစ်ခုခုတော့ ရှိကိုရှိရမယ်။ ပြီးတော့ အစောပိုင်းက ကျွန်တော်မြင်လိုက်ရတဲ့အကောင်ဟာ အမိကတရားခံလို့ပဲ ကျွန်တော်ထင်တယ် ဦးလေး''

ဦးထော်ရာက ဘာမှထင်မြင်ချက်မပေးတော့။ သူ့မျက်နှာက တွေတွေငေးငေးဖြင့် တစ်ခုခုကို စဉ်းစားနေဟန် ရှိလေတော့သည်။ ထိုစဉ် ဂူထဲတွင်ဖိုထားသော မီးဖိုမှ



မီးညွန့်များသေသွားသဖြင့် ဂူအတွင်း၌ အလင်းရောင်အားနည်းကာ မည်းမှောင်ကျသွားလေသည်။ တစ်ဘက်တောင်ကြောဆီမှ တောကြက်ဖများ၏ တွန်သံသည်လည်း ခပ်ဝေးဝေး၌ ထွက်ပေါ်လာကြလေ၏။

''ကိုင်း ခွန်ကျော မကြာခင် မိုးတောင်လင်းတော့မယ်ထင်တယ်ကွ။ မင်းတစ်ရေးမှ မအိပ်ရသေးဘူးမဟုတ်လား။ ခဏအိပ်လိုက်ဦး''

ဦးထော်ရာက ကျွန်တော့်ကိုပြောပြီး မီးဖိုမှထင်းချောင်းများကိုထိုးရန် ဂူဝသို့ ထသွားလေသည်။ သူ့ချည်စောင်ကြီးကိုလည်း ဆွဲယူကာ ခြုံသွားလေ၏။ မိုးလင်းခါနီးအချိန်ဖြစ်၍ အအေးဒဏ်က သိသိသာသာပိုကဲလာသည်မဟုတ်ပါလော။ အခုမှ ကျွန်တော်လည်း အိပ်ရာခင်းပေါ်လှဲကာ ဂွမ်းစောင်ကိုဆွဲယူ၍ ခြုံလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထော်ရာအဖို့ ဒီရက်ပိုင်းအတွင်း ကျောက်သွေးစောင့်ရင်း အမဲလိုက်သည့်အလုပ်တစ်ခုကလွဲပြီး ဘာအလုပ်မှမရှိ။ သူ အမဲကောင်များကို ရသမျှပစ်ခတ်နေကာ အသားခြောက်ခိုးတရားခံ အကြောင်းကို စကားပင်မစပ် တော့ပေ။ ကျွန်တော်ကတော့ ထိုကိစ္စကို လုံးဝမေ့မသွား။ ဦးထော်ရာ အမဲပစ်ထွက်၍ ဂူထဲတွင် အစောင့်အဖြစ် ကျန်ခဲ့စဉ်များ တွင်ပင် သေနတ်တစ်လက်ဖြင့် ဂူအပြင်သို့ထွက်ကာ အမဲထွက်လိုက်ဟန်ပြုပြီး





နှင့်မနီးမဝေးတစ်နေရာတွင် အမြီးချောင်း၍ အသားခိုးသည့်သတ္တဝါကို စောင့်ဖမ်းနေမိသည်။ ဒီတစ်ရက်နှစ်ရက်အတွင်းတွင်တော့ ဘာမှမထူးခြား။ ဦးထော်ရာပစ်ခတ်ထားသော အသားများကလည်း အလျှံပယ်ဖြစ်နေသဖြင့် အသားစို၊ အသားခြောက်များလျော့သွားသွားမှာလည်း ခန့်မှန်း၍မရနိုင် ဖြစ်နေ၏။ သို့သော် (၃) ရက်မြောက်သောရက်တွင်တော့ ကျွန်တော့်ထုံးစံအတိုင်း နံနက်စာအတွက် ချက်ပြုတ်ပြီးခဲ့ပြီး ဂူထဲမှထွက်လာကာ ချောင်းနေကျနေရာတွင် ပုန်းထိုင်၍ မလှမ်းမကမ်းတွင်မြင်နေရသောဂူဝကို မမိုတ်မသုန်ကြည့်နေမိလေ၏။ ထိုစဉ်ပင်

"ဂျွတ်"

နောက်ဘက်မှ ချွတ်နင်းသံတစ်ခုကြောင့် ကျွန်တော်လှည့်၍ကြည့်လိုက်မိသည်။ ဖော်ရွေသောခပ်ပြုံးပြုံးမျက်နှာနှင့် လူတစ်ယောက်ကို

www.burmeseclassic.com



ရုတ်တရက်မြင်တွေ့လိုက်ရသဖြင့် ကျွန်တော်အံ့အားသင့်သွားရလေတော့သည်။ အသက် (၃၀) ကျော်ခန့်ရှိမည့် ပိန်လှီဖျော့တော့သော လူတစ်ယောက်၊ ဒီဒေသ တောဝင်မုဆိုးတို့၏ ထုံးစံအတိုင်း သားမွေး ဝတ်စုံဝ အိတ်ကြီးနှင့် လေးကိုင်းတစ်ခုကို လက်တွင်ကိုင်ဆွဲထာ လေသည်။ ပြီးမှ ကျွန်တော့်အသိတွင် ကျွန်တော်တို့နည်းတူ ပင် အမဲပစ်ကျောက်သွေးရှာရန် ရောက်လာသည့်မုဆိုး တစ်ယောက်ပင် ဖြစ်မယ်ဟူသော အတွေးဝင်ရောက်လာ ကာ သူ့ကိုပြန်၍ပြုံးပြလိုက်လေ၏။ ထိုစဉ် ထိုလူက အနီးသို့ရောက်လာပြီး

"ခင်ဗျားတို့ ဒီနားမှာ စခန်းချနေကြတယ်နဲ့တူတယ်" နှုတ်ဆက်သလို၊ မေးသလို ပြောလာသော သူ့စကားကို အလိုက်တသင့်ပင် ကျွန်တော်ပြန် ဖြေလိုက်ကာ ပြန်ပြီးမေးလိုက်သည်။





"ဟုတ်တယ်.. ဟိုဖက်နားက ကျောက်ဂူထဲမှာ ကျွန်တော်တို့စခန်းချနေ ကြတယ်။ ဒါနဲ့ ခင်ဗျားလည်း ကျောက်သွေးရှာဖို့ ဒီဘက်ရောက်လာတာလား"

သူက ချက်ချင်းမဖြေသေးဘဲ ပခုံးထက်မှ ရေအိတ်ကြီးကို ထင်းရှူးပင်ကြီး တစ်ပင်ခြေရင်းတွင်ဖြုတ်ချ ာ ထိုင်လိုက်ပြီးမှ

"ကျုပ်က ကျောက်သွေးမရှာပါဘူး။ အမဲပစ်ရုံသက် သက်ပါ။ တစ်ခါမှ ဒီဘက်ကိုမရောက်ဖူးဘူး။ ဒီနှစ်တော့ ဘက်မှ သားကောင်တွေပေါ်မလားလို့ စမ်းတက်လာခဲ့ တာ"

"ဪ.. ခင်ဗျားက အမဲပစ်မုဆိုးတစ်ယောက်ကိုး" ကျွန်တော်ပြောရင်း သူ့ပုံစံကို အနည်းငယ်အကဲခတ် သလို ကြည့်လိုက်မိသည်။ အမဲပစ်မုဆိုးသာဆိုသော်လည်း သူ့ပုံစံက ဒီဒေသက မုဆိုးတွေကို မာတင်းကြံ့ခိုင်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



ပိန်လိုလို၊ ဖျော့တော့တော့နှင့် လူမမာရုပ်ပေါက်နေကြောင်း သတိထားလိုက်မိ၏။

"ခင်ဗျားပုံစံကြည့်ရတာ သိပ်ပြီးမကျန်းမာဘူး ထင်တယ်"

ကျွန်တော့်နှုတ်မှ လွှတ်ခနဲပြောလိုက်မိသည်။

"ဘာဖြစ်လို့လဲ"

သူက ရုတ်တရက်ပြန်မေးလိုက်တော့ ကျွန်တော် ဘယ်လိုပြန်ပြောလိုက်ရမှန်း မသိတော့။ ထိုစဉ် ထိုလူက ဟက်ခနဲ တစ်ချက်ရယ်၍

"ခင်ဗျားက ကျုပ်ပုံစံကိုကြည့်ပြီး ပြောလိုက်တာ မဟုတ်လား။ ကျုပ် ကောင်းကောင်းကျန်းမာပါတယ်။ ဘာမှ မဖြစ်ပါဘူး။ အမဲပစ်နိုင်တဲ့ ကြံ့ခိုင်မှုလည်း ကျုပ်မှာ အများကြီးရှိတယ် ဒီမှာကြည့်ပါလား"





ပြောပြောဆိုဆို သူက ကျောတွင်ကပ်လွယ်ထားသော သားရေမာအိတ်ထဲမှ မြားစူးတစ်ချောင်းကို ဆွဲထုတ်လိုက် ကာ လေးညို့တွင်တင်လိုက်လေ၏။ ပြီးတော့ ချက်ချင်းပင် မလှမ်းမကမ်းရှိ လူကြီးလက်မောင်းလုံးခန့်ရှိသည့် အပင်တစ်ပင်ကို ပစ်ခတ်လိုက်သည်။ ညို့ကြိုးလျှပ်ခါသွားသံ နှင့်အတူ မြားစူးက လေးညို့မှ ချွမ်းခနဲ ပြေးထွက်သွားကာ လက်မောင်းလုံးခန့် သစ်ပင်ကို ဒုတ်ခနဲထုတ်ချင်း ခတ်စွဲဝင် သွား၏။ ကျွန်တော် သူ့မြားချက်ကို အံ့အားသင့်သွား ရလေတော့သည်။ သားကောင်တစ်ကောင်သာဆို ချက်ချင်းဘုန်းဘုန်းကျ လဲသေသွားနိုင်လောက်သည့် ပြင်းထန်လွန်းသော ပစ်ချက်။ ကျွန်တော့် သူ့အရည်အချင်း ကို ကြည့်ကာ ချက်ချင်းဖြုံသွား၏။

"ကဲ ဘယ့်နှယ့်လဲ။ ခင်ဗျားလက်ထဲက သေနတ်ကြီးလောက်တော့ ကျုပ်မြားစူးက အပျော့ပေါ့ဗျာ"

ပြောပြီး ထိုလူက ထင်းရှူးပင်ရင်းတွင် ချထားသော



www.burmeseclassic.com

www.burmeseclassic.com



သူ့ဝံရေအိတ်ကြီးကို ကောက်ယူကာ နေရာမှချက်ချင်းထွက်သွားလေတော့သည်။ ကျွန်တော် မယုံကြည်နိုင်လောက်ဖွယ် လျင်မြန်မှုနှင့် သစ်တောများကြား တိုးဝင်ပျောက်ကွယ်သွားသော ထိုလူကို အံ့သြစွာငေးကြည့်ရင်း ရပ်ကျန်ခဲ့ရလေတော့၏။

* * * *





## အခန်း (၆)

ကျွန်တော် မနက်ပိုင်းကတွေ့ခဲ့ရသော လူအကြောင်းကို ဦးထော်ရာအား ပြောပြတော့။

"ဒီအချိန်က တို့မုဆိုးတွေအတွက် ပွင့်လင်းရာသီပဲကွာ။ အခြားတစ်ရွာရွာက မုဆိုးတစ်ယောက်ဖြစ်မှာပေါ့။ ဒီလိုပဲ ဒီနေရာတွေမှာ မုဆိုးတွေ မကြာမကြာ ရောက်လာတတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ။ ဒါပေမယ့် သူ့စည်း၊ ကိုယ့်စည်းနဲ့ စခန်းချပြီး ကိုယ်လိုချင်တဲ့ အမဲကျောက်သွေးရှာကြတာပဲ။ သမုဒ္ဒရာဆေး တစ်ယောက်တည်း သောက်လို့မှ မကုန်နိုင်ဘဲကွာ'' ဟု ခပ်ပေါ့ပေါ့ပင်ပြော၏။ ကျွန်တော် ထိုမုဆိုးဆိုသည့်လူ ပစ်သွားခဲ့သော လက်စွမ်းကိုတော့ ဦးထော်ရာအား မပြောဖြစ်ခဲ့ တော့။ ပြောလည်း ဦးထော်ရာအနေနှင့် အံ့ဩလိမ့်မည်မဟုတ်ဟု ကျွန်တော်တွက်ထားသော ကြောင့်ပင်။ အဘယ်ကြောင့်ဆိုသော် ဦးထော်ရာသည် လည်း ထိုနည်းနှယ်အစွမ်းထက်သော မုဆိုးတစ်ယောက်ပင် မဟုတ်ပါလော။ သူ၏ ဒူးလေးကြီးကပင် အခြားမုဆိုးများ ကိုင်သည့် ဒူးလေးများထက် ကြီးမားလွန်းသော ဒူးလေးကြီးတစ်လက်ဖြစ်နေကာ သူကိုယ်တိုင် စပါယ်ရှယ်ပြုလုပ်ထားသော မြားစူးများကလည်း ကျောက်သားကိုပင် စွဲဝင်သည်ဟု နာမည်ကြီး လှသော





အထင်ကရ ဝါရင့်မုဆိုးကျော်ကြီးလည်း မဟုတ်ပါလော။

သို့သော် ကျွန်တော့်အနေနှင့်ကမူ မနက်ပိုင်းက တွေ့မြင်ခဲ့ရသောမုဆိုးကို စိတ်ထဲတွင် ထူးဆန်းသကဲ့သို့ ရှိနေလေ၏။ သူ့ပုံစံကို၌က ကျွန်တော့်အမြင်တွင် ထူးခြားနေသလိုပင်။ ဒီလူ ဒီတောပတ်ဝန်းကျင် တစ်ဝိုက်တွင်ပင် စခန်းချနိုင် လောက်သည်ဟုလည်း တွေးလိုက်မိ၏။ ဘာပဲပြောပြော နောက်ထပ်တစ်ကြိမ် လောက်တော့ ဒီလူ့ကို ကျွန်တော် ထပ်တွေ့ချင်နေမိသည်။ သို့အတွက် မနက်ဖြန်တော့ ဦးထော်ရာအား ကျွန်တော် တစ်လှည့် တောလည်ဦးမည်ဟု အကြောင်းပြကာ ဒီတောဝန်းကျင်တစ်ဝိုက်၌ ထိုလူ့ကို ရှာကြည့်ရန် ကျွန်တော်စိတ်ဆုံးဖြတ်ချက်လိုက်မိလေတော့သည်။

သို့သော် ထိုလူ့ကို ကျွန်တော်ရှာဖွေစရာပင်မလိုတော့။ နောက်တစ်နေ့ မနက်စောစောအချိန်တွင်ပင် စခန်းနှင့် မလှမ်းမကမ်းအောက်ဘက်တစ်နေရာရှိ စမ်းချောင်းငယ်သို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရေသွားခပ်ရင်း သူနှင့်ပက်ပင်းလာတွေ့ရတော့သည်။ ဒီတစ်ခါတော့ ကျွန်တော်ကစပြီး သူ့ကိုအဦးဆုံးနှုတ်ဆက်လိုက်သည်။ ထိုလူကလည်း ကျွန်တော့်ကို ဖော်ရွေစွာပင် ပြန်လည်နှုတ်ဆက်ကာ စမ်းချောင်းနံဘေးတွင်ထိုင်ကာ နှစ်ယောက်သားစကားတော်တော်ကြာပြောဖြစ်ခဲ့ကြလေတော့သည်။ ထိုအခါမှ ထိုလူ့နာမည်မှာ 'လူနီ' ဖြစ်ကြောင်းနှင့် ကျွန်တော့်နည်းတူ ကချင်အမျိုးသားတစ်ယောက်ဖြစ်ကြောင်း သိခဲ့ရတော့သည်။

"ကျုပ်တို့သားအဖ ဒီနယ်ဖက်ကိုရောက်စတုန်းက ကျုပ်အသက်က ဘာရှိဦးမှာလဲ။ ဆယ်နှစ်ကျော်ကျော်ပဲ ရှိသေးတယ်။ နောက် ကျုပ်အသက် (၂၀) ကျော်လောက်မှာ ကျုပ်အဖ ဝံကုတ်ခံရပြီး သေသွားခဲ့တယ်။ အဲဒီအချိန်ကစပြီး ကျုပ်တစ်ယောက်တည်းပဲ နေလာခဲ့တာ အခုချိန်ထိပဲဆိုပါတော့။ အဖပေးခဲ့တဲ့ မုဆိုးအတတ်ပညာနဲ့ပဲ ကျုပ်တောထဲမှာ ကျင်လည်ခဲ့တယ်။ ကျုပ်အဖို့က



အခြားနယ်ဘက်က မုဆိုးတွေလို မိသားစုအရေးနဲ့ သားကောင်တွေ ရှာပစ်၊ အရိုးအရေခွံသားရေတွေ ရောင်းချပြီး အပူတကောရှာဖွေရအောင် လောဘမရှိဘူး။ ကျုပ်အတွက်က တစ်ကိုယ် ရည်တစ်ကာယသမားပဲ။ ကိုယ်စားလောက်ရုံ နည်းနည်းပါးပါးလိုအပ်တဲ့ ရိက္ခာပစ္စည်း အသုံးအဆောင် ပစ္စည်းလေးတွေ ဝယ်ရရုံလောက်ပဲ အမဲပစ်တယ်။ အခြားမုဆိုးတွေလို လောဘသက္ကရနဲ့ သားကောင်တွေကို ရှာမပစ်ဘူး။ အဲ ဒါပေမယ့် ကျုပ် ဝံလိုကောင်မျိုးတွေကိုတော့ အားကြီးမုန်းတယ်။ ဒီကောင်တွေလက်ချက်နဲ့ ကျုပ်အဖသေခဲ့ရတာ မဟုတ်လား။ ဒီအကောင်တွေကိုတော့ တွေ့တဲ့နေရာမှာ ကျုပ်အလွှတ်မပေးဘူး။ အခုလည်း ရေခဲတောင်တွေပေါ်က ဆင်းလာကြမယ့် ဝံအုပ်တွေကိုပစ်ဖို့ ကျုပ်ဒီဖက်ဆင်းလာတာ။ ကျုပ်အဖကိုသတ်ခဲ့တဲ့ ဒင်းတို့ကို ကျုပ်အသက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တည်မြဲနေသ၍ ရနိုင်သလောက် ပစ်နိုင်သလောက် ကလဲ့စားချေ သတ်ဖြတ်ဖို့ဟာ ကျုပ်အလုပ်ပဲ။ အဲဒါ ကျုပ်ဘဝအတွက် တစ်ခုတည်းသော ရည်ရွယ်ချက်လည်းဖြစ်တယ်၊ အခုဆို ကျုပ်ဒီတောတောင်တွေထဲမှာ တစ်ယောက်တည်း နေထိုင်ကျင်လည်ပြီး ဝံတွေကို ရှာဖွေပစ်ခတ်နေတာ နှစ်မနည်းတော့ဘူး။ ဒီတောတွေထဲကနေ ဘယ်မှမထွက်တော့။ ဒီနားတဝိုက်မှာ ရှိတဲ့ ရွာတွေကလည်း ကျုပ်ကိုသိတဲ့သူ မရှိသလောက်ဘဲ ဆိုပါတော့။ ကျုပ်ကလည်း တစ်ယောက်တည်း နေလာခဲ့တာကြာတော့ ဘယ်သူနဲ့မှလည်း အပေါင်းအသင်း လုပ် မဆက်ဆံနေတော့ဘူး။ အခု ခင်ဗျားဟာ ကျုပ်အပေါင်းအသင်းလုပ်တဲ့ ပထမဆုံး လူတစ်ယောက်ပဲ။ ဒါကလည်း ခင်ဗျားဟာ ဒီဒေသမှာ ရှားရှားပါးပါးတွေ့ရတဲ့ ကချင်လူမျိုးတစ်ယောက်ဖြစ်နေလို့ပဲ''





လူနီက သူ့အကြောင်းများကို ခပ်ရှည်ရှည်ပြောပြပြီး သူ့စကားကို အဆုံးသတ်သွားသည်။ ကျွန်တော် သူ့ကို တစ်ချက်ကြည့်ကာ မေးလိုက်၏။

''ဒီလိုဆို ခင်ဗျားက ကျွန်တော့်ကို ကချင်အမျိုးသား တစ်ယောက်မှန်း သိနေတာပေါ့''

''ဟုတ်တယ်လေ ကျုပ် မင်းကို မြင်မြင်ချင်း ကချင်တစ်ယောက်မှန်း သိပါတယ်။ ပြီးတော့ မင်းလက်ထဲမှာ ကိုင်ထားတဲ့ လက်နက်ကလည်း သေနတ်လေကွာ။ ဒီတော့ မင်းဟာ မြေပြန့်ဘက်က ရောက်လာတဲ့ မြို့သားညွှန့်သည့် တစ်ယောက်ဆိုတာ ကျုပ်ခန့်မှန်းလို့ရနေတာပဲ မဟုတ်ဘူးလား''

လူနီလေသံက ပြောရင်း ရင်းနှီးဟန်ပါလာသည်။ ကျွန်တော်လည်း သူ့မျက်နှာပေါက်လေသံဟန်ပန်ကို ဘာကြောင့် ရယ်မသိ စိတ်ထဲတွင် အလိုလိုရင်းနှီးခင်မင်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကိုလူနီ အသက်ဘယ်လောက်ရှိပြီလဲ"

"ကျုပ်လား .. အင်းရှိမယ်ဆိုရင်တော့ အခုဆို သုံးဆယ်ပေါ့"

သူ့ဖြေပုံက တစ်မျိုးပဲဟု ကျွန်တော်တွေးလိုက်မိသည်။ ကျွန်တော့်အသက် ကလည်း ပြီးခဲ့သည့် ဒီဇင်ဘာလမှ ၂၉ နှစ်ပြည့်ကာ ၃၀ တွင်း။ သူနဲ့သိပ်မကွာ၊ ငယ်ငယ်ကြီးကြီး လပိုင်းမျှလောက်သာ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိ ပြန်၏။ ထိုစဉ် လူနီက

"ကျုပ်က မင်းထက် (၄) လလောက်တော့ ကြီးလိမ့်မယ်။ ကျုပ်မွေးတာက ဩဂုတ်လလေ။ ကဲ သွားဦးမယ်။ စကားကောင်းနေတာနဲ့ ကျုပ်လည်းခဏနေ တောထဲထွက်ရဦးမယ်"

ပြောပြီး လူနီက ကျွန်တော့်ကိုနှုတ်ဆက်ကာ စမ်းချောင်းအနားမှ ရုတ်တရက်ကျောခိုင်း ထွက်ခွာသွားလေ တော့၏။ သူ့လက်ထဲတွင် ရေလာခပ်သည့်



ဝါးဆစ်ဘူးတစ်စုံတစ်ရာမပါကြောင်း ကျွန်တော်သတိထား လိုက်မိသည်။ ကျွန်တော် ကြောင်ငေးကာ စမ်းချောင်း နံဘေးတွင် ကျန်ရစ်ခဲ့ပြန်၏။

ဝါးဆစ်ရေဘူးနှစ်ဘူးကိုဆွဲကာ ကျောက်ဂူရှိရာ ပြန်ခဲ့စဉ်မှာတော့ လူနီအား သူ့စခန်းချနေသည့်နေရာကို မမေးမိ လိုက်ရခြင်းကို မချင့်မရဲဖြစ်နေရသည့်အပြင် ရုတ်တရက်အလစ်အငိုက် နှုတ်ဆက်ကာ ထွက်ခွာသွား တတ်သော လူနီ၏အမူအကျင့်ကိုလည်း နားမလည်နိုင် သလို ရှိနေရလေတော့သည်။ ကျွန်တော် စခန်းဂူသို့ ပြန်ရောက်တော့ ဦးထော်ရာက ခေါပျဉ်မီးကင်နှင့် အသားခြောက်မီးဖုတ်ကို အကြမ်းရည်ကျည်တောက် တစ်လုံးနှင့် စားသောက်နေလေပြီ။ သူက ကျွန်တော့်ဂူထဲသို့ ဝင်လာသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"ရေခပ်သွားတာ ကြာလှချည့်လားကွ။ ခေါပျဉ်မီးကင်နဲ့ အသားခြောက်တွေ တောင် ကျက်နေပြီ။ တစ်ခါတည်း ဝင်စားလိုက်တော့" ဟု လှမ်းခေါ်၏။

"ဒီနေ့ ကျွန်တော်တောထဲလည်မလားလို့ အနီးဝန်းကျင်ကို နည်းနည်းလျှောက်ကြည့်နေလို့ ကြာသွားတာ" ဟု ကျွန်တော်အလိုက်တသင့်ပင် ဦးထော်ရာကို ပြန်ပြောရင်း ဝါးဆစ်ဘူးရေဘူးနှစ်ဘူးကို ထားနေကျနေရာ ဂူနံရံတွင် ကပ်ကာ ထောင်ချလိုက်၏။ ပြီးမှ သူထိုင်နေသော မီးဖိုနံဘေးဆီသို့ လျှောက်သွားကာ ထင်းတုံးတိုတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်သည်။ ဦးထော်ရာက ကျွန်တော့်ရှေ့သို့ ခေါပျဉ်မီးကင်နှင့် အသားခြောက်ဖုတ်များ ထည့်ထားသည့် သံပန်းကန်ပြားကို တွန်းရွှေ့ပေးရင်း





"ငါ ပစ်ထားတဲ့ အသားခြောက်ရိက္ခာတွေ အများကြီးပဲ ရှိတဲ့ဟာ... မင်းက သားကောင်ထပ်ပစ်ဦးမလို့လား" ဟု မေး၏။ ကျွန်တော်က ခေါပျဉ်တစ်ချပ်ကို ယူဝါးလိုက်ပြီးမှ

"သားကောင်ငယ်မပစ်လည်း သားကောင်ကြီးတွေ ဘာတွေတွေ့လိုတွေ့ငြား ရှာပစ်မှာပေါ့ဗျ။ ကျွန်တော့်အတွက် အပြန်ခါ မှတ်မှတ်ရရ လက်ဆောင် တစ်ခုတော့ ယူသွားဦးမှပေါ့။ ဒီနယ်ဘက်ရောက်ပြီး ဘာမှမပစ်ရလို့ ဘယ်ဖြစ်မလဲ" ဟု ပြန်ပြောလိုက်မှ ဦးထော်ရာက ရယ်၍

"ဟဲဟဲ ဒါတော့ ဟုတ်ပါတယ်ကွာ။ ဒါပေမယ့် အခုချိန်မှာ သားကောင်ကြီးတွေ သိပ်မဆင်းဘူးကွ။ ရှေ့နွေရက် နည်းနည်းရင့်လာမှ ဒီကောင်တွေ ဆင်းလာကြမယ်။ မင်းအတွက် အပြန်ခါလက်ဆောင်မရမှာတော့ မပူပါနဲ့ကွာ။ ဒီဖက်မှာ ရေခဲဝံကြီးတွေ ပေါမှပေါ။ ကံကောင်းရင် ရေခဲခြသေ့ဖြူကြီးတွေပါ ပစ်ချင်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်တယ်။ ဒါမှမဟုတ်လည်း တင်ကင်လို တောင်ဆိတ်လိုကောင်တွေ ပစ်လည်းရတာပဲ။ ဒီကောင်မျိုးတွေက မင်းတို့မြေပြန့်မြို့တွေဖက်ဆို ရှားပါးကောင်တွေပဲ'' ဟုဆို၏။

''ဘာ အကောင်ပဲရရ အပြန်ခါ မုဆိုးသိက္ခာမကျအောင်တော့ ပစ်သွားရမှာပဲဗျို့။ နို့မို့ဆို ကျွန်တော့်အပေါင်းအသင်းတွေက ဝိုင်းလှောင်ကြ လိမ့်မယ်ဗျ'' ဟုဆိုကာ ကျွန်တော်ဟာနေသော ဝမ်းဗိုက်ကိုဖြည့်ရန် ခေါက်ဆွဲပျဉ်နှင့် အသားခြောက်ဖုတ်များကို အဝတွယ်ကာ အကြမ်းရည်တစ်ခွက်နှင့် မျှောချလိုက်တော့သည်။

ကျွန်တော် တောဆောင်းဦးထုတ်ကိုဆောင်းကာ သေနတ်ကိုယူ၍ စခန်းဂူမှ ထွက်လာခဲ့သည်။ လိုရမယ်ရ နေ့လည်စာခေါက်ဆွဲပျဉ်နှင့် အသားခြောက်အနည်းငယ် ကိုပါ ကျောပိုးအိတ်အတွင်း ထည့်ယူလာခဲ့ရသည်။ ဒီဒေသရောက်မှ ကျွန်တော့်တွင်ပါလာခဲ့သော





ငွေစက္ကူများက ဘာမှအသုံးမဝင်တော့။ ယခင်မြေပြန့်ဘက်တွင် ကျွန်တော်တောလည်သွားတိုင်း ပါလေ့ရှိသော ကော်ဖီမစ်နှင့် အသားဘူးများမှာလည်း ဒီဒေသသို့ မရောက်မီ လမ်းခရီးတွင်ပင် ကျန်ခဲ့လေပြီ။ ဒီမှာက ငွေရှိသော်လည်း ထပ်ဝယ်စရာ ဘာဆိုင်မှမရှိ။ သို့အတွက် ဦးထော်ရာယူလာသော ခေါက်ဆွဲပျဉ်နှင့် အကြမ်းခြောက်ခတ်ထားသည့် ရေနွေးကိုသာလျှင် နေ့တစ်ရွာ စားသောက်နေရသည်။ အသားခြောက်၊ အသားစိုများအနေနဲ့ကတော့ မုဆိုးတစ်ယောက်အတွက် ဘယ်ဒေသ ရောက်ရောက် ရနိုင်သည့် အစားအစာများဖြစ်၍ ထည့်ပြော မနေတော့။ ဒီနေရာတွင် အခြားသောမုဆိုးများကဲ့သို့ အရက်ကြိုက်ပုလင်း ဆောင်သွားတတ်ကြသော အကျင့်မရှိ၍လည်း တောထဲရောက်နေသော မုဆိုးတစ်ယောက်အတွက် ပေါ့ဟာဟာကြီးဖြစ်နေမည်ထင်ကောင်း ထင်ကြ ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရက်ပေါလှသော ကချင်ပြည်နယ်တွင်မွေး ကချင်အမျိုးသားတစ်ယောက်ဖြစ်နေသော်လည်း ကျွန်တော်အရက်ကိုမကြိုက်၊ ရိုးရာမနောပွဲ များတွင် ခေါင်ရည်ကိုပင် အပေါင်းအသင်းများက မဖြစ်မနေ အတင်းအကြပ် ဝိုင်းတိုက်ကြမှ အနည်းငယ်သောက်ဖူးခဲ့သည်။ ကချင်တစ်ယောက်တို့ထက် မုဆိုးတစ်ယောက် ဖြစ်နေပြီး အရက်မကြိုက်၊ ခေါင်ရည်မသောက်သော ကျွန်တော့်လိုလူမျိုးကား ရှားပါးလူတစ်ယောက်ဟု ဆိုလျှင်ရမည်ထင်၏။ ဘာပဲပြောပြော လူတစ်ကိုယ်အကျင့် တစ်မျိုးပင် မဟုတ်ပါလား။

ကျွန်တော် ကိုယ့်အတွေးနဲ့ကိုယ် လျှောက်လာရင်း မနက်ကရောက်ခဲ့သည့် စမ်းချောင်းအစပ်ဆီသို့ ရောက်လာခဲ့သည်။ စမ်းချောင်း၏ တစ်ဘက်အလွန်တွင်ကား သားရဲတိရစ္ဆာန်တို့ ပေါများသောလူသူအရောက်





အပေါက်နည်းလွန်းလှသော အဆုံးမရှိသည့် သစ်ရိုင်းတောကြီးနှင့် ရှုံ့ညွှန်အိုင်များ၊ ရေပူရေအေး ချောင်းများ ပြည့်၍နေလေ၏။ တောနက်သဖြောက် သားရဲတိရစ္ဆာန်တို့ပေါများသလို အန္တရာယ်ကလည်း အချိန်မရွေးရှိနေသော အရပ်ပါပေ။ ကျွန်တော့်လို တောလည်လာသော မုဆိုးတစ်ယောက်အတွက် ဒီစမ်းချောင်းကို ကျော်လွန်ကာ အနီးသစ်ရိုင်းတောကြီး ထဲသို့ စဝင်သည်နှင့် တွေးဝေးမျှောလွင့်ကာ သတိလက် လွှတ်သွားနေ၍ မဖြစ်နိုင်တော့။ တောထဲရောက်လာသော မုဆိုး တစ်ယောက်အတွက် 'သတိ' နှင့် ကင်းကွာ၍ မရ။ အချိန်ပြည့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှ၊ ကာယ၊ မန အာရုံ ခြောက်ပါးကို ဖွင့်လှစ်ထားရသည်။

မျက်စိကို လျှင်လျှင်ထားရ၏။ နားကိုစွင့်ထားရ၏။ ထိုမှ အသက်နှင့် စိတ်အာရုံကို အတည်ငြိမ်ဆုံးဖြစ်အောင် လေ့ကျင့်စုစည်းထားရပြန်သည်။ မုဆိုးတစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိလျှင်ရုံ၊ နားပါးရုံ၊ အနံ့ခံကောင်းရုံ၊ လျင်မြန်ဖျတ်လတ်ရုံမျှမပြီး။ အတွေ့အကြုံရင့်ကျက်၍ အရေးရှိက စိတ်ဓာတ်ကို တည်ငြိမ်စွာထားကာ ဆုံးဖြတ်နိုင်မှုသည်လည်း အရေးကြီးလှပေသည်။ စမ်းချောင်းအစပ်သို့ ရောက်သည်နှင့် ခြေလှမ်းတို့ကိုရပ်လိုက်၏။ ခါးတွင် ပါလာသော ရေဘူးကို ဖြုတ်ယူကာ ရေဖြည့်သည်။ ထို့နောက် လက်စွဲတော် တောလိုက်ဓားမြောင်နှင့်တကွ သေနတ်ကို စစ်ဆေးကြည့်ရှုကာ ပါလာသည့် ကျည်ဆန်များကိုပါ ကျည်ကပ်အပိုတစ်ခုတွင် ဖြည့်လိုက်၏။ ပြီးမှ သေနတ်ကို အသင့်ပစ်ခတ်ရန် မောင်းတင်ကျည်ထိုး၍ လုံခြုံရေးခလုတ်ကိုချလိုက်သည်။ အရေးအကြောင်းပစ်ခတ်ရန် တစ်စုံတစ်ရာရှိပါမှ လုံခြုံရေး ခလုတ်ကို တွန်းဖွင့်ကာ ပစ်ခတ်ရုံသာ၊ အလုံးစုံပြင်ဆင်၍ စိတ်ချရပြီဆိုမှ ကျွန်တော် စမ်းချောင်းကိုဖြတ်ကျော်ကာ မနက်က လူနီဝင်သွားခဲ့သော တောအုပ်ဘက်ဆီသို့ သတိဖြင့်ထွက်ခွာလာခဲ့လိုက်





တော့သည်။ မှိုင်းပျသော နှင်းရိပ်များ ကင်းစင်နေသဖြင့် ကောင်းကင်မှာကြည်လင်နေ၏။ သစ်တောကြိုကြားအချို့ နေရာများမှ တစ်ဝက်တစ်ပျက် နှင်းဆောင်းထားသော တောင်ထွဋ်ကြီးများကို လှမ်းမြင်နေရသည်။ တစ်နေရာတွင် ကျွန်တော့်ကို မြင်၍ ထင်းရှူးတောများအတွင်း ပြေးဝင်သွားကြသော သစ်ခွေးအချို့ကို လှမ်းတွေ့လိုက်ရ၏။ ကျွန်တော် တဖြည်းဖြည်းချင်း တောအတွင်းပိုင်းသို့ လှမ်းဝင်နေလေသည်။

တောနက်လာသည်နှင့် အမျှ ဟိုမှသည်မှ ပြေးလွှားပုန်းဝင်သွားကြသော တိရစ္ဆာန်အကောင်ငယ်လေးများကို တွေ့လာရသည်။ တကယ်တမ်း ကျွန်တော်အခုလို တောထဲသို့ ဝင်လာရင်းမှာ ဘယ်တိရစ္ဆာန်ကြီး၊ တိရစ္ဆာန်လေးများကိုမှ ပစ်ခတ်ဖို့မဟုတ်။ လူနီစခန်းချနိုင်သော နေရာကို လာရောက်၍ ရှာဖွေခြင်းသာဖြစ်၏။ သို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် မျက်လုံးများက ပစ်ခတ်၍ရနိုင်မည့် သားကောင်များကို မရှာဖွေ။ သားကောင်ခြေရာ လှုပ်ရှားသွားလာခဲ့သည့် အနေအထားအခြေအနေများကို ကျွန်တော်လုံးဝမကြည့်။ ကျွန်တော်လိုက်ကြည့်နေသည်က မှဆိုးတစ်ယောက်အတွက် ကောင်းကောင်းစခန်းချနိုင်သည့် ကျောက်ခေါင်းလိုဏ်ဂူများသာဖြစ်၏။ ကျွန်တော် ကျောက်ခေါင်းလိုဏ်ဂူများတွေ့တိုင်း လျှောက်ကြည့်နေရင်း နေကတဖြည်းဖြည်းချင်းမြင့်လာ၏။ အနည်းငယ်အရိပ်ရသော အပင်တစ်ပင်အောက်တွင် ရွေးချယ်ကာ ခေတ္တအမောပြေဝင်ထိုင်လိုက်ရသည်။ ပါလာသော ရေဘူးကိုမော့သောက်ပြီး အပင်အောက်တွင်ပင် နေ့လည်စာအဖြစ် ယူဆောင်လာသော ခေါက်ဆွဲနှင့် အသားခြောက်ဖုတ်များကို စားသောက်လိုက်၏။ ပြီးမှ သစ်ပင် အောက်တွင်ထိုင်ရင်း ဒီလူဘယ်နေရာတွေများ





စခန်းချနိုင်သလဲဟု တွေးနေမိလေသည်။ ကြည့်ရသည်မှာတော့ ဝေးဝေးလံလံတွင်မဖြစ်နိုင်။ မနက်ကတင် စခန်းဂူအနီးရှိ စမ်းချောင်းဆီသို့ သူရောက်လာသေးခဲ့သည် မဟုတ်ပါလော။ ကျွန်တော်သစ်ပင်အောက်တွင် ထိုင်ကာ လူနီ၏အကြောင်းကို တွေးနေဆဲ

"ဘူ" "ဘူ" "ဘူ"

ရုတ်တရက် မလှမ်းမကမ်းအရပ်ဆီမှ တဘူဘူအသံ တစ်ခုကြောင့် ခေါင်းထောင်ထသွားရလေ တော့သည်။ ဘာသံ ပါလိမ့်။ ဒီလိုအသံမျိုး ကျွန်တော်တစ်ခါမှ မကြားဖူး။ ဘယ်လိုသတ္တဝါမျိုးလဲဟူသောအသိနှင့် လက်ကသေနတ် ကို လှမ်းကိုင်ကာ မတ်တပ်ထရပ်လိုက်မိလေ၏။

"ဘူ" "ဘူ" "ဘူ"

အသံကြီးက တဖြည်းဖြည်းချင်း ဝေးရာမှ နီးလာလေသည်။ ကျွန်တော်မျက်စိနှင့် နားကို အသားကုန်ဖွင့်ထားပြီး အသက်ရှုရှုပ်ပင်မေ့ကာ

www.burmeseclassic.com

www.burmeseclassic.com



အသံကြီးထွက်ပေါ်လာရာဆီဘက်သို့ တအံ့တသြ ကြည့်နေမိလေ၏။ မကြာလိုက်

"ဝေါ"

"ဖြောင်း... ဖြောင်း"

"ဂွတ်"

သစ်ပင်သစ်ကိုင်များ ကျိုးကြေသံများနှင့်အတူ တောတိုးလာသော အသံကြီးတစ်ခုကို ဆက်တိုက်ပင် ကြားလိုက်ရသောအခါမှ ကျွန်တော့်အသိတွင် တောဆင်ရိုင်းအုပ်များလောဟူသည့် အတွေးနှင့် ခေါင်းနဘမ်းကြီးသွားရလေတော့သည်။ ချက်ချင်းလည်း ကျွန်တော်ရှိရာနေရာဆီ ဦးတည်ပြီးလာနေသော အသံကြီး၏ သွေဖယ်ရာအရပ်ဆီသို့ ရှောင်ကွင်းရန် ပြင်ဆင်လိုက် လေတော့သည်။ သို့သော် ကျွန်တော် မလှုပ်ရှားနိုင်မီပင် ရုတ်တရက် မျက်နှာမူရာ တူရူအရပ်ရှိ သစ်ပင်များကြားမှ ဝေါခနဲပြေးထွက်လာသော



ခပ်မည်းမည်းရောမ အရာကြီးတစ်ခုကြောင့် တဒင်္ဂကြောင် ငေးကာ ခြေလှမ်းများ တုံ့သွားရလေသည်။ သို့သော် ချက်ချင်းပင် သတိဝင်လာပြီး အနီးရှိ သစ်ပင်ကြီးနောက် ကျောဘက်ဆီသို့ ပြေးဝင်ကာ တစ်ချိုးတည်း ခြေဦးတည့် ရာသို့ သုတ်ခြေတင်လိုက်ရလေတော့၏။ ကျွန်တော်ရှိ နေရာ တည့်တည့်ဆီသို့ ဝေါခနဲပြေးဝင်လာသော မည်းမည်းအရာကြီးမှာ သစ်ပင်ပင်စည်ကြီးအား အုန်းခနဲဝင်ဆောင့်မိကာ နောက်သို့ အနည်းငယ် ဖင်ထိုင်ကျသွားရလေသည်။ ပြင်းထန်လွန်းလှသော အရှိန်ကြောင့် သစ်ပင်ကြီးတစ်ပင်လုံးမှာလည်း ဝေါခနဲသိမ့်ခါသွားကာ ဖျိုးဖျိုးဖျစ်ဖျစ်ပင် မြည်သွားသည် ထင်လိုက်မိ၏။ ထိုအခါမှ သစ်ပင်ကြီးကို မရှောင် နိုင်တော့ဘဲ ဒေါသတကြီးဝင်အောင်းလိုက်သော ခပ်မည်းမည်း သတ္တဝါကြီးမှာ ရောမကြွဲဆင်ကြီးတစ်ကောင်

www.burmeseclassic.com



ဖြစ်မှန်း ကျွန်တော်သိရှိလိုက်ရတော့သည်။ လူ့တစ်ရပ်ကျော်ကျော်မှ အမြင့်ရှိသော ရောမကြဲ့ဆင်ကြီးမှာ ချက်ချင်းပင်နေရာမှ ကွေ့ဝိုက်ပြီး တရှူးရှူးနှာမှုတ်သံပေးကာ ကျွန်တော့်နောက်သို့ စွတ်လိုက်လာပြန်၏။ ထူထဲလွန်းသော အရေပြားကြီးများက အဆူးအချွန် သံမှိုသံပြားများ ရိုက်ကပ်ထားသည့်နှယ်ရှိလေသည်။ ဤမျှကြမ်းတမ်း ခက်ထန်လှသော အရေပြားများပိုင်ရှင် ကြဲ့ဆင်ကြီးများကား ကျွန်တော့်လို လူသားတစ်ယောက်ကို မဆိုထားဘိ တောသတ္တဝါများထဲတွင် အကြီးဆုံး ဖြစ်သော တောဆင်ရိုင်းကြီးများပင် ရင်ဆိုင်ရန်မဝံ့သော ကြောက်မက်ဖွယ် သတ္တဝါကြီးများပေတည်း။ ဤကြဲ့ဆင်ကြီးများကို ဖက်ပြိုင်ဝံ့သူ တောတိရစ္ဆာန်ဟူ၍မရှိ။ ဆင်ပြောင်ကြီးများနှင့် ကျားရဲခြင်္သေ့ကြီးကိုပင် သတ်ဖြတ်စားသောက်နိုင်သော တောဘုရင် တောခွေးအုပ်များပင်လျှင်





ကြဲ့ဆင်ကြီးများ နားသို့ယောင်၍ မသီရဲကြ။ သံကိုယ်ကျပ်ကြီးသဖွယ် ကြမ်းတမ်းထူထဲလှသော သူတို့အရေပြားကြီးကို တောခွေးတွေမှာ ပေါက်အောင်မကိုက်နိုင်ကြ။ မိုက်မိုက်မဲမဲ ကြဲ့ဆင် ကြီးများကို အုပ်စုဖြင့် တိုက်ခိုက်မိသော တောခွေးများသာ တကောင်ပြီးတစ်ကောင် နင်းသတ်ပွတ်ချေခံကြရကာ စိစိညက်ညက်ကြေ သွားကြသည်သာ။ သူတို့ထက် မိုက်မဲသော ကြဲ့ဆင်သတ္တဝါကြီးများက သူ့ကျောကုန်းပေါ် တက်ကိုက်ဝံ့သော တောခွေးများကို နှီးရာသစ်ပင် ကျောက်ဆောင်များဖြင့် ပြေးတိုက်၍ ပွတ်ဖိချေသတ်ပစ်ဖို့ မရွံ့ ကြပေ။ ပြီးတော့ ကြဲ့ဆင်ကြီးများ နှာခေါင်းထိပ်ရှိ သုံးမြောင့်ချိုကြီးကလည်း မည်သည့် တိရစ္ဆာန်ကိုမဟူ ထိုးပက် ကော်လှန့်ကာ လှပ်စင်သွားကြမည်သာ။ သူတို့၏ ခြေထောက်ကြီးများကလည်း ဆင်သတ္တဝါထက်ပင် ကြီးမားကာ အင်အားမှာ လည်း ဆင်ထက် ကြီးမားသော သတ္တဝါကြီးများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကြံ့ဆင်ကြီးများကား ဒေါသကြီးရာ၌လည်း မည်သည့်သတ္တဝါနှင့်မျှမတူ လူသူတိရစ္ဆာန်မည်သည့် သတ္တဝါတွေ့တွေ့ တွေ့မရှောင်တိုက်ခတ်တတ် နောက်တစ်ခုက သူတို့၏ခန္ဓာကိုယ်ကြီးနှင့်မမျှ သေးငယ်လှသော ကြံ့ဆင်များ၏မျက်လုံးများမှာ အနီးမှ အဝေးမမြင်ရသော မျက်လုံးမွဲသတ္တဝါမျိုးဖြစ်ရာ ဒေါသထွက်လာလျှင် မည်သည့်အရာဝတ္ထုကိုမဆို မည်းမည်းမြင်ရာအကုန်ရမ်းသမ်းပြီး ဝင်တိုးဝင်တိုက်ပင် ကော်မြှောက်ပစ်တတ်ကြသည်။ သို့သော် မျက်စိမှုန်သော် လည်း နားပါးကာ အနံ့ခံကောင်းလွန်းသော သတ္တဝါမျိုး ဖြစ်သဖြင့် အနံ့ကြွက် လျှောက်လိုက်ကာ ရန်သူတို တိုက်ခိုက်တတ်လေ၏။ ထိုသို့ အနံ့ကြွက်လျှောက် လိုက်ပြီး တိုက်ခိုက်ရာ၌လည်း ခန္ဓာကိုယ်ကြီးမားလွန်းပြီး ဝမ်းဗိုက်ကား မြေကြီးထိလုနီးပါးမျှ ရွှဲကျနေသဖြင့် သူ့ပြေးလမ်းတစ်လျှောက်တွင်ရှိသော



သစ်လုံးကျောက်တုံးများကို ကွေ့ပတ်ရှောင်တိမ်းသွားရန် စိတ်မရှည်တတ်ကြဘဲ သူတို့နှာခေါင်းဖျားမှ သန်မာတုတ်ခိုင်သောချိုကြီးနှင့် ထိုးပက်ကော်လွှင့်ကာ နောက်သို့ပစ်ချတတ်ကြသည်။ သို့အတွက် ကြံ့ဆင်ကြီးများသွားရာနောက်မှ မည်သည့်သတ္တဝါမှ မကပ်ရဲကြ။ သူတို့ဦးချိုကြီးများဖြင့် ပင့်မြှောက်ကော်ပစ်လိုက်သော သစ်တုံးကျောက်တုံးကြီးများပိကာ သက်ဆိုးမရှည်မှာ ကြောက်၍ဖြစ်သည်။

ယခုမူ လေအောက်တွင်ရောက်နေမိသော ကျွန်တော့် အနံ့ကိုရသွားခြင်း ကြောင့် ဤကြောက်မက်ဖွယ်သတ္တဝါဆိုး ကြီးမှာ ကျွန်တော်နောက်သို့ သည်းကြီးမည်းကြီး ခွပ်လိုက်နေပေပြီ။ ကျွန်တော်ပြေးသွားသော လမ်းတစ်လျှောက်မှ သစ်ပင်များမှာလည်း နောက်မှ လိုက်လာနေသော ကြံ့ဆင်ကြီးဝင်တိုးဝင်အောင်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တဖြောင်းဖြောင်း၊ တစ်ဝုန်းဝုန်း ကျိုးကြေပြတ်လွင့်ကာ တောတစ်ခုလုံး တသိမ့်သိမ့်တုန်နေသကဲ့သို့ ထင်မှတ်ရသည်။ ကျွန်တော်အသက်လုကာ ကွေ့ဝိုက်ပြေးနေရင်းမှ လက်ထဲမှသေနတ်ဖြင့် ကြံ့ဆင်ကြီးကို ပြန်လှည့်ပစ်ရန် စိတ်ကူးမိသည်။ သို့သော် ကျွန်တော့် သေနတ်အားဖြင့် အရေခွံထူထဲသော ကြံ့ဆင်ကြီးကို ချက်ကောင်းမထိဘဲနှင့် သေအောင်ပစ်နိုင်လိမ့်မည်မဟုတ်။ ကျွန်တော်ပြေးရင်း လွှားရင်းဖြင့် ကြံ့ဆင်ပစ်မုဆိုးကြီးများ၏ ပြောပြဖူးသော ကြံ့ဆင်များ၏ သေကွင်းသေကွက်များကို အသည်းအသန် ပြန်စဉ်းစားနေမိ၏။ ကျွန်တော်တို့ သေနတ်သမားများအဖို့ ကြံ့ဆင်များကို ပစ်ခတ်နိုင်ရန်မှာ နေရာနှစ်ခု သာရှိလေသည်။ မျက်လုံးတည့်တည့်နေရာ၌ ကြမ်းတမ်းသော အရေခွံထူကြီးမှာ အနည်းငယ်လွတ်ဟာနေသည့် လည်ပင်းအဆက်ကြားနှစ်ခုပါပေ။ ကြံ့ဆင်များမှာ





အားအားရှိတိုင်း ဦးချိုသွေးပြီး လည်ပင်းကို သစ်ပင်ကျောက်ဆောင်များနှင့် နေ့စဉ်ပွတ်တိုက်ကာ သာယာမှုတစ်မျိုးကို ခံစားတတ်ကြသော သဘာဝရှိ၍ လည်ပင်းတစ်ဝိုက်ရှိ အရေပြားများမှာ ပါးလွှာနေတတ်ကြ၏။ ထို့အပြင် ဤသို့ပွတ်တိုက်ဖန်များ၍ အရေပြားပါးလွှာနေသော နေရာတစ်ခုလည်းရှိသေးသည်။ ၎င်းမှာ ဒိန္နချက်ကြောခေါ် ဝမ်းဗိုက်နေရာရှိ လိင်တံသိုကြောတစ်နေရာ ဖြစ်၍ ကျွန်တော်တို့သေနတ်သမားများအဖို့ကား ထိုနေရာကို ကြံ့ဆင်ကြီးများ အိပ်စက်လဲလျောင်းကာ အနားယူနေကြသည့်အချိန်မှ ပစ်ခတ်ရန်ဖြစ် နိုင်ပေမည်။ ယခုအချိန်၌ကား ကြံ့ဆင်ကြီးမှာ ဒေါသတကြီးဖြင့် လိုက်နေသောအချိန် ပထမနှစ်နေရာဖြစ်သော မျက်လုံးနေရာနှင့် လည်ပင်းကြောနေရာကိုပင် နောက်လှည့်ပစ်ရန်မလွယ်။ သေးတိုက်အနေအထားဖြင့်မှ ဒီပစ်ကွင်းနှစ်ခုကို ပစ်ခတ်နိုင်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကွေ့ပတ်ကာ အားသွန်ပြေးရင်း ဘေးတိုက်အနေအထားပစ်ခွင့်ရအောင် ဘယ်လိုလုပ်ရမည်ကို စဉ်းစားရပြန်လေတော့၏။ ပြေးရလွန်းသဖြင့် မောဟိုက်ကာ နားများမှပင် လေတစီစီထွက်နေလေပြီ။ ကျွန်တော်ဆက်၍ ကြာရှည်ပြေးနိုင်တော့မည်မဟုတ်။ အင်အားကြီးမားလွန်းလှသော ထိုသတ္တဝါဆိုးကြီးကမူ ကျွန်တော်တစ်နေ့လုံး ပြေးနေလည်း လိုက်နိုင်သည့် ခွန်အားရှိနေသည်။ အခုမှ ဤအခြေအနေနှင့် သစ်ပင်တစ်ပင်ပင် ပေါ်တက်ပြေးရန်လည်း မဖြစ်နိုင်တော့။ တက်ပြေးနိုင်ခဲ့သည်ထားဦးတော့ ကျွန်တော်တက်ပြေးသည့် သစ်ပင်ကို ဒင်းသည် တွန်းတိုက်ကော်လှဲကာ အမြစ်မှလှန်ပစ်မည်မှာမုချ။ ကျွန်တော် ဘယ်လိုလုပ်ရတော့မည်နည်း။ နောက်ဆုံး ကျွန်တော်ဖြစ်ချင်ရာဖြစ် လက်ထဲမှသေနတ်ဖြင့် လှည့်ပစ်ရန် ဆုံးဖြတ်လိုက်မိသည်။ လူကပြေးရလွန်း သဖြင့် နုံးခွေလာလေပြီ။ သေနတ်ဖြင့် ပစ်လိုက်ကာအကယ်၍





သေကွင်းသေကွက်ကို မထိသိသည့်တိုင် ဒင်းသည် သေနတ်သံကိုလန့်ကာ နောက်လှည့်ပြန်ပြေးလျှင် ပြေးနိုင်ဦးမည်။ ကျွန်တော် ဆုံးဖြတ်ချက်နှင့်အတူ ပြေးနေရာမှ သေနတ်လုံခြုံရေးခလုတ်ကိုဖွင့်ကာ ရုတ်တရက်အပင်တစ်ပင်၏ အကွယ်သို့ခုန်ဝင်လိုက်ပြီး နောက်မှလိုက်ပါလာသော ကြံ့ဆင်ကြီးထံ ကျည်တစ်တောင့်ကို ပစ်လွှတ်လိုက်တော့သည်။

"ဒိုင်း"

ကံအားလျော်စွာပင် ကျည်ဆန်က ကြံ့ဆင်ကြီး၏ ပခုံးနေရာတည့်တည့်ကို ထိမှန်သွားကာ ရုတ်တရက် ကျွန်တော် ထင်ထားသည့်အတိုင်း သေနတ်သံ ကြောင့် ကြံ့ဆင်ကြီးမှာ တုံ့ခနဲရပ်တန့်သွား၏။ ပခုံးတွင် ထိမှန်သွားသော သေနတ်ကျည်ဆန်အားကိုတော့ သူမှုပုံမရ။ ကျွန်တော် ချက်ကောင်းကို အလွတ်မခံတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂကြောင်ရပ်သွားသည့် ကြံ့ဆင်ကြီးထံ နောက်ထပ် ကျည်နှစ်တောင့်ကို ဆက်တိုက်ပစ်ချလိုက်ပြန်သည်။

"ဒိုင်း"

"ဒိုင်း"

ကွက်တိပင်။ ကျည်ဆန်တစ်တောင့်က ကြံ့ဆင်ကြီး၏ ဦးချိုကြီးတည့်တည့်ကို ထိမှန်သွားကာ ပွဲကြွလွင့်စင်သွားလေတော့၏။ ထိုအခါမှ ဒေါသကြီးလှသော ကြံ့ဆင်ကြီးမှာ နှာမှုတ်သံကြီးဖြင့် တစ်တောလုံးပွဲ့တင်ထပ်သွားတမျှ အော်ကာ နောက်သို့ ဦးခေါင်းကြီးတစ်ညိတ်ညိတ်ဖြင့် ပြန်ဆုတ်လျက် လှည့်ပြေးသွား လေတော့သည်။ ခုမှ ကျွန်တော် ချွေးအစ္စုံသားဖြင့် သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်၍ ခြေပစ်လက်ပစ်ထိုင်ကျသွားရလေတော့သည်။

* * * *





## အခန်း (၇)

တုန်ချိမောဟိုက်မှုများ ပြေသည်အထိ နေရာတွင် ထိုင်နားနေမိရာမှ ရုတ်တရက် တစ်စုံတစ်ခုကို အမှတ်ရလိုက်ပြီး ကျွန်တော် ပြူးပြူးပြာပြာ ဖြစ်သွားရလေတော့သည်။ ကြံ့ဆင်ကြီးရန်မှ အသက်လုကာ ပြေးရင်းဖြင့် ယခုဘယ်နေရာ ဘယ်အရပ်ဆီသို့ ကျွန်တော်ရောက်လာခဲ့မှန်းမသိတော့။ ချုံထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိတ်ခနဲဖြစ်သွားရလေတော့၏။ ကမန်းကတမ်း နေရောင်ကို မော့ကြည့်ဖြစ်လိုက်ပြန်သည်။

သစ်တောဖျားများတွင် နေလုံးကိုပင်မမြင်ရတော့။ ကျွန်တော် ဖျတ်ခနဲသတိရကာ လက်တွင်ပတ်ထားခဲ့သော နာရီကို ငုံ့ကြည့်မိလိုက်သည်။ ဘုရားရေ ညနေ (၄) နာရီပင်ခွဲပြီဖြစ်၏။ တောတောင်တို့၏ သဘာဝအရ မကြာခင် မှောင်တော့ပေမည်။ တောရိပ်တောင်ရိပ်များ ကြောင့် နေညိုသည်နှင့် တောတွင်း၌အမှောင်မြန်လှ၏။ အခုမှ ကျွန်တော် ကြံဆင်ကြီးလိုက်စဉ် ကြောက်ရွံ့တုန်လှုပ်မှု ထက်မက တုန်လှုပ်ချောက်ချားသွားရ လေသည်။ ဤဒေသတို့၏ထုံးစံ နေညိုသည်နှင့် အအေးဓာတ်က သိသိသာသာ စိမ့်ဝင် ထိုးဖောက်လာ၏။ အအေးဓာတ် ထဲတွင် ကျွန်တော့်ရင်ထဲ၌ အပူငွေ့ပျံနေသည်။ စိုးရိမ်သောကအပူကြောင့် ချွေးများပင်ပျံချင်ချင်ဖြစ် နေရလေပြီး ပြေးရင်းလွှားရင်း နယ်ကျွံလာသဖြင့်





ဘယ်နေရာရောက်နေမှန်းမသိ ဘယ်တောဘယ်တောင် မှန်းမသိ ဒီအချိန်ရောက်မှ ဘယ်အရပ်ဆီဟု ခန့်မှန်း၍ မရနိုင်တော့သော စခန်းဝှရှိရာသို့ လမ်းသိဦးတောင် ပြန်ဖို့အချိန်မရှိတော့။ အခုဟာ လမ်းပျောက် နေပြီဖြစ်၍ ပိုဆိုးသေးတော့၏။ မကြာခင်တောမှောင်သည်နှင့် အန္တရာယ်ကောင် သားရဲကြီးများ အစာရှာထွက်လာကြ ပေတော့မည်။ တောတွင်းအမှောင်ထဲတွင် ကျင်လည်နေ သော ဒီသတ္တဝါတွေကို ကျွန်တော် ဘယ်လိုရင်ဆိုင်ရမည် နည်း။ တုန်လှုပ်စိုးရွံ့စိတ်နှင့် ကျွန်တော်ကယောင်ကတမ်း နေရာမှ အပြေးထွက်ခွာ လိုက်မိသည်။ သို့သော် ကျွန်တော် ဘယ်ကို ခြေဦးလှည့်ရမှန်းမသိ။ အရပ်မသိဘဲမတော် တောနက်တွင်းသို့ ထပ်ဝင်နေမိလျှင် ပို၍ကိုယ်ကျိုးနည်း ပေတော့မည်။ လမ်းလက်စခြေလှမ်းများ တုန့်သွားရပြန် လေ၏။ မမှောင်ခင် သစ်ပင်တစ်ပင်ပေါ် တက်နေရလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလားဟူသော အတွေးဝင် ရောက်လာပြန်သည်။ အခုချိန်မှ တစ်ညအိပ်စခန်းချခိုတည်းရာ လုံခြုံဘေးကင်းမည့် ကျောက်ဂူ ကျောက်ခေါင်းများရှာရန်လည်း အချိန်မရနိုင်တော့။ ကျွန်တော့်အနီးဝန်းကျင်ရှိ တက်၍လွယ်ကူကာ သားရဲတို့၏ အန္တရာယ်မှ လွတ်နိုင်မည့် သစ်ပင်တစ်ပင်ကို အားကိုးတကြီးရှာဖွေကြည့်လိုက်မိသည်။ ထိုစဉ်

"ဘယ်လိုလဲ လမ်းပျောက်လို့ ဒုက္ခရောက်နေပြီလား ခွန်ဂျာ"

နောက်ကျောဘက်ဆီမှ ရုတ်တရက်ထွက်ပေါ်လာသော အသံတစ်ခုကြောင့် ကျွန်တော်အံ့အားတသင့် လှည့်ကြည့်မိလိုက်သည်။ လူနီ...

ရုတ်တရက် ဝမ်းသာသွားသောစိတ်နှင့် ရင်တစ်ခုလုံး ဒိန်းခနဲဆောင့်ခုန်သွား ရလေသည်။





"ဟာ လူနီ ခင်ဗျား"

လူနီက လက်တစ်ဖက်တွင် လေးကိုင်းကြီးဆွဲကိုင်ထားကာ ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်နေ၏။ သူကျန်လက်တစ်ဘက်ထဲတွင် ကျွတ်ကျွတ်အိတ် အနက်နှင့်ထုပ်ထားသော အထုပ်ကြီးတစ်ထုပ်ကိုလည်း ဆွဲထားသည်။ ကျွန်တော်ဝမ်းသာအားရဖြင့် သူ့ရှေ့သို့ခြေလှမ်းသွက်သွက်ဖြင့် ရောက်ရှိသွားတော့၏။

"အခုချိန်မှာ ခင်ဗျားနဲ့လာတွေ့ရတာ ဘုရားမတာပဲဗျာ ကျွန်တော်"

"မင်း ကြံဆင်ကြီးလိုက်လို့ ပြေးရင်းလွှားရင်း လမ်းပျောက်သွားတာ မဟုတ်လား.. ဟား ဟား ဒီတော ဒီတောင်က ဒီလိုပဲ မထင်မှတ်တဲ့ အန္တရာယ်တွေ အများကြီးကျရောက်လာတတ်တယ်ကွ။ လာ ကျုပ်နဲ့လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



လူနီကပြောပြီး ချာခနဲနောက်လှည့်ကာ ထွက်ခွာသွားသည်။ ကျွန်တော် အံ့ဩစိတ်နှင့် သူ့နောက်မှအပြေးလိုက်ပါခဲ့ရလေတော့၏။ ဒီလူ ကျွန်တော်အဖြစ်အပျက်ကို သိရှိနေသည်မှာ အံ့ဩစရာပင်။ ကျွန်တော့်နောက်သို့ ကြဲဆင်ကြီး လိုက်စဉ် သူတစ်နေရာရာတွင်များ ရှိနေလို့များလား။ ဒီလိုဆိုလည်း သူ ဒုက္ခရောက်နေသော ကျွန်တော့်အဖြစ်ကို တစ်ခုခုဝင်ပြီး ကူညီဖို့ကောင်း သည်။ ကျွန်တော်အတွေးများစွာနှင့် လူနီနောက်မှ လိုက်ပါခဲ့ရလေတော့သည်။ ရှေ့က လျှောက်သွားနေသော လူနီကမူ ကျွန်တော့်ကို တစ်ချက်ကလေးမှ လှည့်မကြည့်။ စိတ်အထင် (၁၀) မိနစ်၊ (၁၅) မိနစ်ခန့် သစ်တောများအတွင်း တိုးဝင်ပြီးသောအခါ၌မူ လူနီက ကြီးမားလှသော စည်းနဲ့ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ရပ်တန့်သွား၏။ သူက ကျွန်တော့်ကို တစ်ချက်နောက် လှည့်ကြည့်လိုက်ပြီး။





"ဒါ ငါစခန်းချနေတဲ့နေရာပဲကွ ဘယ့်နှယ့်လဲ။ မင်းကျုပ်ကိုရှာလို့ တွေ့နိုင်ပါ့မလား"

ကျွန်တော့် သူ့စကားကြောင့် ဘာမှပြန်မပြောနိုင်ဘဲ ပါးစပ်ပဟောင်းလောင်း ဖြစ်သွားရလေပြန်သည်။ ဒီလူ သူ့ကို ကျွန်တော်လိုက်ရှာ နေသည်ကိုလည်း သိရှိနေတာပါလား။ ထိုစဉ် လူနီက

"ကဲ အပင်ပေါ်တက်ကြမယ်။ မင်းဖြစ်တယ်မဟုတ်လား"

"ဖြစ်... ဖြစ်ပါတယ်"

ကျွန်တော် အယောင်ယောင်အမှားမှားနှင့် စည်းနဲ့ပင်ကြီးပေါ် တက်ရန် ဟန်ပြင်လိုက်သည်။ ပြီးမှ လက်ကသေနတ် တစ်ဖက်နှင့် စီးထားသော တောစီးဖိနပ်ကြီးကြောင့် အဆင်မပြေဖြစ်ကာ သေနတ်ကိုပခုံးတွင် လွယ်သိုင်းကာ တောစီးဖိနပ်ကို ချွတ်လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူနီကတော့ ကျွန်တော့်ကို ပြုံးကြည့်နေလိမ့် မည်ထင်သည်။ စည်းနဲ့ပင်ကြီးမှာ လူကြီး သုံးဖက်ခန့် ကြီးမားလွန်းသော အပင်ကြီးဖြစ်နေကာ သစ်မြစ်ဆုံအဖု အထစ်များကြောင့် တက်ရသည်မှာ သိပ်ပြီး အခက်အခဲမရှိလှ။ သို့သော် ခွဆုံအရောက်တွင်မူ ကြီးမားလွန်းလှသော အကိုင်းကြီးများကြောင့် လက်တစ်ဖက် လှမ်း၍မမှီနိုင်သဖြင့် အပေါ်ခွဆုံပေါ်သို့ တက်ရောက်ရန် အခက်တွေ့သွားရတော့သည်။ ကိုင်းရင်း၌ရှိသော သစ်ခေါက်ဘု တစ်ခုကို ကုတ်ကပ်ကိုင်ပြီး တွားတက်ဖို့ ဟန်ပြင်လိုက်စဉ်မှာတော့

"ပေး မင်းလက်တစ်ဖက်"

အပေါ်မှ အသံတစ်ခုကြောင့် ကျွန်တော်ဆတ်ခနဲတုန်လှုပ်သွားရသည်။ လူနီကအပေါ်မှနေ၍ ကျွန်တော့်ကို လက်တစ်ဖက်လှမ်းပေးနေ၏။ ကျွန်တော် အပင်ပေါ်သို့ တက်လာစဉ် သူအောက်ဖက်တွင် ကျန်ရစ်နေခဲ့သည်။ အခု





ဘယ်လိုဖြစ်ပြီး သူကအရင် သစ်ပင်ပေါ်ရောက်နေသည် မသိ။ ကျွန်တော် အံ့ဩမယုံကြည်စိတ်နှင့် အပင်အောက်ဖက်ဆီသို့ တစ်ချက်ပြန်ငုံ့ကြည့်လိုက်မိပြန်သည်။

"ဘာလုပ်နေတာလဲ ပေးလေကွာ လက်တစ်ဖက်"

ကြာကြာမအံ့ဩနေနိုင်တော့ဘဲ သူ့ထံသို့လက်တစ်ဖက် လှမ်းပေး လိုက်ရလေ၏။ ထိုအခါ ရေခဲတမျှအေးစက်နေသော သူ့လက်အတွေ့အထိကြောင့် ကျွန်တော့် တစ်ကိုယ်လုံး စိမ့်အေးသွားရလေတော့သည်။

"အား"

အပင်ပေါ်ရောက်သွားသည်နှင့် ကျွန်တော်လူနီ မျက်နှာကို အံ့ဩစွာတစ်ချက် ကြည့်လိုက်မိလေ၏။

"ဟဲ ဟဲ ဘာလဲကွ ကျုပ်လက်က အရမ်းအေးနေလို့လား။ ဒီဒေသမှာ အမြဲနေထိုင်နေတဲ့ လူတစ်ယောက်အတွက်ဒီလောက်တော့ရှိမှာပေါ့ကွာ။ ရေခဲတောင်တွေမှာဆို

www.burmeseclassic.com

www.burmeseclassic.com



ဒီထက်တောင် ပိုဆိုးသေးတယ်"

ကျွန်တော် သူ့ကို အားနာစွာဖြင့် တစ်ချက်ပြန်ပြုံးပြ လိုက်ရသည်။

"မဟုတ်ပါဘူးဗျာ။ ခင်ဗျားဘယ်လို ဖြစ်ပြီး ကျွန်တော့်အရင် အပင်ပေါ်ရောက်"

"ဒါလည်း ကျွမ်းကျင်ရာလိမ္မာရာပေါ့ကွာ။ တဲ အဲဒါခဏထားဦး။ ခဏနေရင် မှောင်ပြီးအေးလာလိမ့် မယ်ကွ။ ကျုပ် မီးဖိုလိုက်ဦးမယ်"

အခုမှ အပင်ကြီး၏ခွဆုံပေါ်တွင် သစ်လုံးများဖြင့် စခန်းလင့်စင်တစ်ခု ထိုးထားခြင်းဖြစ်ကြောင်း ကျွန်တော် သတိထားလိုက်မိ၏။ တစ်ဖက်ပွင့်လက်ရန်း များနှင့် အဆိုင်အခန့် ဆောက်လုပ်ထားသော လင့်စင်ထောင့် နေရာတွင် ကျောက်တုံးငယ်များနှင့် ဖိုခဲထားသော မီးဖိုတစ်ခု ရှိနေသည်။ လူနီက မီးဖိုအောက်တွင် ပုံထားသည့် သစ်ကိုင်းခြောက် ထင်းခြမ်းများကို မီးဖိုပေါ်တွင်





ဆိုင်တော့ကာ ချက်ချင်းမီးမွှေးလိုက်၏။ မကြာခင် ဟုတ်ခနဲထ တောက်လာ မီးညွန့်တစ်ခုနှင့်အတူ လင့်စင်ပေါ်တွင် အလင်းနှင့်အနွေးဓာတ်လွှမ်းခြုံသွားလေသည်။ အပြင်တွင် တောကား နေလုံးပျောက်ကွယ်သွားကာ မည်းမှောင်စပြုနေ ပေပြီ။ ပိုးမွှားတိရစ္ဆာန်ကောင်ငယ်များအသံ စီးစီးစီစီညံ၍ လာလေ၏။ တစ်ဖက် တောင်ကြောဆီမှ ကျားဟိန်းသံ တစ်ချက်ကို ကြားလိုက်ရပြန်လေသည်။ ကျားဟိန်းသံအဆုံး တောကြက်များ ကတော်တိုက်သံ များကိုလည်း ဆက်တိုက်ကြားလိုက်ရပြန်၏။ တစ်နေကုန် ကျောက်ခေါင်းလိုဏ်ဂူမြောင်ကြား အတွင်း ခိုအောင်းနေသော သားရဲကြီးများ အပြင်ထွက်ကာ အစာရှာထွက်ကြပြီ ဖြစ်ကြောင်း ကျွန်တော်နားလည် လိုက်သည်။ ထိုစဉ် လူနီက



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်တွေမှာ ငါသတ်ချင်နေတဲ့ ဝံတွေထက် ကျားရဲတွေပိုပေါတယ်ကွ။ ဟင်းဟင်း အဲဒါပဲ လိုချင်တာမရ ရတာမလိုဆိုတာ ကျားတွေဟာ သစ္စာရှိတဲ့ ကောင်တွေကွ တောမှဆိုးအချင်းချင်း ဘယ်တော့မှ ထိပ်တိုက်မတွေ့ဘူး ရှောင်သွားကြတာများတယ်။ မဖြစ်မနေ သူတို့ကို အန္တရာယ်ပြုလာတဲ့အခါ သူတို့မိသားစုအသိုက်အမြုံတွေကို သွားပြီး ထိပါးမိတဲ့အခါမျိုးသာ ဒေါသတကြီး အငြိုးတကြီးနဲ့ တုန့်ပြန်လာတတ်ကြတယ်။ ငါတစ်သက် တော့ ဒီကောင်တွေ ကစပြီး စည်းဖောက် အန္တရာယ်ပြုတာ မရှိသလောက်ပါပဲ။ လူတွေကစပြီး ပစ်ခတ်လိုက်လို့ ဒဏ်ရာရသွားတဲ့အခါ အသို့အိုမင်းမစွမ်းဖြစ်ပြီး တောထဲက သားကောင်တွေကို ဖမ်းဆီးသတ်ဖြတ်မစား သောက်နိုင် တော့တဲ့ အခါမျိုးတွေသာ လူတွေရှိတဲ့ရွာဘက်တွေဆင်းပြီး လွယ်လွယ်ကူကူရတဲ့ အိမ်မွေးတိရစ္ဆာန်





ကျွဲနွားတွေဝင်ဆွဲတတ်ကြတာပါကွာ။ လူကိုဆွဲပြီး စားမိတဲ့အကောင်မျိုးတွေ တောင် လူ့အလောင်းကို ပက်လက်ဘယ်တော့မှ မစားရဲဘူး။ အမြဲတမ်းမှောက် လျက်လုပ်ပြီးမှ စားတတ်တယ်ကွ။ လူ့ရဲ့မျက်နှာကို ဒီကောင်တွေ မကြည့်ရဲတဲ့ သဘောပေါ့ကွာ။ ဘာပဲပြောပြော ငါကတော့ ကိုယ်ကစပြီး အန္တရာယ်မပြုဘဲ တစ်ပါးသူအန္တရာယ်ပြုလာမှ တုံ့ပြန်တတ်တဲ့ ကျားတွေကို သဘောကျတယ်။ ဘယ်တော့မှ ဒီကောင်တွေကို ဒုက္ခမပေးဘူး။သူတို့ဒုက္ခရောက်မယ့် အဖြစ်မျိုးတွေကိုလည်း တတ်နိုင်သမျှ ကာကွယ်ပေးတယ်။ ဒါကြောင့်လည်း တောထဲမှာ ကျားတွေဟာ ငါ့ကိုဘယ်တော့မှ ဒုက္ခမပေးဘူး။ ငါ့ကိုဒုက္ခ ပေးတာတော့ ဝံတွေပဲ။ ဒင်းတို့က ဘာစည်းဘာသစ္စာမှမရှိတဲ့ကောင်တွေ။ ငါ့တစ်သက်တော့ ဒီကောင်တွေကို ဘယ်တော့မှမကျေဘူး"



www.burmeseclassic.com

www.burmeseclassic.com



လူနီမျက်နှာက တကယ်ပင်နာကျည်းခံစားချက်နှင့် ပြောနေကြောင်း သိသာနေသည်။ မီးဖိုမှ မီးအလင်းရောင်ဖြင့် ဖြူဖျော့ဖျော့ရှိနေသော သူ့မျက်နှာမှ မျက်လုံးများက တစ်လက်လက်အရောင်ထွက်နေသကဲ့သို့ ထင်ရ၏။ ကျွန်တော် သူ့မျက်နှာကို ငေးကြည့်နေမိစဉ် အခုမှလူနီက တစ်ခုခုကို သတိရသွားဟန်မျိုးဖြင့်

"ဩော် မင်းတစ်နေ့ခင်းလုံး ပြေးလွှားခဲ့ရတာ မောပန်းပြီ။ အခုလောက်ရှိ ဆာနေရောပေါ့။ ငါ့ဆီမှာတော့ စားစရာဆိုလို့ အသားခြောက်တွေပဲရှိတယ် ဟဲဟဲ ငါလည်း ဆာနေပြီကွ"

လူနီက ပြောပြောဆိုဆို လင့်စင်လက်ရန်းသစ်သားတိုင် တစ်ခုတွင် ချိတ်ဆွဲထားသော ကျွတ်ကျွတ်အိတ်အနက်ထုပ်ကြီးကို ထ၍ဖြုတ်ယူကာ နှစ်ယောက်အလယ်တွင် ချလိုက်သည်။ ကျွန်တော် ကျွတ်ကျွတ်အိတ် အနက်ထုပ်ကြီးကိုကြည့်ရင်း စခန်းတွင်ရှိသော ကျွန်တော်တို့





အသားခြောက်ထုပ်ကို အမှတ်ရလိုက်သည်။ ကျွန်တော်တို့တွင်လည်း အသားခြောက်များကို ဤကဲ့သို့ ကျွတ်ကျွတ်အိတ်အနက်တစ်လုံးဖြင့် ထုပ်ထားကြသည်မဟုတ်လော။ ဤဒေသတွင် ပလပ်စတစ်ကျွတ်ကျွတ်အိတ်များမရှိ။ မြို့မှ ကျွန်တော်ကော်ဖီမစ် နှင့် အသားစည်သွတ်ဘူးများ ဝယ်ခဲ့ရာမှဆိုင်က ထုတ်ပေးလိုက်၍ ပါလာခဲ့ခြင်းပဲဖြစ်သည်။ အခု လူနီမှာလည်း ကျွန်တော့်နည်းတူ မြို့သို့တက်ကာ ပစ္စည်းဝယ်ရင်း ကျွတ်ကျွတ်အိတ်အနက်ကြီးကို ရထားခြင်းပဲဖြစ်လိမ့်မည်ဟု ကျွန်တော်တွေးလိုက်မိသည်။ ထိုစဉ် လူနီက ကျွတ်ကျွတ်အိတ်ကြီးကိုဖြည်ကာ အထဲမှအသားခြောက်မြောင်းများကို ဆွဲထုတ်ယူလိုက်ရင်း

"မင်းကတော့ မီးဖုတ်ပြီးစားချင်စားပေါ့ကွာ ငါကတော့"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောပြောဆိုဆို အသားခြောက်အစိမ်းတစ်မြောင်းကို ပါးစပ်ဖြင့်ကိုက်ဆွဲကာ ပလုပ်ပလောင်းစားသောက်လိုက်၏။ ခဏချင်းပင် အသားခြောက်မြောင်းကြီးနှစ်ချောင်းခန့်ကို လူနီက အစိမ်းလိုက်ဝါးမြိုစားသောက်မစ်လိုက်သည်။ ကျွန်တော်သူ့ကိုကြည့်ကာ အံ့ဩနေမိ၏။ သို့သော် ဤဒေသရှိ မုဆိုးများမှာ တစ်ခါတစ်ရံ အသားစိမ်းများကိုပင် မီးမရနိုင်သောအရပ်တွင် ဒီအတိုင်း စားသောက်တတ်ကြကြောင်း ဦးထော်ရာပြောခဲ့ဖူးသည့် စကားကို အမှတ်ရလိုက်ကာ ဆက်၍ကြည့်မနေတော့ဘဲ ကျွန်တော့်အတွက် အသားခြောက်နှစ်မြောင်းကို မီးဖိုတွင်သွား၍ ဖုတ်ကင်လိုက်တော့သည်။ အသားခြောက်မြောင်းများကိုကျက်ရန် မီးဖိုမီးကျီးခဲများပေါ်တွင် ဟိုဒီလှန်လှောဖုတ်ကင်ရင်း လူနီကို ကျွန်တော် သတိမထားမိတော့။ မကြာမီ





အသားခြောက်မီးညှော်နံ့မွှေးလာကာ အသားများကျက်လာမှ မီးဖိုတွင်းမှ ထင်းစတစ်ချောင်းနှင့်ဆွဲထုတ်ကာ ခဏအအေးခံထားပြီး မီးကျွမ်းပြာမှုန့်များ ကင်းစင်သွားအောင် ထင်းချောင်းများဖြင့် လိမ့်ကာရိုက်ထုလိုက်သည်။ လက်သုံးလုံးလောက် အပြားတစ်တောင်မရှိတရှိ ဒီအသားခြောက်မြောင်းကြီး နှစ်မြောင်းက လူတစ်ယောက်တစ်ဝမ်းစာအတွက်တော့ ဖူလုံပေ၏။ ကျွန်တော်ကျက်သွားပြီဖြစ်သော အသားခြောက် နှစ်မြောင်းကို ပါးစပ်ဖြင့် တစ်ဖူးဖူးမှုတ်ကာ ဆွဲယူလာပြီး မီးဖိုဘက်မှ ပြန်လှည့်လိုက်တော့

မြတ်စွာဘုရား .. လူနီ ကျွတ်ကျွတ်အိတ်ကြီးနှင့် တစ်ထုပ်အသားခြောက် များကို အစိမ်းတိုင်း ထိုင်ဝါးရင်း တစ်ဝက်နီးပါးမျှပင် ကုန်နေပြီဖြစ်ပေ၏။ သူက ပါးစပ်ထဲမှ ပလုပ်ပလောင်းဝါးနေသော အသားခြောက်များကို တစ်ချက်မြိုချလိုက်ရင်း အာလုပ်သံကြီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကျက်သွားပြီလားကွ .. ငါတော့ မီးတွေဘာတွေ ဖုတ်နေလောက်အောင် မစောင့်နိုင်တော့ဘူး။ အသားခြောက်က အစိမ်းတိုင်းပိုပြီးချိုတယ်ကွ ဟဲဟဲ"

ဒီလူ အစားတော်တော်ပက်စက်တဲ့လူပဲဟုတွေးရင်း ကျွန်တော်သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကာ အသားခြောက်မီးဖုတ်များကို အိန္ဒြေရရစားသောက်လိုက်တော့သည်။ ကျွန်တော်ဖုတ်ပြီးသား အသားခြောက်နှစ်ချောင်းကို လက်ဖြင့်ကိုင်ကာ စားသောက်နေရ၏။ သူ့စခန်းလင့်စင်ပေါ်တွင် စားအိုးစားခွက် ဘယ်ပန်းကန်ခွက်ယောက်မှ ကျွန်တော်မမြင်။ အမှန်ပင် လူနီဆိုသော ဒီလူသည် သူပြောသလို တောထဲ၌ ဖြစ်သလိုနေ၊ ဖြစ်သလိုစား နေထိုင်ကျင်လည်နေသော တောမဆိုးရိုင်း တစ်ယောက်ဖြစ်ကြောင်း လက်တွေ့ကျွန်တော် တွေ့မြင်သိရှိလိုက်ရပေတော့ပြီ။





## အခန်း (၈)

ကျွန်တော် အသားခြောက်မီးဖုတ်ကို စားသောက်နေရင်း လင့်စင်အောက် ဖက်မှ ထူးဆန်းသောအသံအချို့ကြောင့် နားစွင့်ကာ ခေတ္တငြိမ်လိုက်မိသည်။ ထိုအချိန် မိုက်ဝသွားဟန်ရှိသော လူနီကလည်း ရေဘူးမှရေကို မော့သောက် နေရင်းမှ အောက်ကအသံများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တငြိမ်သွား၏။

ကျွန်တော့်ခေါင်းထဲ၌ အသိတစ်ခုကို ချက်ချင်းရလိုက်သည်။ ဤကဲ့သို့ တောနက်တောင်နက်များထဲ၌ ညအချိန်တွင် အသားခြောက်များကို မီးဖြင့်ဖုတ်ကင်၍ စား၍မရ။ အကြောင်းမှာ အသားမီးဖုတ်ညှော်နံ့များကြောင့် တောကောင်ကြီးများနှင့် ကင်းမလက်မည်းကြီးများ ညှော်နံ့ခံကာ ရောက်လာတတ်သောကြောင့်ပေတည်း။ ယခုမှ ထိုအချက်ကို ကျွန်တော် သတိမေ့သွားပြီး အသားခြောက်များကို မီးဖုတ်လိုက်မိသည်။ ကေန္တ အသားခြောက်ဖုတ်ညှော်နံ့ကြောင့် အောက်တွင် တောကောင်ကြီးများ ရောက်လာကြလေသလော။

လူနီပြောပြသလိုဆိုလျှင် ကျွန်တော်တို့စခန်းဂူထဲမှ အသားခြောက်များ ပျောက်ပျောက်နေသောကိစ္စ၏ လက်သည်တရားခံများသည်လည်း ... ကျွန်တော်





တွေးရင်းဖြင့်ကြက်သီးများ တဖျန်းဖျန်းထသွားရပြန်လေတော့သည်။ ထိုည လင်စင်ပေါ်တွင် လူနီက တစ္ဆေသရဲအကြောင်းများကို ပြောပြရင်း ကျွန်တော်အိပ်ပျော်သွားလေတော့၏။ နောက်တစ်နေ့နံနက်အရောက်တွင် လူနီကိုယ်တိုင်ပင် လမ်းပြပေးပြီး ကျွန်တော်တို့ စခန်းဂူအနီးရှိ စမ်းချောင်း အထိ လိုက်ပို့ပေးခဲ့သည်။ ကျွန်တော် လူနီကို ကျေးဇူးတင်ကာ စခန်းဂူအထိ လိုက်ခဲ့ရန်ခေါ်သော်လည်း သူကမလိုက်။

"နောက်တော့ ထပ်တွေ့ကြသေးတာပေါ့ကွာ" ဟူသော စကားတစ်ခွန်းနှင့် ထုံးစံအတိုင်း ရုတ်တရက်နှုတ်ဆက်ကာ သစ်တောများအတွင်း တိုးဝင်ပျောက်ကွယ်သွားပြန်သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စခန်းဂူထဲပြန်ရောက်တော့ ဦးထော်ရာ ဒူးလေးကြီးထမ်းကာ အထွက်နှင့်လာဆုံနေ၏။

"ဟေး ခွန်ကျာ ငါ... ညက မင်းပြန်ရောက်မလာတော့ စိတ်ပူပြီး အခုအရှာထွက်တော့မလို့ တော်သေးတာပေါ့ကွာ" ဟု ဝမ်းသာအားရ အူယားဖားယားပြောလာကာ နှုတ်ဆက်ရှာသည်။ ကျွန်တော် ကြံဆင်ကြီးလိုက်၍ လမ်းများကာ မုဆိုးတစ်ယောက်၏ လင့်စင်တွင်ဝင်အိပ်ခဲ့ရကြောင်း ဦးထော်ရာကို ပြောပြရသည်။ လူနီအကြောင်းနှင့်



ညကတစ္ဆေတစ်ကောင်ကို မြင်တွေ့ခဲ့သောအကြောင်းများကိုမူ ကျွန်တော်ပြောမပြဖြစ်။ ဦးထော်ရာ ကိုယ်တိုင်ကလည်း လူကိုယ်တိုင် ပြန်ရောက်လာသည်ကိုပင် အလွန်အမင်း ဝမ်းသာနေဟန်ဖြင့် ကျန်သည့်အကြောင်းကို စေ့စေ့စပ်စပ် မမေးမြန်းခဲ့။

"ငါ့မှာ ညက အတော့်ကိုစိတ်ပူလိုက်ရတာ။ နေညိုလာကတည်းက လာမလား၊ လာမလားနဲ့ စောင့်ရင်း မိုးချုပ်လာတော့။ ဘယ်လိုက်ရှာလို့ အချိန်ရှိတော့မလဲ။ ဒီဒေသတောတွေမှာ ညကြီးမင်းကြီးတစ်ယောက်ထဲ အပြင်ထွက်တဲ့လူဟာ ကိုယ့်ကိုယ်ကို သားရဲကြီးတွေ အစာအဖြစ် ကျွေးလိုက်တာနဲ့ ဘာထူးလဲဟ"

ကျွန်တော် ဦးထော်ရာပြောနေသည်ကို ပြုံးကာ နားထောင်ရင်း လူနီကိုပို၍ ကျေးဇူးတင်သွားမိသည်။ တကယ်လို့ သာ ညကလူနီနှင့်မတွေ့ခဲ့လျှင် ဦးထော်ရာ

www.burmeseclassic.com



ပြောသလို အခုလောက်ရှိ ကျွန်တော့်မှာ သားရဲတိရစ္ဆာန်ကြီးများ၏ အစာဖြစ်ကောင်းဖြစ်နေနိုင်သည်။ နှစ်ယောက်သား အတန်ကြာအောင် စကားများပြောဆိုနေကြပြီးမှ ဦးထော်ရာက

"ကဲ .. ဒီနေ့တော့ မင်းဂူထဲမှာ စောင့်ရင်း နားနားနေနေ နေဦး။ ငါ ခ်ထားတဲ့ ကျောက်သွေးကျင်းတွေဘက် လှည့်ကြည့်ရင်း သားကောင်တစ်ကောင်ကောင်ပစ်ခဲ့ဦးမယ်"

"ဟင် .. မနေ့ကတင် ဦးလေးပစ်ထားခဲ့တဲ့ အသားခြောက်တွေ အများကြီးကျန်နေသေးတယ် မဟုတ်လား။ တောကောင်က ဘာလို့ပစ်နေဦး မှာလဲ"

"မရှိတော့ဘူးကွ"

"ဗျာ"





"ဟုတ်တယ် .. မနေ့က ဟိုသတ္တဝါ လာဆွဲသွားပြန်တာပဲနေမှာ။ ငါ အသားခြောက်တွေကို အမြှောင်းကြီးတွေခွဲပြီး မင်းပါလာတဲ့ အိတ်အမည်းကြီး တစ်လုံးနဲ့ တစ်ထုပ်ကြီးထုပ်ထားခဲ့တာကွ။ ညနေကျတော့ အထုပ်လိုက်ကြီး မရှိတော့ဘူး။ ငါလည်း တစ်ချိန်လုံး ဂူအပြင်ဘက် မထွက်ပါဘူးကွာ။ ဘယ်လို သတ္တဝါမျိုးက ဘယ်လို ဘယ်လို လာလာဆွဲသွားမှန်းကိုမသိတော့ဘူး။ သောပြောတဲ့ တစ္ဆေကောင်များ ဖြစ်နေမလားမသိပါဘူး ကွာ"

ကျွန်တော် ဦးထော်ရာစကားကြောင့် ပါးစပ်ဟောင်းလောင်း ဖြစ်သွားရလေတော့သည်။ ကျွန်တော် ကျွတ်ကျွတ် အိတ်အမည်းကြီး အသားခြောက် အမြှောင်းကြီးများ ကျွန်တော်ဖျတ်ခနဲ မနေ့က လူနီဆွဲလာခဲ့သော အသားခြောက်ထုပ်ကြီးနှင့် အသားခြောက်အမြှောင်းကြီးများကို မျက်စိထဲ

www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်လိုက်မိသည်။

လူနီလို လူတစ်ယောက်က ဒီလို ခိုးကြောင်ခိုးဝှက် အောက်တန်းကျတဲ့ အလုပ်ကို လုပ်နိုင်ပါ့မလား။ မဖြစ်နိုင်။

ကျွတ်ကျွတ်အိတ်အနက်မြင်တိုင်း အသားခြောက်အမြောင်းကြီးများ ဟုဆိုတိုင်း တပ်အပ်တော့ သွားစွပ်စွဲ၍မရ။ မြို့တက်ဖူးသည့် မုဆိုးတိုင်း ကျွတ်ကျွတ်အိတ်များ ရလာနိုင်သည်။ နောက် မုဆိုးတိုင်း အသားခြောက်များကို အမြောင်းများပြုလုပ်ကာ ရိက္ခာဆောင်ထားတတ်ကြသည်။

ကျွန်တော် လူနီပြောပြလိုက်သည့် မုဆိုးများထံမှ အစားစာရိက္ခာများ တောင်းရမ်းခိုးဝှက်စားတတ်သည် ဟူသော တောတွင်းတစ္ဆေကောင်များ အကြောင်းကို အမှတ်ရသွားပြန်၏။ ဖြစ်နိုင်လျှင် ဒင်းတို့လက်ချက်ပဲ ဖြစ်နိုင်ချေရှိသည်။ ညကတင် သစ်ပင်အောက်ရောက်လာကာ အသားခြောက်များကို လာတောင်းသော



တစ္ဆေတစ်ကောင်ကို ကျွန်တော့်မျက်မြင် ကိုယ်တွေ့ မြင်ခဲ့ရသည် မဟုတ်ပါလော။

ဂူဆီမှ ဦးထော်ရာထွက်ခွာသွားသည့်အထိ ကျွန်တော် အသားခြောက်များကို လာလာအလစ်သုတ်နေသည့် တစ္ဆေကောင်ကို ဘယ်လိုအမိဖမ်းပြီး ဘယ်လိုဆုံးမရမည်ကို လျှောက်စဉ်းစားနေမိတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

သုံးဆယ်သားခန့် ကျောက်သွေးတစ်ကျည် တောက်ရလာခဲ့သဖြင့် ဦးထော်ရာပျော်နေသည်။ ကျွန်တော်သည်သူပစ်လာသည့် ချေကောင်ငယ်ကို ဖြတ်ကာ ညစာအတွက် ချက်ပြုတ်ဖို့ကိုပါ တစ်ပါတည်း စီမံလိုက်၏။ အသားများသော ပေါင်ခြမ်းနှစ်ခြမ်းကို





နောက်ရက်စာအတွက် မီးပြပြီးကြပ်တင် ထားလိုက်သည်။

"ဒီတစ်ခါတော့ အသားခြောက်တွေ လာလာအလစ် သုတ်နေတဲ့ တစ္ဆေကောင်ကို ချောင်းပြီး အမိဖမ်းမှဖြစ်မယ် ဗျို့"

ကျွန်တော် ချေသားများကို ညစာအတွက် ချက်ပြုတ်နေရာမှ လွှတ်ခနဲ ပြောလိုက်မိ၏။ ဦးထော်ရာက ဆေးတန်တစ်ချောင်းဖြင့် မှိန်းနေရင်းမှ ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်လာသည်။

"တစ္ဆေကောင် ဟုတ်လား မင်းပြောတော့ ဒါတွေကို အယုံအကြည်မရှိဘူးဆိုကွ အခုတော့ ဘယ်လိုဖြစ်တာတုံး"

မေးလိုက်သော သူ့မျက်နှာက ပြုံးဖြီးဖြီး ကျွန်တော် ကိုယ်ဘာသာကိုယ် လွှတ်ခနဲ ပြောလိုက်မိသော စကားကြောင့် သူ့စကားကို ဘယ်လိုတုန့်ပြန် လိုက်ရမှန်းမသိဖြစ်ရ၏။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ ကျွန်တော် အယုံအကြည်မရှိတာ ဟုတ်တယ် ဒါပေမယ့် အခုတော့ လက်တွေ့မြင်ခဲ့ရလို့ ဒီလိုအကောင်မျိုးတွေ ရှိတယ်ဆိုတာ ကျွန်တောလက်ခံသွားပြီ"

"ဘယ်လိုကွ မင်းလက်တွေ့ မြင်ခဲ့ရလို့"

ဦးထော်ရာ မျက်နှာက အံ့ဩဟန်ဖြစ်သွားသည်။ ကျွန်တော်လူနီနံ့မည် ကိုချန်ပြီး တစ်နေ့ညက အဖြစ်အပျက်ကို ဦးထော်ရာအား ပြောပြလိုက်၏။ ကျွန်တော်ပြောပြသည်ကို နားထောင်အပြီး ဦးထော်ရာမျက်နှာ၌ အံ့ဩဟန် မယုံကြည်နိုင်ဟန်များဖြင့် ပြည့်နေလေသည်။

"ဟုတ်ရဲ့လားကွာ ငါတော့ ဒီတောတွေထဲမှာ တစ်သက်လုံး တောလိုက်လာ ခဲ့တာပါ။ ဒါမျိုးတွေတစ်ခုမှ မကြုံဖူးဘူး။ ပြီးတော့ မင်းနဲ့တွေ့ခဲ့တယ်ဆိုတဲ့ မှဆိုးအကြောင်းလည်း မနက်တုန်းက မင်းပြောကတည်းက





စဉ်းစားနေမိတာ။ ငါတို့ဆီမှာလင့်စင် ထိုးပြီးစခန်းချတတ်တဲ့မုဆိုးမျိုးမရှိသလောက်ပဲကွ။ ဘယ့်နှယ့်ကွာ တစ်ပတ်တစ်ခါလောက် ရာသီဥတုတွေ ပြောင်းလဲနေတတ်တဲ့ ဒီဒေသတောတွေမှာ လင့်စင်ထိုးပြီးစခန်းချနေရတယ်လို့ ရုတ်တရက် နှင်းတွေကျလာပြီး တစ်တောလုံးတစ်တောင်လုံး အေးခဲလာတဲ့အခါ မင်းလူ ဘယ်လိုသွားနေမတုန်း သွေးခဲပြီးသေသွားမှာပေါ့ကွ။ ဒါကြောင့်လည်း ဒီဒေသက မုဆိုးတိုင်း ရာသီဥတု ဒဏ်ခံနိုင်တဲ့ ကျောက်ဂူ လိုဏ်ခေါင်းတွေထဲမှာပဲ စခန်းချလေ့ရှိတယ် "

ဦးထော်ရာ စကားကြောင့် ဒီတစ်ခါ အံ့ဩတွေဝေသွားရသူမှာ ကျွန်တော်ပဲဖြစ်သည်။ဟုတ်တာပဲ အခုမှ သေသေချာချာ စဉ်းစားကြည့်တော့ သစ်ပင်ပေါ်လင့်စင် တစ်ခုတွင်စခန်းချနေသော လူနီမှာ ထူးခြားနေကြောင်း ကျွန်တော်တွေးလိုက်မိ၏။ ထိုအခါ လူနီ၏



www.burmeseclassic.com

www.burmeseclassic.com



အခြားထူးခြားနေမှုများကိုလည်း ကျွန်တော်ဆက်ပြီး တွေးမိလိုက်ပြန်သည်။

ကျွန်တော့် အကြောင်းများကို ဒီလူကြိုသိနှင့်နေခြင်းများနှင့် မှတ်မှတ်ရရ သစ်ပင်ပေါ်သို့တက်စဉ် မျက်စေ့အောင်မှ လျှပ်တစ်ပျက် သစ်ပင်ပေါ် သူဘယ်လိုကြိုရောက်နှင့်နေသည်ဟူသော အကြောင်းများပဲဖြစ်၏။ လူနီမှာ ထူးခြားသော လူတစ်ယောက်ဖြစ်နေသည်မှာ သေချာလှပေပြီ။

ကျွန်တော် ကိုယ့်အတွေးနှင့် ကိုယ်ခေတ္တငြိမ်သက်နေမိလေတော့၏။ ထိုစဉ် ဦးထော်ရာက

"ဒါနဲ့နေပါဦးကွ အဲ့ဒီ မုဆိုးက ဘယ်လိုပုံစံမျိုးရှိလဲ။ ဒီနယ်ဘက်မှတော့ ငါမသိတဲ့မုဆိုး ခပ်ရှားရှားပဲ "

"အသားဖြူဖြူ ပိန်ပိန်ပါးပါးနဲ့ပဲ သူကဦးလေးတို့လို ဒီနယ်ဖက်က လူမျိုးတစ်ယောက်မဟုတ်ဘူး။ကျွန်တော့်လို





ကချင်လူမျိုးတစ်ယောက်ပဲဗျ။ "

" ဟော မင်းနံမည်ကိုရောသိခဲ့ရလား "

"လူနီတဲ့ "

"လူနီ"

ဦးထော်ရာက လူနီနံမည်ကို ရေရွတ်ကာ မျက်မှောင်ကြီးကုတ်၍ စဉ်းစားနေ၏။ ခဏအကြာမှ

"ဒါဆို ဒီကောင် ဒီနယ်ဘက်ကို အခုမှတက်လာတဲ့ မုဆိုးတစ်ယောက် ထင်တယ်"ဟုရေရွတ်သလိုပြော၏။ ကျွန်တော်က

"မဟုတ်ဘူး ဦးလေး ဒီလူက (၁၀)နှစ်သားလောက်ထဲက သူ့အဖေနဲ့ အတူ ဒီနယ်ဘက်ကို ရောက်လာတာတဲ့ သူ့အဖေသေပြီး တစ်ယောက်တည်း ဒီနယ်ကတောတွေထဲမှာ ကျင်လည်နေတာကြာပြီတဲ့ဗျ" ဟုထပ်ပြောလိုက်တော့ ဦးထော်ရာ ပါးစပ်က ဒုတိယအကြိမ် 'ဟော'ခနဲ အံ့သြသံတစ်ခု ထွက်သွားရပြန်သည်။ သူလည်းမစဉ်းစား

www.burmeseclassic.com



တတ်တော့ ဒီနယ်ဘက်တွင် တစ်သက်မှဆိုး လုပ်စားခဲ့သည်မှာကြာပေပြီ။ အခု ခွန်ဂျာပြောပြနေသည့် နံမည်နှင့် မှဆိုးကို တစ်ခါမှ မကြားဖူးခဲ့။ ပြီးတော့ ဒီကောင်က ဒီနယ်တောတွေထဲမှာ ကျင်လည်နေတာကြာပြီဆိုပြန်တော့ ဦးထော်ရာ သူခေါင်းကြီးကိုသာ တွင်တွင်ခါရမ်းလိုက်မိလေတော့သည်။

"အိမ်း...ငါတော့ ဒီနံမည်မျိုးနဲ့ မှဆိုးတွေထဲမှာ တစ်ခါမှ မကြားဖူးဘူး။ငါပဲ မသိတာဖြစ်ချင်ဖြစ်မှာပေါ့လေ"

"ဟုတ်တယ် ဦးလေး သူကလည်းပြောတယ်။ သူကတောထဲမှာပဲ တစ်ယောက်တည်းနေပြီး ရွာတွေနဲ့ အဆက်ဆံမလုပ်တော့ သူ့ကိုတော်တော် တန်တန် ဘယ်သူမှမသိဘူးလို့ပြောတယ်"

"အင်း . . .ဒီလိုပဲ ဖြစ်လို့နေမယ်။ ဒီနယ်ဘက်က မှဆိုးတွေဆိုရင် ငါမသိတာ တစ်ယောက်မှမရှိလဲ ကဲ အဲ့ဒီကိစ္စထားဦး အရေးကြီးတာ ပြောရဦးမယ်"





"ဘာများလဲဦးလေး "

"ငါဒီနေ့ ကျောက်တောင်တွေပေါ်က ရာသီဥတု အခြေအနေကို အကဲခတ်ရတာ သိပ်ပြီး ဘဝင်မကျချင်ဘူးကွ။မြောက်ဘက်မျှားက ကျောက်တောင် ဖျားတွေမှာ နှင်းရိုပ်ဆီးတိမ်တွေ ငါမြင်ခဲ့ရတယ်။ ဒီနေ့ နေရောင်ခြည် အရောင်ကလည်းတစ်မျိုးပဲ။ မကြာခင် တစ်ရက်နှစ်ရက် အတွင်း ရာသီဥတု ပြောင်းပြန်ပြောင်းလဲလာမယ်ထင်တယ်။ အခုနွေးရင့်ရာသီကနေ ရုတ်တရက် ဆီးနှင်းခဲတွေကျလာပြီး။ရေခဲတွေဖုံး လွှမ်းသွားမယ်။ ဆောင်းရင့်ရာသီမျိုးပေါ့ကွာ။ ဒီဒေသတွေက ရာသီဥတု အစိုးမရဘူးကွ တစ်နေ့နွေ တစ်နေ့ဆောင်းပဲ။ အဲဒီအခါကျရင် ငါလည်းကျောက်သွေးခံလို့ ရတော့မှာမဟုတ်ဘူး။ ဒီတစ်ရက်နှစ်ရက်အတွင်း မင်းလိုချင်တဲ့ သားကောင်ကြီးတွေရှာပစ်ပြီး ရွာကိုအပြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းကြမှဖြစ်မယ်။ နို့မို့ဆိုရာသီဥတု ပြောင်းလဲသွားပြီး နှင်းမုန်တိုင်းတွေ ဘာတွေကျလာရင် တို့အတွက် အပြန်ခက်လိမ့်မယ်။ ဒီအရပ်က နှင်းမုန်တိုင်းတွေ ဘာတွေကျလာရင် ဆောင်းရက်က တစ်လကိုးသီတင်း ရှည်ရင်လည်းရှည်သွားတတ်တာမျိုးကွ။ အဲဒီလောက် အကြာကြီးဆိုရင် ငါတို့မှာ ပါလာတဲ့ ဆေးဝါးရိက္ခာတွေခံမှာ မဟုတ်ဘူး။ နယ်ခံဖြစ်တဲ့ငါ့အတွက်က ကိစ္စမရှိဘူး။ အခုမှဒီနယ်ဘက် စရောက်ဖူးတဲ့ မင်းအတွက်က ဆောင်းကြမ်းရာသီ ဒဏ်ကိုခံနိုင်မှာ မဟုတ်ဘူးကွ"

ဒီနယ်ဘက်တွင် နေထိုင်ပြီး ဒီနယ်ရာသီဥတု အကြောင်းကို နောကြေအောင် သိရှိနေသော ဦးထော်ရာ စကားကို ကျွန်တော် အတွန့်တက်စရာမရှိတော့။

"ဒါဆိုလည်း ဦးလေး သဘောပဲလေ "ဟုပြောလိုက်ရတော့သည်။





တကယ်တမ်းအားဖြင့်လည်း ကျွန်တော့် အတွေ့အကြုံဗဟုသုတ အလို့ငှာ ဒီရာသီဥတုကြမ်း နယ်ကြမ်းနေရာတစ်ခုကို လိုက်လာခဲ့သော်လည်း နယ်ဖျားမြေဖျားမှ ငှက်ဖျားကဲ့သို့ ရောဂါဒဏ်များကိုမူ ကျွန်တော်ကြောက်ရသေး သည်။ ဒီလိုဒေသမျိုးက ငှက်မိခဲ့လျှင်မလွယ်။ အခုပင် ကျွန်တော်ဆောင်လာ ခဲ့သည့် ငှက်ဖျားရောဂါ ကာကွယ်ဆေးများကို တစ်နေ့တစ်လုံး ပုံမှန်သောက်နေရသည်မဟုတ်ပါလော။ ဒီဆေးများကလည်း ရောဂါကာကွယ် ဆေးများသာ ဖြစ်၍ဦးထော်ရာပြောသလို ရာသီဥတု ကြမ်းလာလျှင် ဒီဒေသတွင် အနေကြာလာခဲ့လျှင် အခြေခံကိုယ်ခံအား အသားကျကြံ့ခိုင်ခြင်း မရှိသေးသော ကျွန်တော်အနေဖြင့် ရာသီကြမ်းဒဏ်ကို ရှည်ရှည်ခံနိုင် လိမ့်မည်မဟုတ်။ ဒီအတိုင်းသာဆိုလျှင် ဤတစ်ရက်နှစ်ရက် အတွင်း ဦးထော်ရာ ပြောသကဲ့သို့ ကျွန်တော့်အတွက် အမှတ်တရ သားကောင်ကြီးတစ်ကောင်ကောင်ကို ရှာပစ်ကာ ရွာသို့ပြန်ဆင်းကြရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



" မလူးသာ မလွန့်သာ ဝံနဲ့ ပက်ပင်းတွေ့ရင် အသေကောင်လို မလှုပ်မယှက် ငြိမ်နေရတယ်ကွ ဒါဆို သူတို့ကို အန္တရာယ်မပြုဘူး ထင်ပြီး ချက်ချင်း ဝင်မကိုက်တော့ဘူး"

ဦးထော်ရာကသွားရင်းလာရင်း ဖြင့် ဝံကောင်တို့၏ သဘာဝများကို ကျွန်တော့်အားပြောပြ လာသည်။ ကျွန်တော် ဝံကိုတစ်ခါမှ မပစ်ဖူး။ဝံတွေကို မုန်းတီးကာ လိုက်လံ ပစ်ခတ်သတ်ဖြတ် နေသည်ဆိုသော လူနီကို ရုတ်တရက် သတိရလိုက်မိပြန်၏။

" နောက်တစ်ချက်က ဝံတွေဟာ လူတွေကို သိုက်ဖို့လာရင် သူတို့နှာခေါင်းကို လက်နှစ်ဘက်နဲ့ ကာပြီးလာတတ်တယ်ကွ။ ဝံနှာခေါင်းဖျားဟာ သိပ်နုတော့ သူတို့နှာဖျားကို ထိမိက်မှာ ဝံတွေသိပ်ကြောက်တယ်။ ဒါသူတို့ အားနည်းချက်ပဲဝံနဲ့ရင်ဆိုင်ဖက်လုံး မိပြီဆိုတာနဲ့ နှာသီးဖျားကိုသာ အမိအရ ဖြတ်ရိုက်လိုက် ဒီကောင်တွေ





ပြေးတော့တာပဲ။ ဒီနယ်ဘက်က မုဆိုးတွေ အတွက်တော့ ဝံဟာ ကြောက်စရာမဟုတ်ပါဘူးကွာ။"

"တစ်ကောင်ချင်း မဟုတ်ဘဲ အုပ်လိုက်တွေလည်း မကြောက်နဲ့ကွ။ ပထမ ခုနကပြောသလို အသေကောင်လို အရင်ငြိမ်နေလိုက် ဒီကောင်တွေအနား ရောက်လာမှ ပါးစပ်ကနေ ခူးခူး ဆိုပြီး တစ်အားအော်လိုက်။ ဒါဆိုဒီကောင်တွေ မှင်တက်ပြီး လန့်ဆုတ်သွားကြလိမ့်မယ်။ အဲဒီ အခါကျမှ ဒီကောင်တွေထဲက အကောင်အကြီးဆုံး ရှေ့ဆောင်ကောင်ရဲ့နှာနုကို ပြေးသာရိုက် ခေါင်းဆောင်ဝံကြီး ထွက်ပြေးသွားလိမ့်မယ်။ ခေါင်းဆောင်ပြေးတာနဲ့ ကျန်တဲ့ကောင်တွေလည်း ပြေးတော့တာပဲ ဟား ... ဟား တစ်ခါတစ်လေ ဝံတွေဟာ ရယ်စရာတောင် ကောင်းသေးတယ်။"

"ဘယ်လိုရယ်စရာကောင်းတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွဲ အခုလို နွေရင့်ရက်တွေ ရှည်တဲ့အချိန်မှာဆိုရင် တောပန်း တောင်ပန်းတွေ တစ်တောလုံးပွင့်လာကြတော့ ပန်းဝတ်ရည်ကြိုက်တဲ့ ပျားကောင်တွေပေါလာရော တောပျားတွေက သစ်ခေါင်းတွေထဲမှာ အုံကျင်းဖွဲ့တတ်ကြတယ်ကွ။ အဲဒီလို ပျားအုံတွေပေါတဲ့အချိန်ဆို ဝံကောင်တွေ ဆင်းလာကြတော့တာပဲ။ ဒီကောင်တွေက ပျားရည် ပျားသလက်တွေကို အလွန်အင်မတန် ကြိုက်တဲ့ အကောင်တွေကိုးကွ။ ပျားလပို့ ပျားရည်ရှာတဲ့ နေရာမှာလည်း ဒီကောင်တွေ အင်မတန် တော်တယ်။ ဒီကောင်တွေရဲ့ အမွှေးကြမ်းကြီးကြောင့် ပျားတွေကလည်း အသားထိအောင် မတုတ်နိုင်ကြဘူး လေကွာ။ ဒီတော့ဒီကောင်တွေဟာ သစ်ခေါင်းထဲက ပျားအုံတွေပြီ ဆိုတာနဲ့ သူတို့နှာဖျားကို လက်နဲ့အုပ်ခေါင်းဝင်တိုးပြီး ပျားရည် ပျားသလက်တွေကို မကုန်မချင်းစားတော့တာပဲ။





အဲဒီအချိန်မျိုးတွေလို့ကတော့ ဒီကောင်တွေ နောက်က ရဲရဲသာကပ်သွား။သူတို့ခေါင်းက သစ်ခေါင်းထဲရောက် နေတာဆိုတော့ အပြင်ကို ဘာမှမမြင်တော့ဘူး။ ပျားရည်ပျားလပို့ အရသာငမ်းနေတာနဲ့လည်း ဒီကောင်တွေဘယ်တော့မှ နောက်ပြန်မကြည့်တော့ဘူး။ အထဲက ပျားရည် ပျားလပို့တွေ မကုန်မချင်းကို ခေါင်းမထုတ်တမ်းစားတတ်တဲ့ လောဘကြီးတဲ့ အကောင်တွေကိုးကွ။ အဲဒီမှာ သူ့နောက်ကို အသာလေး ကပ်သွားပြီး နောက်ကနေ လက်တို့လိုက် နောက်ပြန် မကြည့်ဘဲ အထဲက ပျားလပို့တွေဖွဲ့ဖွဲ့ပြီး နောက်ပြန်ပေး တော့တာပဲ။ သူတို့စိတ်ထဲမှာ နောက်က ဝံသားပေါက်တွေ ရောက်လာပြီး လက်တို့တောင်းတယ်ထင်တာကိုးကွ ဟားဟား သစ်ခေါင်း ပျားလပို့တွေဟာ အလွန်အင်မတန် ကြီးတော့ အချို့ဆို ဝံသစ်ခေါင်း နှိုက်နေတုန်း နောက်ကနေ လက်တို့တောင်းပြီး ရခဲ့တဲ့ ပျားရည်တွေဆိုတာ

www.burmeseclassic.com



တစ်ထောပဲ''

ကျွန်တော်ဦးထော်ရာ ပြောပြသည်ကို နားထောင်ပြီးရယ်ရ၏။ ကျွန်တော်တို့ စကားတပြောပြောဖြင့် မြောက်ဘက်တောင်ကြောများခြေရင်းရှိသစ်ရိုင်းတောများ အနီးသို့ ရောက်ရှိလာကြသည်။ ဦးထော်ရာပြောသဖြင့် မြောက်ဖျား ရေခဲတောင်မြင့် များမှဆင်းလာတတ်သည့် ဝံကောင်များကို ရှာဖွေပစ်ခတ်ရန်ဒီနေ့ တောထဲသို့ ကျွန်တော်တို့နှစ်ယောက်စလုံးဝင်လာခဲ့ကြခြင်းပဲ ဖြစ်လေ၏။

'' ပဒိုရှေ့ကမြင်နေရတဲ့ တောင်ကြောပဲဘာ ဝံပုန်းတောင်ကြောပဲကွ။ အဲဒီဘက်မှ ဝံတွေ တအားပေါတယ်။ တို့အဲဒီ တောင်ကြောဘက် အထိသွားကြမယ်''

ဦးထော်ရာက သစ်ရိုင်းတောများကြားမှ မြင်နေရသော စိမ်းညို့ညို့တောင်ကြောတစ်ခုကို လက်ညှိုးထိုးပြပြီး ပြောသည်။ သို့ဖြင့် နှစ်ယောက်သား တောတိုး လျှိုမြောင်များကို ဖြတ်ကျော်ကာ ဝံပုန်းတောင်ကြောဆီသို့





သွားရောက်ခဲ့ကြ၏။ တောင်ကြော အစပ်ဆီသို့ရောက်တော့ နေပင်အတော်မြင့် သွားပြီဖြစ်သည်။ ထည့်ယူလာခဲ့ကြသော နေ့လည်စာကို ကျောက်ဆောင် အကွယ်နေရာတစ်ခုတွင် စားသောက်လိုက်ကြ၏။

ကျွန်တော် နေ့လည်စာအဖြစ်ယူလာခဲ့သော ခေါ်ပျဉ်နှင့် ချေသားခြောက်ကင်ကို စားသောက်နေရင်းမှ တစ်စုံတစ်ခုကို အမှတ်ရသွားသဖြင့်

''ဦးလေး ချေသားပေါင်ကင် တစ်ချောင်းကို ဘယ်မှာသိမ်းထားခဲ့လဲ'' ဟုမေးလိုက်မိ၏။

ဦးထော်ရာက ချေသားကင်တစ်ဖဲ့ကို ဝါးနေရင်းမှ

'' ဘယ်မှာမှမသိမ်းခဲ့ဘူး။ ဝါးကျည်တွေအပေါ်ဒီအတိုင်း တင်ပစ်ထားခဲ့တယ် ''ဟုခပ်အေးအေးပင် ဖြေလိုက်သဖြင့်

''ဟာ ဒါဆိုရင် ဟိုတစ္ဆေကောင် လက်ချက်တော့ မိပါပြီဗျာ''ဟုကျွန်တော် နှမြောဟန်ဖြင့် ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါဦးထော်ရာက ပြုံး၍

" မပူပါနဲ့ကွာ။ ဒီတစ်ခါတော့ မင်းတစ္ဆေကောင် ဒုက္ခရောက်ပြီသာမှတ် ငါအသားကင်ပေါ်မှာ အဆိပ်ရည်တွေသုတ်ထားခဲ့တယ်ကွ။ ငါလည်းဒီကောင်ကို ဘယ်လိုဆုံးမရမယ်ဆိုတာ စဉ်းစားနေတာ ဒီမနက်တော့ အကြံရတာနဲ့ အဲ့ဒီအတိုင်းလုပ်ထားပစ်ခဲ့တာ တစ္ဆေကောင်မဟုတ်ဘဲ အခြားသတ္တဝါကောင် တစ်ကောင်ကောင်ဆိုလည်း ကိစ္စပြတ်တာပေါ့ကွာ" ဆို၏။

ကျွန်တော် ဦးထော်ရာ အကြံကိုသဘောကျသွားခဲ့သော်လည်း တကယ်လို့တစ္ဆေကောင် တစ်ကောင်ဖြစ်နေပါက ဦးထော်ရာ အဆိပ်ရည်မှာ နာနာဘာဝ တစ္ဆေကောင်များအပေါ် ထိရောက်နိုင် မရောက်နိုင်ကို စဉ်းစားနေမိသည်။ ဘာပဲဖြစ်ဖြစ် အပြန်ခါတော့ ထူးခြားမှု တစ်စုံတစ်ရာကို တွေ့မြင်ရ





လိမ့်မည်ဟုတွေးကာ ကျွန်တော် ကျေနပ်လိုက်တော့သည်။

နေ့လည်စာ စားပြီး ကျွန်တော်တို့ ဝံပုန်းတောင်ဆီသို့ တက်ခဲ့ကြသည်။ ဝံများခို အောင်းနေနိုင်သည့် ကျောက်ဂူကျောက်ခေါင်းများနှင့် ခြေရာလက်ရာများကို ရှာဖွေကာ ဝံသိုက်များကို တစ်နေကုန် ချောင်းမြောင်း၍ နေမည်ပြုခင် အချိန်တွင်ပင် ကျွန်တော်တို့ ဝံတစ်ကောင်ကို ပစ်ခတ်နိုင်ခဲ့ကြသည်။ရရှိသော ဝံကောင်ကြီး၏ အရေကို ခွာယူကာ ကျွန်တော်တို့စခန်းဂူရှိရာသို့ ပြန်ခဲ့ကြလေတော့သည်။ ကျွန်တော့်အတွက်တော့ အပြန်ခါ အမှတ်တရ ပစ္စည်း ဝံရေတစ်ချပ်ကို ပထမဦးဆုံးရရှိခဲ့ လေတော့ပြီ။

ကျွန်တော် စခန်းဂူရှိရာသို့ ပြန်ရောက်သည်နှင့် အရင်ဆုံး ဦးထော်ရာ ထားခဲ့သည့် ဝါးကျည်ပေါ်မှ အသားကင်ကို ရင်ခုန်စွာသွားကြည့် မိလိုက်သည်။ မျှော်လင့်ထားသည့် အတိုင်းပင် အသားကင်ကား မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ပါသွားပြီမဟုတ်လားကွ။ ကောင်းတယ် ငါကပါမှပါသွားပါ့မလားလို့"

နောက်မှရောက်လာကာပြောလိုက်သော ဦးထော်ရာအသံကကျေနပ်သံ ဖုံးနေလေ၏။ ကျွန်တော် ဦးထော်ရာကို လှည့်၍ပြောလိုက်မိသည်။

"ဒါပေမယ့် ကျွန်တော် စဉ်းစားနေတာ ဦးလေး အဆိပ်က နာနာဘာဝ တစ္ဆေကောင်တွေကို ထိရောက်နိုင်ပါ့မလားလို့"

"ဒါတော့ ငါလည်း ဘယ်ပြောတတ်မလဲ ဘာပဲဖြစ်ဖြစ် တို့ထင်သလို တစ္ဆေကောင်မဟုတ်ဘဲ အခြားသတ္တဝါကောင်ဆိုရင်လည်း ကိစ္စပြတ်တာပေါ့ကွာ။ အခုလောက်ဆိုရင်ပဲ ဆွဲသွားတဲ့အကောင် ဒုက္ခရောက်နေလောက် ပြီလား မသိဘူး ဟားဟား"

ဦးထော်ရာက သူ့ဘာသာသူပြောကာ သဘောကျစွာရယ်လိုက်သေး၏။ ညဘက်အရောက်တွင်မူ





စဉ်းစားနေမိတာ။ ငါတို့ဆီမှာလင့်စင် ထိုးပြီးစခန်းချတတ်တဲ့မုဆိုးမျိုးမရှိသလောက်ပဲကွ။ ဘယ့်နှယ့်ကွာ တစ်ပတ်တစ်ခါလောက် ရာသီဥတုတွေ ပြောင်းလဲနေတတ်တဲ့ ဒီဒေသတောတွေမှာ လင့်စင်ထိုးပြီးစခန်းချနေရတယ်လို့ ရုတ်တရက် နှင်းတွေကျလာပြီး တစ်တောလုံးတစ်တောင်လုံး အေးခဲလာတဲ့အခါ မင်းလူ ဘယ်လိုသွားနေမတုန်း သေွးခဲပြီးသေသွားမှာပေါ့ကွ။ ဒါကြောင့်လည်း ဒီဒေသက မုဆိုးတိုင်း ရာသီဥတု ဒဏ်ခံနိုင်တဲ့ ကျောက်ဂူ လိုဏ်ခေါင်းတွေထဲမှာပဲ စခန်းချလေ့ရှိတယ်"

ဦးထော်ရာ စကားကြောင့် ဒီတစ်ခါ အံ့ဩတွေဝေ သွားရသူမှာ ကျွန်တော်ပဲဖြစ်သည်။ဟုတ်တာပဲ အခုမှ သေသေချာချာ စဉ်းစားကြည့်တော့ သစ်ပင်ပေါ်လင့်စင် တစ်ခုတွင်စခန်းချနေသော လူနီမှာ ထူးခြားနေကြောင်း ကျွန်တော်တွေးလိုက်မိ၏။ ထိုအခါ လူနီ၏



www.burmeseclassic.com

www.burmeseclassic.com



အခြားထူးခြားနေမှုများကိုလည်း ကျွန်တော်ဆက်ပြီး တွေးမိလိုက်ပြန်သည်။

ကျွန်တော့် အကြောင်းများကို ဒီလူကြိုသိနှင့်နေခြင်းများနှင့် မှတ်မှတ်ရရ သစ်ပင်ပေါ်သို့တက်စဉ် မျက်စေ့အောင်မှ လျှပ်တစ်ပျက် သစ်ပင်ပေါ် သူဘယ်လိုကြိုရောက်နှင့်နေသည်ပဲသော အကြောင်းများပဲဖြစ်၏။ လူနီမှာ ထူးခြားသော လူတစ်ယောက်ဖြစ်နေသည်မှာ သေချာလှပေပြီ။

ကျွန်တော် ကိုယ့်အတွေးနှင့် ကိုယ်ခေတ္တငြိမ်သက်နေမိလေတော့၏။ ထိုစဉ် ဦးထော်ရာက

"ဒါနဲ့နေပါဦးကွ အဲ့ဒီ မှဆိုးက ဘယ်လိုပုံစံမျိုးရှိလဲ။ ဒီနယ်ဘက်မှတော့ ငါမသိတဲ့မုဆိုး ခပ်ရှားရှားပဲ "

"အသားဖြူဖြူ ပိန်ပိန်ပါးပါးနဲ့ပဲ သူကဦးလေးတို့လို ဒီနယ်ဖက်က လူမျိုးတစ်ယောက်မဟုတ်ဘူး။ကျွန်တော့်လို ကချင်လူမျိုးတစ်ယောက်ပဲဗျ။ "

" ဟေ မင်းနံမည်ကိုရောသိခဲ့ရလား "

"လူနီတဲ့ "

"လူနီ"

ဦးထော်ရာက လူနီနံမည်ကို ရေရွတ်ကာ မျက်မှောင်ကြီးကုတ်၍ စဉ်းစားနေ၏။ ခဏအကြာမှ

"ဒါဆို ဒီကောင် ဒီနယ်ဘက်ကို အခုမှတက်လာတဲ့ မုဆိုးတစ်ယောက် ထင်တယ်"ဟုရေရွတ်သလိုပြော၏။ ကျွန်တော်က

"မဟုတ်ဘူး ဦးလေး ဒီလူက (၁၀)နှစ်သားလောက်ထဲက သူ့အဖေနဲ့ အတူ ဒီနယ်ဘက်ကို ရောက်လာတာတဲ့ သူ့အဖေသေပြီး တစ်ယောက်တည်း ဒီနယ်ကတောတွေထဲမှာ ကျင်လည်နေတာကြာပြီတဲ့ဗျ" ဟုထပ်ပြောလိုက်တော့ ဦးထော်ရာ ပါးစပ်က ဒုတိယအကြိမ် 'ဟေ'ခနဲ အံ့ဩသံတစ်ခု ထွက်သွားရပြန်သည်။ သူလည်းစဉ်းစား







www.burmeseclassic.com

www.burmeseclassic.com



တတ်တော့ ဒီနယ်ဘက်တွင် တစ်သက်မှုဆိုး လုပ်စားခဲ့သည်မှာကြာပေပြီ။ အခု ခွန်ကျာပြောပြနေသည့် နံမည်နှင့် မှဆိုးကို တစ်ခါမှ မကြားဖူးခဲ့။ ပြီးတော့ ဒီကောင်က ဒီနယ်တောတွေထဲမှာ ကျင်လည်နေတာကြာပြီ ဆိုပြန်တော့ ဦးထော်ရာ သူ့ခေါင်းကြီးကိုသာ တွင်တွင်ခါရမ်း လိုက်မိလေတော့သည်။

"အိမ်း...ငါတော့ ဒီနံမည်မျိုးနဲ့ မုဆိုးတွေထဲမှာ တစ်ခါမှ မကြားဖူးဘူး။ငါပဲ မသိတာဖြစ်ချင်ဖြစ်မှာပေါ့လေ"

"ဟုတ်တယ် ဦးလေး သူကလည်းပြောတယ်။ သူကတောထဲမှာပဲ တစ်ယောက်တည်းနေပြီး ရွာတွေနဲ့ အဆက်ဆံမလုပ်တော့ သူ့ကိုတော်တော် တန်တန် ဘယ်သူမှမသိဘူးလို့ပြောတယ်"

"အင်း...ဒီလိုပဲ ဖြစ်လို့နေမယ်။ ဒီနယ်ဘက်က မုဆိုးတွေဆိုရင် ငါမသိတာ တစ်ယောက်မှမရှိလဲ ကဲ အဲ့ဒီကိစ္စထားဦး အရေးကြီးတာ ပြောရဦးမယ်"





"ဘာများလဲဦးလေး "

"ငါဒီနေ့ ကျောက်တောင်တွေပေါ်က ရာသီဥတု အခြေအနေကို အကဲခတ်ရတာ သိပ်ပြီး ဘဝင်မကျချင်ဘူး ကွ။မြောက်ဘက်မှားက ကျောက်တောင် မှားတွေမှာ နှင်းရိပ် ဆီးတိမ်တွေ ငါမြင်ခဲ့ရတယ်။ ဒီနေ့ နေရောင်ခြည် အရောင်ကလည်းတစ်မျိုးပဲ။ မကြာခင် တစ်ရက်နှစ်ရက် အတွင်း ရာသီဥတု ပြောင်းပြန်ပြောင်းလဲလာမယ်ထင်တယ်။ အခု နွေးရင့်ရာသီကနေ ရုတ်တရက် ဆီးနှင်းခဲတွေကျလာပြီး။ရေခဲတွေဖုံး လွှမ်းသွားမယ်။ ဆောင်းရင့်ရာသီမျိုးပေါ့ကွာ။ ဒီဒေသတွေက ရာသီဥတု အစိုးမရဘူးကွ တစ်နေ့နွေ တစ်နေ့ဆောင်းပဲ။ အဲဒီအခါကျရင် ငါလည်းကျောက်သွေးခဲ လို့ ရတော့မှာမဟုတ်ဘူး။ ဒီတစ်ရက်နှစ်ရက်အတွင်း မင်းလိုချင်တဲ့ သားကောင်ကြီးတွေရှာပစ်ပြီး ရွာကိုပြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းကြမှဖြစ်မယ်။ နို့မို့ဆိုရာသီဥတု ပြောင်းလဲသွားပြီး နှင်းမုန်တိုင်းတွေ ဘာတွေကျလာရင် တို့အတွက် အပြန်ခက်လိမ့်မယ်။ ဒီအရပ်က နှင်းမုန်တိုင်းတွေ ဘာတွေကျလာရင် ဆောင်းရက်ကဲ တစ်လကိုးသီတင်း ရှည်ရင်လည်းရှည်သွားတတ်တာမျိုးကွ။ အဲဒီလောက် အကြာကြီးဆိုရင် ငါတို့မှာ ပါလာတဲ့ ဆေးဝါးရိက္ခာတွေခံမှာ မဟုတ်ဘူး။ နယ်ခံဖြစ်တဲ့ငါ့အတွက်က ကိစ္စမရှိဘူး။ အခုမှဒီနယ်ဘက် စရောက်ဖူးတဲ့ မင်းအတွက်က ဆောင်းကြမ်းရာသီ ဒဏ်ကိုခံနိုင်မှာ မဟုတ်ဘူးကွ"

ဒီနယ်ဘက်တွင် နေထိုင်ပြီး ဒီနယ်ရာသီဥတု အကြောင်းကို နှောကြေအောင် သိရှိနေသော ဦးထော်ရာ စကားကို ကျွန်တော် အတွန့်တက်စရာမရှိတော့။

''ဒါဆိုလည်း ဦးလေး သဘောပဲလေ ''ဟုပြောလိုက်ရတော့သည်။





တကယ်တမ်းအားဖြင့်လည်း ကျွန်တော့် အတွေ့အကြုံဗဟုသုတ အလို့ငှာ ဒီရာသီဥတုကြမ်း နယ်ကြမ်းနေရာတစ်ခုကို လိုက်လာခဲ့သော်လည်း နယ်ဖျားမြေဖျားမှ ငှက်ဖျားကဲ့သို့ ရောဂါဒဏ်များကိုမူ ကျွန်တော်ကြောက်ရသေး သည်။ ဒီလိုဒေသမျိုးက ငှက်မိခဲ့လျှင်မလွယ်။ အခုပင် ကျွန်တော်ဆောင်လာ ခဲ့သည့် ငှက်ဖျားရောဂါ ကာကွယ်ဆေးများကို တစ်နေ့တစ်လုံး ပုံမှန်သောက်နေရသည်မဟုတ်ပါလော။ ဒီဆေးများကလည်း ရောဂါကာကွယ် ဆေးများသာ ဖြစ်၍ဦးထော်ရာပြောသလို ရာသီဥတု ကြမ်းလာလျှင် ဒီဒေသတွင် အနေကြာလာခဲ့လျှင် အခြေခံကိုယ်ခံအား အသားကျကြံ့ခိုင်ခြင်း မရှိသေးသော ကျွန်တော်အနေဖြင့် ရာသီကြမ်းဒဏ်ကို ရှည်ရှည်ခံနိုင် လိမ့်မည်မဟုတ်။ ဒီအတိုင်းသာဆိုလျှင် ဤတစ်ရက်နှစ်ရက် အတွင်း ဦးထော်ရာ ပြောသကဲ့သို့ ကျွန်တော့်အတွက် အမှတ်တရ သားကောင်ကြီးတစ်ကောင်ကောင်ကို ရှာပစ်ကာ ရွာသို့ပြန်ဆင်းကြရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"မလှုးသာ မလွှန့်သာ ဝံနဲ့ ပက်ပင်းတွေ့ရင် အသေကောင်လို မလှုပ်မယှက် ငြိမ်နေရတယ်ကွ ဒါဆို သူတို့ကို အန္တရာယ်မပြုဘူး ထင်ပြီး ချက်ချင်း ဝင်မကိုက်တော့ဘူး"

ဦးထော်ရာကသွားရင်းလာရင်း ဖြင့် ဝံကောင်တို့၏ သဘာဝများကို ကျွန်တော့်အားပြောပြ လာသည်။ ကျွန်တော် ဝံကိုတစ်ခါမှ မပစ်ဖူး။ဝံတွေကို မုန်းတီးကာ လိုက်လံ ပစ်ခတ်သတ်ဖြတ် နေသည်ဆိုသော လူနီကို ရုတ်တရက် သတိရလိုက်မိပြန်၏။

"နောက်တစ်ချက်က ဝံတွေဟာ လူတွေကို လိုက်ဖို့လာရင် သူတို့နှာခေါင်းကို လက်နှစ်ဘက်နဲ့ ကာပြီးလာတတ်တယ်ကွ။ ဝံနှာခေါင်းဖျားဟာ သိပ်နုတော့ သူတို့နှာဖျားကို ထိနိုက်မှာ ဝံတွေသိပ်ကြောက်တယ်။ ဒါသူတို့ အားနည်းချက်ပဲဝံနဲ့ရင်ဆိုင်ဖက်လုံး မိပြီဆိုတာနဲ့။ နှာသီးဖျားကိုသာ အမိအရ ဖြတ်ရိုက်လိုက် ဒီကောင်တွေ



ပြေးတော့တာပဲ။ ဒီနယ်ဘက်က မုဆိုးတွေ အတွက်တော့ ဝံဟာ ကြောက်စရာမဟုတ်ပါဘူးကွာ။"

"တစ်ကောင်ချင်း မဟုတ်ဘဲ အုပ်လိုက်တွေလည်း မကြောက်နဲ့ကွ။ ပထမ ခုနကပြောသလို အသေကောင်လို အရင်ငြိမ်နေလိုက် ဒီကောင်တွေအနား ရောက်လာမှ ပါးစပ်ကနေ ခူးခူး ဆိုပြီး တစ်အားအော်လိုက်။ ဒါဆိုဒီကောင်တွေ မှင်တက်ပြီး လန့်ဆုတ်သွားကြလိမ့်မယ်။ အဲ့ဒီ အခါကျမှ ဒီကောင်တွေထဲက အကောင်အကြီးဆုံး ရှေ့ဆောင်ကောင်ရဲ့နှာနကို ပြေးသာရိုက် ခေါင်းဆောင် ဝံကြီး ထွက်ပြေးသွားလိမ့်မယ်။ ခေါင်းဆောင်ပြေးတာနဲ့ ကျန်တဲ့ကောင်တွေလည်း ပြေးတော့တာပဲ ဟား ...ဟား တစ်ခါတစ်လေ ဝံတွေဟာ ရယ်စရာတောင် ကောင်းသေးတယ်။"

"ဘယ်လိုရယ်စရာကောင်းတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ အခုလို နွေရင့်ရက်တွေ ရှည်တဲ့အချိန်မှာဆိုရင် တောပန်း တောင်ပန်းတွေ တစ်တောလုံးပွင့်လာကြတော့ ပန်းဝတ်ရည်ကြိုက်တဲ့ ပျားကောင်တွေပေါလာရော တောပျားတွေက သစ်ခေါင်းတွေထဲမှာ အုံကျင်းဖွဲ့တတ်ကြတယ်ကွ။ အဲဒီလို ပျားအုံတွေပေါတဲ့အချိန်ဆို ဝံကောင်တွေ ဆင်းလာကြတော့တာပဲ။ ဒီကောင်တွေက ပျားရည် ပျားသလက်တွေကို အလွန်အင်မတန် ကြိုက်တဲ့ အကောင်တွေကိုးကွ။ ပျားလပို့ ပျားရည်ရှာတဲ့ နေရာမှာလည်း ဒီကောင်တွေ အင်မတန် တော်တယ်။ ဒီကောင်တွေရဲ့ အမွေးကြမ်းကြီးကြောင့် ပျားတွေကလည်း အသားထိအောင် မတုတ်နိုင်ကြဘူး လေကွာ။ ဒီတော့ဒီကောင်တွေဟာ သစ်ခေါင်းထဲက ပျားအုံတွေပြီ ဆိုတာနဲ့ သူတို့နှာဖျားကို လက်နဲ့အုပ်ခေါင်းဝင်တိုးပြီး ပျားရည် ပျားသလက်တွေကို မကုန်မချင်းစားတော့တာပဲ။





အဲဒီအချိန်မျိုးတွေလို့ကတော့ ဒီကောင်တွေ နောက်က ရဲရဲသာကပ်သွား။ သူတို့ခေါင်းက သစ်ခေါင်းထဲရောက် နေတာဆိုတော့ အပြင်ကို ဘာမှမမြင်တော့ဘူး။ ပျားရည်ပျားလပို့ အရသာငမ်းနေတာနဲ့လည်း ဒီကောင်တွေဘယ်တော့မှ နောက်ပြန်မကြည့်တော့ဘူး။ အထဲက ပျားရည် ပျားလပို့တွေ မကုန်မချင်းကို ခေါင်းမထုတ်တမ်းစားတတ်တဲ့ လောဘကြီးတဲ့ အကောင်တွေကိုးကွ။ အဲဒီမှာ သူ့နောက်ကို အသာလေး ကပ်သွားပြီး နောက်ကနေ လက်တို့လိုက် နောက်ပြန် မကြည့်ဘဲ အထဲက ပျားလပို့တွေဖဲ့ဖဲ့ပြီး နောက်ပြန်ပေး တော့တာပဲ။ သူတို့စိတ်ထဲမှာ နောက်က ဝံသားပေါက်တွေ ရောက်လာပြီး လက်တို့တောင်းတယ်ထင်တာကိုးကွ ဟားဟား သစ်ခေါင်း ပျားလပို့တွေဟာ အလွန်အင်မတန် ကြီးတော့ အချို့ဆို ဝံသစ်ခေါင်း နှိုက်နေတုန်း နောက်ကနေ လက်တို့တောင်းပြီး ရခဲ့တဲ့ ပျားရည်တွေဆိုတာ

www.burmeseclassic.com



တစ်ထောပဲ''

ကျွန်တော် ဦးထော်ရာ ပြောပြသည်ကို နားထောင်ပြီးရယ်ရ၏။ ကျွန်တော်တို့ စကားတပြောပြောဖြင့် မြောက်ဘက်တောင်ကြောများခြေရင်းရှိသစ်ရိုင်းတောများ အနီးသို့ ရောက်ရှိလာကြသည်။ ဦးထော်ရာပြောသဖြင့် မြောက်ဖျား ရေခဲတောင်မြင့် များမှဆင်းလာတတ်သည့် ဝံကောင်များကို ရှာဖွေပစ်ခတ်ရန်ဒီနေ့ တောထဲသို့ ကျွန်တော်တို့နှစ်ယောက်စလုံးဝင်လာခဲ့ကြခြင်းပဲ ဖြစ်လေ၏။

'' ပဲ့ရှေ့ကမြင်နေရတဲ့ တောင်ကြောပာ ဝံပုန်းတောင်ကြောပဲကွ။ အဲဒီဘက်မှ ဝံတွေ တအားပေါ တယ်။ တို့အဲဒီ တောင်ကြောဘက် အထိသွားကြမယ်''

ဦးထော်ရာက သစ်ရိုင်းတောများကြားမှ မြင်နေရသော စိမ်းညို့ညို့တောင်ကြောတစ်ခုကို လက်ညှိုးထိုးပြပြီး ပြောသည်။ သို့ဖြင့် နှစ်ယောက်သား တောတိုး လျှိုမြောင်များကို ဖြတ်ကျော်ကာ ဝံပုန်းတောင်ကြောဆီသို့



သွားရောက်ခဲ့ကြ၏။ တောင်ကြော အစပ်ဆီသို့ရောက်တော့ နေပင်အတော်မြင့် သွားပြီဖြစ်သည်။ ထည့်ယူလာခဲ့ကြသော နေ့လည်စာကို ကျောက်ဆောင် အကွယ်နေရာတစ်ခုတွင် စားသောက်လိုက်ကြ၏။

ကျွန်တော် နေ့လည်စာအဖြစ်ယူလာခဲ့သော ခေါက်ပျဉ်နှင့် ချေသားခြောက်ကင်ကို စားသောက်နေရင်းမှ တစ်စုံတစ်ခုကို အမှတ်ရသွားသဖြင့်

''ဦးလေး ချေသားပေါင်ကင် တစ်ချောင်းကို ဘယ်မှာသိမ်းထားခဲ့လဲ'' ဟုမေးလိုက်မိ၏။

ဦးထော်ရာက ချေသားကင်တစ်ဖဲ့ကို ဝါးနေရင်းမှ

'' ဘယ်မှာမှမသိမ်းခဲ့ဘူး။ ဝါးကျည်တွေအပေါ်ဒီအတိုင်း တင်ပစ်ထားခဲ့တယ် ''ဟုခပ်အေးအေးပင် ဖြေလိုက်သဖြင့်

''ဟာ ဒါဆိုရင် ဟိုတစ္ဆေကောင် လက်ချက်တော့ မိပါပြီဗျာ'' ဟုကျွန်တော် နှမြောဟန်ဖြင့် ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါဦးထော်ရာက ပြုံး၍

" မပူပါနဲ့ကွာ။ ဒီတစ်ခါတော့ မင်းတစ္ဆေကောင် ဒုက္ခရောက်ပြီသာမှတ် ငါအသားကင်ပေါ်မှာ အဆိပ်ရည်တွေသုတ်ထားခဲ့တယ်ကွ။ ငါလည်းဒီကောင်ကို ဘယ်လိုဆုံးမရမယ်ဆိုတာ စဉ်းစားနေတာ ဒီမနက်တော့ အကြံရတာနဲ့ အဲ့ဒီအတိုင်းလုပ်ထားပစ်ခဲ့တာ တစ္ဆေကောင်မဟုတ်ဘဲ အခြားသတ္တဝါကောင် တစ်ကောင်ကောင်ဆိုလည်း ကိစ္စပြတ်တာပေါ့ကွာ" ဆို၏။

ကျွန်တော် ဦးထော်ရာ အကြံကိုသဘောကျ သွားခဲ့သော်လည်း တကယ်လို့တစ္ဆေကောင် တစ်ကောင်ဖြစ်နေပါက ဦးထော်ရာ အဆိပ်ရည်မှာ နာနာဘာဝ တစ္ဆေကောင်များအပေါ် ထိရောက်နိုင် မရောက်နိုင်ကို စဉ်းစားနေမိသည်။ ဘာပဲဖြစ်ဖြစ် အပြန်ခါတော့ ထူးခြားမှု တစ်စုံတစ်ရာကို တွေ့မြင်ရ





လိမ့်မည်ဟုတွေးကာ ကျွန်တော် ကျေနပ်လိုက်တော့သည်။

နေ့လည်စာ စားပြီး ကျွန်တော်တို့ ဝံပုန်းတောင်ဆီသို့ တက်ခဲ့ကြသည်။ ဝံများနိုအောင်းနေနိုင်သည့် ကျောက်ဂူကျောက်ခေါင်းများနှင့် ခြေရာလက်ရာများကို ရှာဖွေကာ ဝံသိုက်များကို တစ်နေကုန် ချောင်းမြောင်း၍ နေမည်ျခင် အချိန်တွင်ပင် ကျွန်တော်တို့ ဝံတစ်ကောင်ကို ပစ်ခတ်နိုင်ခဲ့ကြသည်။ရရှိသော ဝံကောင်ကြီး၏ အရေကို ခွာယူကာ ကျွန်တော်တို့စခန်းဂူရှိရာသို့ ပြန်ခဲ့ကြလေတော့သည်။ ကျွန်တော့်အတွက်တော့ အပြန်ခါ အမှတ်တရ ပစ္စည်း ဝံရေတစ်ချပ်ကို ပထမဦးဆုံးရရှိခဲ့ လေတော့ပြီ။

ကျွန်တော် စခန်းဂူရှိရာသို့ ပြန်ရောက်သည်နှင့် အရင်ဆုံး ဦးထော်ရာ ထားခဲ့သည့် ဝါးကျည်ပေါ်မှ အသားကင်ကို ရင်ခုန်စွာသွားကြည့် မိလိုက်သည်။ မျှော်လင့်ထားသည့် အတိုင်းပင် အသားကင်ကား မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



" ပါသွားပြီမပာ့တ်လားကွ။ ကောင်းတယ် ငါကပါမှပါသွားပါ့မလားလို့"

နောက်မှရောက်လာကာပြောလိုက်သော ဦးထော်ရာ့အသံကကျေနပ်သံ ဖုံးနေလေ၏။ ကျွန်တော် ဦးထော်ရာကို လှည့်၍ပြောလိုက်မိသည်။

"ဒါပေမယ့် ကျွန်တော် စဉ်းစားနေတာ ဦးလေး အဆိပ်က နာနာဘာဝ တစ္ဆေကောင်တွေကို ထိရောက်နိုင်ပါ့မလားလို့ "

"ဒါတော့ ငါလည်း ဘယ်ပြောတတ်မလဲ ဘာပဲဖြစ်ဖြစ် တို့ထင်သလို တစ္ဆေကောင်မဟုတ်ဘဲ အခြားသတ္တဝါ ကောင်ဆိုရင်လည်း ကိစ္စပြတ်တာပေါ့ကွာ။ အခုလောက်ဆိုရင်ပဲ ဆွဲသွားတဲ့အကောင် ဒုက္ခရောက်နေလောက် ပြီလား မသိဘူး ဟားဟား"

ဦးထော်ရာက သူ့ဘာသာသူပြောကာ သဘောကျစွာရယ်လိုက်သေး၏။ ညဘက်အရောက်တွင်မူ





ထိုအခါ သူတို့အရပ်မှာ သားရဲတိရစ္ဆာန်ပေါများလှသော အရပ်တစ်ခုဖြစ်၍ လူတိုင်းနီးပါး မုဆိုးအလုပ်ကိုတော့ ရင်းနှီး ကျွမ်းဝင်ကြလေသည်။ သားရဲတိရစ္ဆာန်တို့ ပေါများ၍လည်း သူတို့အိမ်ခြံဝိုင်းများကပင် ခြေတန်ရှည် သစ်လုံးခင်းတစ်ပိုင်း တိဘက် အိမ်များဖြစ်၍ ခြံဝန်းများကိုမူ လူကြီးပေါင်လုံးခန့်ရှိ သစ်လုံးများဖြင့်အခိုင်အမာ၊ အလုံအစေ့ကာရံထားကြရ သည်။ သစ်ပေါများသည့် အရပ်ဖြစ်၍ အိမ်ခြံဝန်းများအတွက် သစ်ကဝယ်ယူစရာပင်မလို။

ယခုလည်း တောမှပြန်ရောက်သည်ကြား၍ ဦးထော်ရာ၏ ဝါးမိုးသစ်ကာ ခေါင်စောက်ပတ်လည်ဝိုင်း အိမ်လေး၌ ရွာသားတွေ အဆင်းအတက်မပြတ် တောမုဆိုးကြီးဦးထော်ရာကိုယ်တိုင်ပင် ရောက်လာသူတိုင်းမေးသော ဘာသားကောင်တွေရခဲ့သလဲ၊ ဘာတွေ ပါခဲ့တုံးဟူသော မေးခွန်းများကို



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ခံပြီးဖြေနေရလေသည်။ တစ်မနက်လုံး လူမစဲဘဲ နေ့လည်ထမင်းစားချိန် ရောက်မှ လူပြတ်သွားလေတော့၏။

“ဖြေရတာ ပါးစပ်တောင်ညောင်းတယ်ဟေ့”

ပြောသာပြော၏။ မုဆိုးကြီးဦးထော်ရာမျက်နှာက ရွာသားတွေမေးတိုင်း ကျောက်သွေး (၃၀) သားကျော်ခန့် ရခဲ့သည့်အကြောင်း ပြန်ဖြေကာ သူ့မျက်နှာကြီး ပီတိလှိုင်နေမှန်း ကျွန်တော်သိ၏။ ကျောက်သွေး လေးငါးကျပ်သားကိုပင် ရအောင်မနည်းရှာကြရသော ရွာသားများအဖို့ကလည်း ကျောက်သွေး (၃၀) သားကျော်ရှာလာနိုင်ခဲ့သော ဦးထော်ရာကို အထင်မကြီးဘဲ ဘယ်ရှိမလဲ။ လူတိုင်းက ဦးထော်ရာရခဲ့သော ကျောက်သွေးများကိုကြည့်ကာ တအံ့တသြရှိကြ၏။ ဒါကိုပင် ဦးထော်ရာကြီး ပီတိဖြစ်လို့မဆုံး။ ဂုဏ်ယူဝံ့ကြွား ရွာ မေးသမျှကို မမောနိုင်၊ မပပ်းနိုင်ပြော၍မဆုံး။ အခု





လာမေးသူ လူပြတ်သွား၍သာ ဟန်လုပ်၍ ပါးစပ်ညောင်း သလေး ဘာလေးလုပ်နေမှန်းသိ၍ ကျွန်တော်ပြုံးလိုက်မိ၏။ ကျွန်တော့်မျက်နှာအရိပ်အကဲကိုကြည့်၍ သူလည်း သဘောပေါက်သွားဟန်ရှိ၏။ ရှက်ကိုးရှက်ကန်းဖြင့်

“မီးဖိုထဲမှာ တည်ထားတဲ့ ဟင်းအိုးသွားကြည့် လိုက်ဦးမယ်ကွာ” ဟုဆိုကာ မီးဖိုဘက်တက်သွားလေ တော့သည်။ ဦးထော်ရာ မီးဖိုဘက်ဝင်သွားလို့မှ မဆုံးသေး။

“မုဆိုးကြီးတောက ပြန်ရောက်လာတယ်ဆိုလို့ဗျို့”

အသံနှင့်အတူ အိမ်ပေါ်သို့ အသားညိုညို၊ ဂင်တိုတို လူတစ်ယောက်တက် လာပြန်လေ၏။ ကျွန်တော့်ကို မြင်တော့

“ဩော် ... မြို့က ပါလာခဲ့တဲ့ မုဆိုးလေးဆိုတာနဲ့ တူတယ်” ဟု ပြုံး၍ နှုတ်ဆက်၏။ ကျွန်တော် ထိုလူကို ပြုံးကာ ခေါင်းညိတ်ပြပြီး မီးဖိုဘက်သို့လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဦးလေးရေ ဧည့်သည်" ဟု လှမ်းအော်လိုက်လေသည်။ ဒါကိုပင် ရောက်လာသောလူက

"ဟဲ ဟဲ ကျုပ်က ဧည့်သည်မဟုတ်ပါဘူးဗျာ။ ဦးထော်ရာဆီ လာနေကျပါ" ဟု ပြောလိုက်ဆဲ မီးဖိုခန်းထဲမှ

"ဘယ်သူလဲကွ ဟေ" ဟူသောအသံနှင့်အတူ ဦးထော်ရာ ပြန်ထွက်လာ၏။ အိမ်ပေါ်သို့ ရောက်လာသော လူကို မြင်တော့

"သြော် သောဗ ထိုင်လေကွာ။ ငါတို့လည်း ဒီမနက်မှ ပြန်ရောက်သကွ" ဟု ပြုံးဖြီးဖြီးကြီးပြောကာ နှုတ်ဆက်လိုက်လေသည်။ သောဗဆိုသောလူက

"ကျုပ်လည်း သတင်းကြားလို့ ရောက်လာခဲ့တာပဲဗျ။ ဘယ်လိုလဲ အခြေအနေ" ဟု မေးကာ အကြမ်းရည်အိုးချထားသော ကြမ်းပြင်တွင် ဝင်ထိုင်လိုက်၏။

"ဘာလဲကွ အခြေအနေ"





"သြော် ခင်ဗျား တောကပြန်လာတာ ဘာတွေရလာခဲ့တုံးလို့မေးတာ"

"ဟဲ ဟဲ"

မဖြေခင်ကတည်းက ဦးထော်ရာပါးစပ်က တဟဲဟဲရယ်သံကြီးစထွက်လာ၏။ ပြီးမှ

"ဒီတစ်ပတ် သိပ်ပြီးတွေတွေထူးထူးပါမလာပါဘူးကွာ။ ကျောက်သွေးသုံးဆယ်သားကျော်ကျော်လောက်ပဲ ရလာခဲ့တယ်"

ဦးထော်ရာအပြောကြောင့် သောဗမျက်လုံးဝိုင်းသွားလေ၏။

"ကျောက်သွေး (၃၀) ဆယ်သားကျော်ကျော်တောင် ဟုတ်လား။ ဒါနည်းလားဗျ။ ဒါဆို ဒီတစ်ပတ် ခင်ဗျားပွလာတာပေါ့ဗျ"

"ဘယ်ကကွာ။ ကျောက်သွေးလေး (၃၀) သားကျော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပွဲရမှာလဲ။ ဟဲဟဲ မင်းကတော့လုပ်ပြီ''

ဦးထော်ရာက သောဗကိုပြောပြီး ကျွန်တော့်ဘက် မလုံမလဲတစ်ချက် ခိုးကြည့်၏။ ကျွန်တော် မသိချင်ယောင်ဆောင်ကာ အကြမ်းရည်တစ်ခွက်ကို သူတို့အတွက် တစ်ယောက်တစ်ခွက်စီ ငှဲ့ထည့်ပေးလိုက်သည်။ ထိုအခါ သောဗက အကြမ်းရည်ဝိုင်းကို တစ်ချက်ဝေ့ကြည့်ပြီး

''ကျောက်သွေး (၃၀) သားကျော်ရပြီး တောကပြန်လာတဲ့လူက အသားခြောက် အမြည်းလေး ဘာလေး မပါဘူးလားဗျ'' ဟုဆို၏။ ထိုအခါ ဦးထော်ရာက

''အသားခြောက်အကြောင်းတော့ မပြောနဲ့ဟေ့။ မနေ့ကမှ ပစ်လာရတဲ့ ချေတစ်ကောင်တော့ ပါခဲ့တယ်။ အသားစိုတွေဆိုတော့ ရောက်မှ ဟင်းချက်ထားရတယ်။ ကျက်ရင် စားသွားပေါ့ကွာ'' ဟု ပြောကာ အကြမ်းရည်





တစ်ခွက်ကို ကောက်မော့လိုက်သည်။ ဦးထော်ရာစကား ကြောင့် သောဗလက်က အကြမ်းရည်ခွက်ဆီလှမ်းနေရာမှ ရပ်သွားပြီး

''အသားခြောက်က ဘာဖြစ်လို့လဲ မရခဲ့လို့လား'' ဟု မေးလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

''ဟား ဟား ကျုပ်သိပြီ။ ခင်ဗျားတို့ ကျုပ်ပြောတဲ့အကောင်နဲ့ တွေ့လာခဲ့ကြပြီမဟုတ်လား။ တကယ်ပါဆိုတဲ့ဟာ အဲဒီ တုန်းက ကျုပ်ပြောတာကို ခင်ဗျားမယုံဘူးမဟုတ်လား။ အခုတော့ ဘယ့်နှယ့်ရှိစ။ ပြောပြဦး။ ခင်ဗျားတို့ရော ဘယ်လိုကြုံခဲ့ရတုံး''

ထိုလူစကားကြားမှ ဦးထော်ရာပြောပြခဲ့သည့် အသားစားမှုဆိုးတစ္ဆေ အကြောင်း ပြောပြလိုက်သည့် သောဗဟူသော နာမည်ကို ကျွန်တော် မှတ်မိလိုက်တော့ သည်။ ထိုမှ ဦးထော်ရာမှ

''ပြော မပြောချင်ပါဘူးကွာ'' ဟု အစချီ၍



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စခန်းဂူထဲတွင် အသားခြောက်များ ထုးထုးဆန်းဆန်းပျောက် ပျောက်သွားပုံများကို အာဘောင်အာရင်းသန်သန်နှင့် ပြောပြနေတော့၏။ တစ်ချို့နေရာများတွင် ကျွန်တော့်ကိုပင် စကားစစ်ကူ တောင်းကာ

"နော်ကွာ .. ခွန်ဂျာ" ဟု ဆိုလာသဖြင့် ကျွန်တော်မှလည်း အလိုက်သင့် ဝင်ပြောပြရသေးလေ၏။ ကျွန်တော်တို့စကား များကို နားထောင်အပြီး၌မှ သောဖက ပခုံးကိုတစ်ချက်တွန့်၍

"အဲဒီလောက်နဲ့ဆို ခင်ဗျားတို့တော်သေးတာပေါ့ဗျာ။ အဲဒီအသားစား တစ္ဆေကောင်ကို ခင်ဗျားတို့ မျက်မြင်ကိုယ်တွေ့ မမြင်လိုက်ကြလို့။ ကျုပ်တုန်းက သူ့သွားပြီး စိန်ခေါ်လိုက်မိလို့ ညတိုင်းလာလာခြောက်ပြီး နောက်ယှက်လိုက်တာ ဆိုတာများ နောက်ဆုံး ကျုပ်တောထဲကနေ ပြန်ပြေးလာခဲ့ရတဲ့အထိပဲဆိုပါတော့"





"ဟေ မင်းက အဲဒီတစ္ဆေကောင်ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရ တာပေါ့"

"ဒါပေါ့ဗျာ ... နို့မို့ဆို ကျုပ်ဒီလောက် ဘယ်ကြောက်မလဲ။ ပြီးတော့ ဒီတစ္ဆေကောင်ကို ကျုပ်က တစ္ဆေဘဝမဟုတ်ဘူး။ ဒီကောင် လူ့ဘဝကတည်း က ကျုပ်ကသိနေတာ။ အစပိုင်း ခင်ဗျားတို့လိုပဲ အသားခြောက်တွေ ပျောက်ပျောက်နေတုန်းကတော့ သူ့လက်ချက်မှန်းမသိလို့သွားပြီး စိန်ခေါ်မိလိုက်တာပေါ့ဗျာ။ နောက်မှ ကျုပ်လည်း လာခြောက်ရော လူ့ဘဝထဲက ကျုပ်သိနေတဲ့ ဒီကောင်ဖြစ်နေတာပါရောလား။ ဒီကောင်က လူ့ဘဝကတည်းက မှဆိုးတစ်ယောက်ပါဆိုနေ။ ခင်ဗျားတို့သာမသိတယ်။ တောထဲမှာ ဒီကောင်နဲ့ကျုပ် ခဏခဏတွေ့ခဲ့ဖူးတဲ့ဥစ္စာ။ ဒီကောင်က ဒီနယ်တောတွေထဲမှာ တစ်ယောက်တည်းနေပြီး



www.burmeseclassic.com

www.burmeseclassic.com



သားစိမ်းစား၊ ငါးစိမ်းစား။ တကယ့်တောတွင်း မုဆိုးတစ်ယောက်ဗျ။ လူ့ဘဝကတည်းက ဒီလောက် သားစိမ်းငါးစိမ်းမက်ပြီး တစ္ဆေဘဝရောက်လာတော့ ပိုဆိုးတော့တာပေါ့။ ခင်ဗျားတို့လက်တွေ့ပဲ။ တောထဲရောက်လာသမျှ မုဆိုးတွေဆီက အသားခြောက်တွေကို ခိုးခိုးပြီးစားနေတော့တာပဲ"

"ဗျာ"

ကျွန်တော် ရုတ်တရက် လူနီကို အမှတ်ရလိုက်မိကာ နှုတ်မှ ဗျာဟု အသံထွက်သွားရခြင်းဖြစ်၏။ ကျွန်တော့်အသံကြောင့် သောဇက ပြောနေရင်းတန်းလန်း စကားကိုရပ်ကာ ကျွန်တော့်မျက်နှာကို တစ်ချက်ကြည့် လာသည်။ ပြီးမှ ကျွန်တော့်ကို အားနာ သွားဟန်ဖြင့် တစ်ချက်ပြုံးပြလိုက်ပြီး

"ဩော် ဒီက မြို့ကမုဆိုးလေးကလည်း ကချင်အမျိုးသားနော်။ အဲဒီလူကို မုဆိုးလေးသိလို့လား။ တစ်ခါတစ်ခါ သူက ခင်ဗျားတို့မြေပြန့်မြို့တွေအထိ တက်တတ်တယ်ဗျ။ လူပုံစံက အသားဖြူဖြူ၊ ပိန်ပိန်ပါးပါးနဲ့ လူမမာရုပ်လေဗျာ။ အဲ နေပါဦး သူ့နာမည်က အင်း အဲ ခင်ဗျားတို့ ကချင်နာမည်ဆိုတော့ ပါးစပ်ထဲမှာ မေ့နေတယ်။ ဩော် ဟော မှတ်မိပြီ၊ လူ.. လူနီ ဟုတ်ထယ် လူနီတဲ့ဗျ"

"ဗျာ ..."

ဒီတစ်ခါ ကျွန်တော့်ပါးစပ်မှ ထိတ်လန့်တကြား ခုန်ထွက်သွားသော အသံကြီးမှာ ကျယ်လောင်သွားသဖြင့် သောဇနှင့် ဦးထော်ရာတို့ပင် လန့်သွားကြလေသည်။

"လူ ... လူနီ ဟုတ်လား ကိုသောဇ"

သောဇက ကျွန်တော့်မျက်နှာကို အံ့သြနားမလည်သလို ပြူးကြောင်ကြောင် ကြည့်နေရင်းမှ

"ဟုတ်တယ်လေ ဒီကောင့်နာမည် လူနီတဲ့။ မုဆိုးလေးသိလို့လား။ သူ ဝက်ကိုက်ခံရလို့ သေသွားခဲ့တာ







www.burmeseclassic.com

www.burmeseclassic.com



ဘာကြာသေးလို့လဲ တစ်နှစ်လောက်ပဲရှိဦးမယ်''

ကျွန်တော် သောဇ၏ စကားများကို နားထောင်ရင်း ဦးခေါင်းကြီးတစ်ခုလုံး ကြီးသွားသလိုဖြစ်သွားရလေတော့၏။ ဝံတွေကို နာကျည်းမုန်းတီးကာ လိုက်လံသတ်ဖြတ်နေပါသည်ဟု ဆိုခဲ့သော လူနီ၊ ကျွန်တော့်မျက်စိအောက် တွင်ပင် သစ်ပင်ပေါ်သို့ ထူးဆန်း စွာရောက်နေသည့် လူနီ၊ ပြီးတော့ ကျွတ်ကျွတ်အိတ်အနက် အသားခြောက်ထုပ်ကြီးနှင့် ကျွန်တော့်ရှေ့တွင်ပင် အသားခြောက် များကို တစ်ထိုင်တည်း အစိမ်းလိုက်ဝါးမြိုစားသောက်နေသော လူနီ၏ပုံစံကြီးကို ပြန်ပြီးမြင်ယောင်မိလိုက်ကာ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးများတဖြန်းဖြန်းထသွားရလေတော့၏။ ထိုမှ တောတွင်းအသားစားကြူး နာနာဘာဝတစ္ဆေတစ်ကောင်နှင့် တစ်ညတာအတူ အိပ်စက်ခဲ့ရသောအဖြစ်ကို ပြန်စဉ်းစားလိုက်မိပြန်လေရာ ကျောရိုးတစ်လျှောက်လုံးစိမ့်၍ အေးသွားခဲ့ရပြန်





လေတော့၏။

ထိုစဉ် ကျွန်တော့်မျက်နှာကို အံ့သြတကြီးဖြင့် ကြည့်ရှုလျက် ဦးထော်ရာက

''ငါလည်း မင်းပြောပြကတည်းက သိပ်တော့မသကာ ချင်ဘူး။ အပင်ပေါ်မှာ လင့်စင်ထိုးပြီး စခန်းချတဲ့မုဆိုးဆိုလို့ ဒီနယ် ဒီတောမှာရှိမှမရှိဘဲ။ နောက်ပြီး ငါတို့ ပထမနေ့ အသားခြောက်ထုပ်ကြီးပျောက်သွားတုန်းက ရိပ်ခနဲ လူတစ်ယောက်သဏ္ဌာန်ကို ငါမြင်လိုက်ရတာကွ။ ဒီကောင်ပဲဖြစ်မှာပေါ့။ အဲဒီတုန်းက မင်းကြောက်နေမှာစိုးလို့ ငါဘာမှမပြောပြပါဘူးလို့ ဖွတ်ငြင်းခဲ့တာ လူကို တစ်ကိုယ်လုံးကြက်သီးတွေ ထသွားတာပဲ''

ကျွန်တော်အသံပင် မထွက်နိုင်တော့ဘဲ ဖြစ်နေရတော့၏။ အခုမှ အတွေးများကလည်း အသားစားတစ္ဆေကောင် လူနီပြောခဲ့ သော စကားများကို



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရလိုက်မိကာ တစ်ခုချင်းတစ်ခုချင်း ကျွန်တော်တို့ တွေ့ကြုံခဲ့ရသော အကြောင်းရာများကို ဆက်စပ်ကာ စဉ်းစားမိလာပြန်တော့၏။

စည်းနဲ့ပင်ကြီးပေါ်တွင် နေထိုင်သော တစ္ဆေကောင်၊ ဝံကောင်အကိုက်ခံရ၍ သေဆုံးခဲ့ရသဖြင့် ဝံကောင်များကို မုန်းတီးကာ ကျားများကိုမှ သဘောကျကာ သူတို့၏ အန္တရာယ်များကိုပင် တတ်နိုင်သမျှ အကာအကွယ်ပေးခဲ့သည်ဟု ပြောခဲ့သော တစ္ဆေကောင်၏စကား၊ ကျွန်တော်နှင့် ဦးထော်ရာတို့ ပထမဦးဆုံး ကျားပစ်ခဲ့ရာ စည်းနဲ့ပင်ကြီး ရုတ်တရက် လေတိုက်ခြင်း အလျဉ်းမရှိပါဘဲနှင့် ထူးဆန်းစွာလှုပ်ခါသွားသော စည်းနဲ့ပင်ကြီး ....

ကျွန်တော် တစ်ခုချင်းတွေးရင်းတွေးရင်းဖြင့် ကျော့ထဲစိမ့်အေးကာ ကြက်သီးများတဖြန်းဖြန်း ထ၍မဆုံးတော့။ နောက်ဆုံး ကျွန်တော် တစ်ခုကိုသွား၍





စဉ်းစားမိလိုက်ပြန်သည်။ ကျွန်တော်တို့ စခန်းဂူမှ မထွက်ခွာမီ နောက်ဆုံးတစ်ရက်အလိုတွင် အဆိပ်ရည်လူးထားသော အသားကင်ကို အသားခိုးတစ္ဆေကောင် ဆွဲယူခိုးသွားခဲ့သည်မဟုတ်ပါလော။ အကယ်၍ အသားစားကြူးသော ထိုတစ္ဆေကောင်သည် အဆိပ်ရည်များလူးထားခဲ့သော ထိုအသားကင်ကို စားမိသွားအံ့။ တစ္ဆေကောင် မည်သို့ရှိချေမည်နည်း။

နာနာဘာဝ တစ္ဆေကောင်တို့မည်သည် ကိုယ်ခန္ဓာဒြပ်ထုထည်မရှိသော ဝိညာဉ်များဟု ဆိုကြ၏။ သို့ဆိုလျှင် အဘယ်အတွက်ကြောင့် လူတို့စားသောက် သော အစားအသောက်များကို ခိုးယူစားသောက်နေကြပါသနည်း။ လူတို့တွင် အသွေးသားခန္ဓာကိုယ်နှင့်တကွ အစာလက်ခံရာ အစာအိမ်၊ အူသိမ်၊ အူမများ အစရှိသော အင်္ဂါများရှိ၍ အာဟာရအလို့ငှာ အစားအသောက်များကို စားသောက်ကြရ၏။ ဘာခန္ဓာ ကိုယ် ဒြပ်ထုထည်မရှိသော

www.burmeseclassic.com



ဝိညာဉ်ကောင် တစ္ဆေသရဲ နာနာဘာဝဟူသည်များသည် အဘယ်တွက်နှင့် အစားသောက်များကို စားသောက်နေကြပါသနည်း။ သည်လို သဘာဝကျကျ တွေးတော့လည်း အသားကင်စိုးသွားသော တစ္ဆေမဖြစ်နိုင်ချေ။ ကျွန်တော့်စိတ်က ထင်ယောင်မှားလေသလား။

ကျွန်တော် ဘာတစ်ခုကိုမှ မစဉ်းစားတတ်။ မဖြေတတ်တော့ပါ။ ယခု ကျွန်တော် ကြုံတွေ့လာခဲ့ရသော ''ဝနေတောမှ အသားစားတစ္ဆေကောင်'' နှင့်ပတ်သက်၍ရော သင်တို့ဘယ်လိုမှတ်ချက်ပေးကြမည်နည်း။

ကျွန်တော်ကတော့ အမှန်တကယ်ပင် ဘယ်လိုမှ မဆုံးဖြတ်တတ်တော့ပါ။

ချော်ရှင်ချမ်းမြေ့ပါစေ

အောင်နိုင်ဟိန်



www.burmeseclassic.com